ကြေးမုံ
The Mirror
Established in 1957
၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်၊ တနင်္လာနေ့၊ (22-12-2014) (၈၀၆၂)

## အေးစေ မြစေ မေတ္တာရေ

- နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- မေတ္တာရန့်၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နှယ်မဆုံး၊
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှုံမမုန်း၊
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပဉ္စမအကြိမ် ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေးတက်ရောက်ပြီး ပြန်လည်ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပခဲ့သည့် ပဉ္စမအကြိမ် ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ဗန်ကောက်မြို့ ဒွန်မောင်းလေဆိပ်မှ မြန်မာအမျိုးသားလေကြောင်း အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ပြန်လည်ထွက်ခွာကြရာ ထိုင်းနိုင်ငံစီးပွားရေးရာဝန်ကြီး ဗိုလ်ချုပ်ကြီး ချတ်ချိုင်း ဆာရိကလျာ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ ပစ္စနု၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းမောင်နှင့် သံရုံး၊ စစ်သံရုံးဝန်ထမ်းမိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် ဒွန်မောင်းလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ နေပြည်တော်သို့ ညနေ ၃ နာရီခွဲတွင် ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့အား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဦးညဏ်ထွန်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဦးသိန်းညွန့်၊ ဦးမောင်မြင့်၊ ဒေါက်တာသန်းအောင်၊ ဦးဝင်းရှိန်နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

နိုင်ငံတော်သမ္မတနှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးမောင်၊ ဦးခင်မောင်စိုး၊ ဒေါက်တာကံဇော်၊ ဦးကျော်လွင်၊ ဦးရဲထွဋ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦးနှင့် တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**




## အလုပ်သမားထုအတွက် အနည်းဆုံး အခကြေးငွေသတ်မှတ်ခြင်းကို သက်ဆိုင်ရာအလုပ်ရှင်နှင့် အလုပ်သမားများ သဘောတူညီချက်နှင့် ဆောင်ရွက်သွားရမှာဖြစ် တိုင်းဒေသကြီးနှင့် ပြည်နယ်များအထိဆင်းပြီး အချက်အလက်များ ကောက်ယူနေရခြင်းဖြစ်၍ အချိန်ဆွဲပြီး ဆောင်ရွက်နေသည်ဟု မမြင်မိကြဖို့လည်းလိုကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးပြောကြား

**နေပြည်တော် ဒီဇင်ဘာ ၂၁**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်သည် ၂၁-၁၂-၂၀၁၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)တွင် ကျင်းပသည့် အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် အလုပ်ရှင်များနှင့်တွေ့ဆုံပွဲ အခမ်းအနားတက်ရောက်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ချုပ် (ILO)ဆက်သွယ်ရေးအရာရှိ Mr. Steve Marshall၊ ဌာနဆိုင်ရာမှတာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမြင့်စိုး၊ ဒေါ်ခိုင်ခိုင်နွယ်နှင့် အလုပ်ရှင်များ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍

## ပဉ္စမအကြိမ် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေး၌ ပူးတွဲထုတ်ပြန်ချက် ကြေညာ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ အကြီးအကဲများ၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌနှင့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ တာဝန်ရှိသူများသည် ပဉ္စမအကြိမ် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးကို ဒီဇင်ဘာ ၂၀ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့ပြီး အဆိုပါထိပ်သီးအစည်းအဝေးက ပူးတွဲထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါထုတ်ပြန်ချက်တွင် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၌ အားလုံးပါဝင်နိုင်မှုနှင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ဆောင်ရွက်ရန် ကတိကဝတ်ပြုကြောင်း ဖော်ပြထားသည်။ **စာမျက်နှာ ၃ ကော်လံ ၅ သို့** ❖



အတွေးအမြင်

ကြေးမုံစာတည်းရှေ့ဆောင့် ၂၂-၁၂-၂၀၁၄၊ တနင်္လာနေ့

# စာဖတ်ခြင်းပွဲတော်

မိမိတို့နိုင်ငံတွင် စာမတတ်သူပပျောက်ရေးကို လွတ်လပ်ရေးရပြီး နောက်ပိုင်း အစပျိုးလုပ်ဆောင်ခဲ့သည်။ လွတ်လပ်ရေးရပြီးခါစမှာပင် ပေါ်ပေါက်လာခဲ့သော ပြည်တွင်းစစ်ကာလတွင် စာမတတ်သူပပျောက်ရေးလုပ်ဆောင်ချက်များမှာ ခရီးမရောက်ခဲ့ချေ။ ၁၉၆၄ ခုနှစ်ကာလမှစ၍ ထိုလုပ်ငန်းကိုအစပြု အရှိန်အဟုန်ရလာခဲ့သည်မှာ ယခုဆိုလျှင် တစ်နိုင်ငံလုံး သက်ကြီးစာတတ်မြောက်သူ ၉၅ ရာခိုင်နှုန်းကျော်သည်အထိမြင့်မားလာခဲ့သည်။

ယခုတစ်ဖန်စာတတ်ပြီးသူများစာဖတ်စေဖို့ တစ်နိုင်ငံလုံးတွင် စာကြည့်တိုက်များဖွင့်လှစ်ပေးလျက်ရှိရာ စာကြည့်တိုက် ငါးသောင်းငါးထောင်ကျော်သွားပြီ။ စာမတတ်သူပပျောက်ရေးမှ စာမဖတ်သူပပျောက်ရေးကို နည်းမျိုးစုံဖြင့် ဦးတည်လှုပ်ရှားခဲ့ရာ အလှူရှင်များစုံမှ ပါဝင်ဆောင်ရွက်လာကြသည်။ တစ်နိုင်ငံလုံးတွင် ကျေးရွာပေါင်းခြောက်သောင်းကျော်ရှိနေရာ နောက်ထပ် စာကြည့်တိုက်တစ်သောင်းနီးပါးဖွင့်လှစ်ဖို့ လိုအပ်နေပါသေးသည်။

စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံတော်နှင့်အတူအလှူရှင်များ ပူးပေါင်းပါဝင်ကြိုးပမ်းကြသလို တစ်ဖက်ကလည်း နယ်လှည့်စာကြည့်တိုက်များဖွင့်လှစ်ပေးလျက်ရှိရာ ကျေးလက်ဒေသထိ ကွင်းဆင်းဆောင်ရွက်ပေးနေကြသည်။ ဖွင့်လှစ်ထားရှိပြီး စာကြည့်တိုက်များပုံမှန်လည်ပတ်ရှင်သန်နိုင်ရေးအတွက်လည်း ဘက်ပေါင်းစုံမှ နည်းမျိုးစုံဖြင့် ကြိုးစားလျက်ရှိနေကြသလို လူစည်ကားရာအရပ်ဒေသများတွင် ခဏတာနားခိုချိန်မှာပင် စာဖတ်နိုင်စေဖို့ စာပေရေချမ်းစင်များဖန်တီးပေးလျက် စာဖတ်ရှိန်ကို မြှင့်တင်ပေးနေသည်။

“ပညာနှင့်တူသော အလင်းရောင်သည်မရှိ” ဟူသော မိန့်ကြားထားသည့်အတိုင်း စာပေဟူသည် လူသားအားလုံးအတွက် ဘဝကိုအလင်းပေးသော ရတနာများဖြစ်ပါသည်။ “အလိမ္မာစာမှာရှိ” ဆိုစကားအတိုင်း လူ့ဘဝမှာ တတ်သိလိမ္မာမှုဟူသမျှ စာပေတံခါးပေါက်မှတစ်ဆင့်ဝင်ရောက်ရှာဖွေရယူကြရမြဲဖြစ်ပါသည်။ စာပေမတတ်၊ မဖတ်၊ မမှတ်၊ မလေ့လာပါက မသွေးသောဓားလို သံချေးတက်အသုံးမဝင် လူရာမဝင်ဖြစ်နိုင်ပါသည်။ “ပညာရဲရင့် ပွဲလယ်တင့်” ဆိုသကဲ့သို့ အသုံးချတတ်သူအတွက် စာပေတန်ဖိုးအကျိုးကျေးဇူးကို ထိုက်ထိုက်တန်တန်ရရှိခံစားရယူနိုင်ပါသည်။

ပညာဒါနပြုကြသူများ မိမိတို့နိုင်ငံအဝန်းမှာ အများအပြားရှိနေကြသည်။ တချို့ဆိုလျှင် “ပညာလို အိုသည်မရှိ” ခံယူထားပြီး ဘဝ၏နောက်ဆုံးအချိန်ထိ ပညာအသိကို ဆည်းပူးလေ့လာမပျက် တက်တက်ကြွကြွရှိနေကြသည်။ ကိုယ်တိုင်လည်းလေ့လာဆည်းပူးကြသလိုအများကိုလည်း ပညာမျှဝေဒါနပြုနေကြသည်။ တတ်နိုင်သလောက်စာအုပ်စာပေလှူဒါန်းခြင်း၊ စာကြည့်တိုက်အဆောက်အအုံဆောက်လုပ်လှူဒါန်းခြင်းများပြုလုပ်လျက် ထာဝရကုသိုလ်ပြုနေကြသူများရှိသည်။

ယခုတစ်ဖန် စာဖတ်ခြင်းပွဲတော်များကို လမ်းပန်းဆက်သွယ်ရေးအဆင်ပြေသည့် မြို့များတွင် ကျင်းပလာကြသည်။ မြန်မာစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်း၊ စာချစ်သူများအဖွဲ့ရုပ်သံလိုင်းတို့ ပူးပေါင်းလျက် စာဖတ်ခြင်းအနုပညာပွဲတော်ရွေ့လျားခရီးစဉ်များကို မြို့ပြများတွင်ပြုလုပ်လာကြသည်။ ရည်ရွယ်ချက်မှာ စာပေဖတ်ရှုမှုတွင် ပိုမိုစိတ်ဝင်စားစေရန်နှင့် စာဖတ်ခြင်းကြောင့်အသိပညာဗဟုသုတတိုးပွားစေရန် စာပေပညာရှင်များက ဦးဆောင်လမ်းပြဆွေးနွေးဆောင်ရွက်သွားမည်ဟုသိရသည်။ ခြောက်သွေ့ရာသီဆောင်းကာလမှ စတင်၍ စာဖတ်သူတိုးပွားလာအောင်ဆောင်ရွက်သွားကြမည်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် သွားရေးလာရေးခက်ခဲနေသေးသည့် ကျေးရွာများရှိနေပါသေးသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာလည်း စာကြည့်တိုက်မရှိသော ကျေးလက်များအများအပြားရှိနေဆဲ၊ ဥပမာ ထန်းတပင်မြို့နယ် ဘောလယ်ကျွန်းအစွန်အဖျားက ရွာကလေးတစ်ရွာ၌ မူလွန်ကျောင်းရှိသည်။ စာသင်သားကလေးများဗဟုသုတတိုးပွားစရာ လေ့လာဖတ်ရှုဖို့စာကြည့်တိုက်မရှိ။ ဤဒေသ၏ အနာဂတ်အတွက်လည်း ထည့်သွင်းစဉ်းစားသင့်သည်။

မြို့ပြများတွင် စာဖတ်ဝိုင်းများ၊ စာကြည့်တိုက်များ၊ စာပေဟောပြောပွဲများ၊ မီဒီယာမျိုးစုံခြိမ့်ခြိမ့်သဲလျက်ရှိနေချိန် ကျေးရွာဒေသတချို့၏ စာပေအသိအလိမ္မာနှင့်ပတ်သက်၍ စာကြည့်တိုက်များမလုပ်နိုင်သေးလျှင်လည်း ကျောင်းများတွင် စာပေရေချမ်းစင်လေးများ ဖွင့်လှစ်ပေးသွားနိုင်လျှင် ကလေးများပညာရေးတွင် ကြီးစွာအထောက်အကူဖြစ်သွားစေမည်အမှန်ဖြစ်ပါသည်။ ဤလုပ်ဆောင်ချက်သည် ကျေးလက်ကျောင်းများအတွက် မြို့ပြများတွင် လုပ်ဆောင်လာနေသည့် စာဖတ်ခြင်းပွဲတော်တစ်မျိုးဟု ခိုင်းနှိုင်း၍ ရနိုင်ပါသည်။ ။

# ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများစစ်ဆေး၊ မဒဲကျွန်းနေဒေသခံပြည်သူများလိုအပ်ချက်များဖြည့်ဆည်း

**နေပြည်တော် ဒီဇင်ဘာ ၂၁**

စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် စီမံကိန်းအခြေအနေများ၊ ဒေသခံပြည်သူများ၏လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများ၊ လျှပ်စစ်မီးရရှိရေး စီမံဆောင်ရွက်နေမှုများအား ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ ရမ္မာဝတီခန်းမ၌ ဒေသဆိုင်ရာ အာဏာပိုင်များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များအားတွေ့ဆုံပွဲတွင် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဇေယျာအောင်က ရှင်းလင်းပြောကြားခဲ့သည်။

ထိုတွေ့ဆုံပွဲတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ကလည်း နိုင်ငံတော်မှ ပြည်သူဗဟိုပြုစနစ်ကို ကျင့်သုံးနေခြင်းဖြစ်၍ပြည်သူများမှ ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း၊ စီမံကိန်းများသည် နိုင်ငံတော်အတွက် အကျိုးရှိစေသည့်အပြင် ဒေသနေပြည်သူလူထုအနေဖြင့်လည်း အကျိုးရှိစေမှာဖြစ်ပါကြောင်း၊ ပြည်သူများလိုအပ်ချက်များကို အပြုသဘောဖြင့် အကြံပြုဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားခဲ့ပါသည်။ ထို့နောက် ဒုတိယဝန်ကြီးဦးအောင်ထူးက ကမ်းလွန် ရွှေသဘာဝဓာတ်ငွေ့ စီမံကိန်း ရှာဖွေတူးဖော် ထုတ်လုပ်ရေးဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ကမ်းလွန်ကုန်းတွင်း ထုတ်လုပ်ရေးစက်ပစ္စည်းနှင့်ပိုက်လိုင်းတပ်ဆင် တည်ဆောက်ခဲ့မှုအခြေအနေများ၊ အရှေ့တောင်အာရှရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်းဆောင်ရွက်ခဲ့မှုအခြေအနေ၊ ရေနံတင်ဆိပ်ကမ်းနှင့်ဆက်စပ်အဆောက်အအုံများ တည်ဆောက်ခဲ့မှုတွင် ပိုက်လိုင်းများ ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရန်ဆောင်ရွက်ထားမှု၊ ဘေးအန္တရာယ်ကင်းရှင်းရေး ခေတ်မီနည်းပညာများအသုံးပြုမှု၊ အရေးပေါ် အခြေအနေအတွက်လည်းထိန်းသိမ်းကာကွယ်ရန်ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှု၊ ရေနံယိုဖိတ်မှုမရှိစေရန်စစ်ဆေးဆောင်ရွက်မှုဖြစ်ပေါ်လာပါကလည်း ထိန်းသိမ်းကာကွယ်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရန်ဆောင်ရွက်ထားမှု အခြေအနေများအား ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် တက်ရောက်လာကြသော မြို့မိမြို့ဖများ၊ ဒေသဖွံ့ဖြိုးရေးအသင်းအဖွဲ့များ၏ ဆွေးနွေးမေးမြန်းချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ဒေဝူးအင်တာနေရှင်နယ် ကော်ပိုရေးရှင်းတို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကျောက်ဖြူမြို့ရှိ ရွှေသဘာဝဓာတ်ငွေ့လက်ခံဖြန့်ဖြူးရေးစခန်းသို့ ရောက်ရှိစစ်ဆေးပြီး မဒဲကျွန်းတွင် မကြာမီဖွင့်လှစ်တော့မည့် ရေနံတင်/ချဆိပ်ကမ်းနှင့်သိုလှောင်ကန်များအားစစ်ဆေးကြည့်ရှုခဲ့သည်။ ယင်းနောက်ဒေသနေပြည်သူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးကာ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ဆက်လက်၍ အရှေ့တောင်အာရှ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းကုမ္ပဏီမှ မဒဲကျွန်းနေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုပစ္စည်းများဖြစ်သော လျှပ်စစ်မီတာဘောက်စ် ၇၀၉ လုံးနှင့် တယ်လီဖုန်းဆက်သွယ်ရေးတာဝါတိုင် တပ်ဆင်ရေးတို့အတွက် အလှူငွေအမေရိကန်ဒေါ်လာ ၄၂၀၀၀၀ နှင့် ပညာရေးနှင့်ကျန်းမာရေးကဏ္ဍတို့အတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းစီတို့ကို ဒေသခံပြည်သူများအား လှူဒါန်းခဲ့ကြောင်းသိရသည်။

**(ကြေးမုံ)**



ရခိုင်ပြည်နယ် မဒဲကျွန်းတွင် မကြာမီဖွင့်လှစ်တော့မည့် ရေနံတင်/ချဆိပ်ကမ်းနှင့်သိုလှောင်ကန်များအား တွေ့ရစဉ်။ (စွမ်းအင်)



















ပြည်တွင်းရေးရာ



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စီပီကုမ္ပဏီဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**ဗန်ကောက် ဒီဇင်ဘာ ၂၁**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် စီပီကုမ္ပဏီမှ ဥက္ကဋ္ဌဖြစ်သူ မစ္စတာ ဒါနင်းချီရာဗာနွန်နှင့်အဖွဲ့အား ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ခေတ္တတည်းခိုသည့် Mandarin Oriental ဟိုတယ်ရှိ Embassy Room ၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးမောင်၊ ဦးအုန်းမြင့်၊ ဦးခင်မောင်စိုး၊ ဒေါက်တာကံဇော်၊ ဦးကျော်လွင်၊ ဦးရဲထွဋ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းမောင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

❖ ရှေ့ဖုံးမှ

ထို့ပြင် ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာအခြေအနေနှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရေးကိုလည်း ခေါင်းဆောင်များက အလေးထားဆွေးနွေးခဲ့ကြကြောင်း၊ အာရှဒေသအတွင်း ဒေသဆိုင်ရာနှင့်ဒေသခွဲဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်ခြင်းဖြင့် နိုင်ငံများအတွင်း ချိတ်ဆက်မှုနှင့် ပေါင်းစည်းမှုတို့ကို အရှိန်အဟုန်မြှင့်တင်နိုင်ခဲ့ကြပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် လက်ရှိအကောင်အထည်ဖော်လျက်ရှိသော အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) မူလစီမံကိန်း၏ အစီအစဉ် အများအပြားနှင့်အတူ အာဆီယံစီးပွားရေးအသိုက်အဝန်း အကောင်အထည်ဖော်ရေးဆီသို့ ဦးတည်ကာ တိုးတက်မှု ဆက်လက်ဖြစ်ပေါ်စေရေးအတွက် ကြိုးပမ်းလျက်ရှိကြောင်း ခေါင်းဆောင်များက အသိအမှတ်ပြုခဲ့ကြသည်။

အလားတူ အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား လွတ်လပ်သော ကုန်သွယ်ရေးဇုန် ထူထောင်ခြင်း အပါအဝင် အာဆီယံနှင့် ဒေသတွင်းနိုင်ငံများအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံမူဘောင်များကို တိုးတက်စေကာ နယ်စပ်ဖြတ်ကျော် အခွန်အကောက် လျှော့ချခြင်း၊ ကုန်စည်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း ဖော်ပြထားသည်။

မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး ပြီးခဲ့သည့်သုံးနှစ်က နေပြည်တော်၌ စတုတ္ထအကြိမ် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ ထိပ်သီးအစည်းအဝေးကျင်းပခဲ့ချိန်နောက်ပိုင်း ဒေသဆိုင်ရာ စီးပွားရေးတွင် မြန်မာနိုင်ငံ ပေါင်းစည်းပါဝင်ရန် လမ်းဖွင့်ပေးနိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မဟာမဲခေါင်ဒေသခွဲအတွင်း ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများကို ပေးစွမ်းနိုင်ခဲ့ပါကြောင်း၊ ဤပူးပေါင်းဆောင်ရွက်မှုသည် နယ်စပ်ဖြတ်ကျော်ချိတ်ဆက်မှု ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတို့အရ တိုးတက်စေမှု၊ တောက်ပသောအနာဂတ်ကို ဖန်တီးနိုင်မှုတို့အတွက် မြန်မာပြည်သူတို့သာကမ မဟာမဲခေါင်ဒေသခွဲ ပြည်သူများအတွက်ပါ အကျိုးဖြစ်ထွန်းစေပါကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

လွန်ခဲ့သည့် သုံးနှစ်တာကာလအတွင်း လုပ်ငန်းနယ်ပယ်ကဏ္ဍအလိုက် ရေရှည်စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်မှုသည် ရလဒ်ကောင်းများကို ပေါ်ထွန်းစေခဲ့ပါကြောင်း၊ အခြေခံအဆောက်အအုံအရ ချိတ်ဆက်နိုင်မှုအတွက် တိုးတက်အောင်မြင်မှုများကိုလည်း ဖြစ်ပေါ်စေခဲ့ပါကြောင်းနှင့် ထိုအောင်မြင်မှုများတွင် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) က အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြောင်း၊ အနာဂတ်တွင်လည်း အာရှဖွံ့ဖြိုးရေးဘဏ်နှင့် နိုင်ငံတကာမိတ်ဖက်များက ဆက်လက်ပါဝင်ကူညီရန် မျှော်လင့်ကြောင်း ဖော်ပြထားသည်။

ထို့အပြင် ဆဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးကို ၂၀၁၇ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပရန် သဘောတူခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းမိသားစုများ၊ ပညာတော်သင် ကျောင်းသားများအား တွေ့ဆုံအမှာစကားပြောကြား

**ဗန်ကောက် ဒီဇင်ဘာ ၂၁**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ဗန်ကောက်မြို့ရှိ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနေအိမ်၌ သံရုံးနှင့်စစ်သံရုံးတို့မှ ဝန်ထမ်းမိသားစုများ၊ ပညာတော်သင် ကျောင်းသားများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက သံရုံးနှင့် စစ်သံရုံးဝန်ထမ်းမိသားစုများ၊ ပညာတော်သင်ကျောင်းသား ကျောင်းသူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးဦးဝင်းမောင်နှင့်ဇနီးတို့က လည်းကောင်း၊ စစ်သံမှူး ဗိုလ်မှူးချုပ်ချစ်ဆွေနှင့် ဇနီးတို့က လည်းကောင်း၊ ပညာတော်သင် ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးက လည်းကောင်း အသီးသီးလက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား သံအမတ်ကြီးက နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနေအိမ်၌ သံရုံးနှင့်စစ်သံရုံးတို့မှ ဝန်ထမ်းမိသားစုများအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။**

(သတင်းစဉ်)






# ဟောင်ကောင်မှ ဘီလျံနာ ကောက် အဂတိလိုက်စားမှုတွင် အပြစ်ရှိဟုဆို



**ဟောင်ကောင် ဒီဇင်ဘာ ၂၁**

ဟောင်ကောင်၏ အကြီးမားဆုံး အဂတိလိုက်စားသည့်အမှုတွင် အိမ်ခြံမြေသူဌေးကြီး သောမတ်(စ်)ကောက်နှင့် အစိုးရအရာရှိဟောင်း ရာဖေးလ်ဟွေတို့တွင် အပြစ်ရှိကြောင်း ဘီဘီစီက ယနေ့ဖော်ပြသည်။

၎င်းသူဌေးကြီး၏ ညီငယ် ရေမွန်ကောက်ကို စွပ်စွဲချက်များနှင့် မသက်ဆိုင်ဟုဆို၍ အမှုမှ တရားသေလွှတ်လိုက်သည်။

ဘီလျံနာသူဌေးညီအစ်ကို နှစ်ဦးသည် ဟောင်ကောင်တွင် အကြီးဆုံး အိမ်ခြံမြေကန်ထရိုက်တာဖြစ်သည့် "ဆန်းဟွန်ကိုင်း အိမ်ခြံမြေကုမ္ပဏီ"၏ ဥက္ကဋ္ဌများဖြစ်ကြသည်။

၎င်းတို့နှစ်ဦးနှင့် အခြားသုံးဦးတို့သည် ၂၀၀၅ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်ကြားကာလများအတွင်း မြေရောင်းချခြင်းနှင့်ဆိုင်သော သတင်းအချက်အလက်များရရှိရေးအတွက် အလဲအလှယ်အဖြစ် တံစိုးလက်ဆောင်များ ပေးခဲ့သည်ဟု စွပ်စွဲထားသည်။

အဖွဲ့ဝင် ကိုးဦးပါ ဂျူရီအဖွဲ့က ငါးရက်ကြာ သေချာစွာ ဆွေးနွေးပြီးနောက် အခြားနှစ်ဦးကို ယင်းအမှု၌ ၎င်းတို့ပါဝင်မှုအတွက် စီရင်ချက်ချခဲ့သည်။

ကိုးလကျော်ကြာမြင့်ခဲ့သော ယင်းအမှုသည် ဟောင်ကောင်၏ အင်အားအကြီးမားဆုံး စီးပွားရေးလုပ်ငန်းရှင်များနှင့် အစိုးရအဖွဲ့အကြားရင်းနှီးစွာ ဆက်ဆံမှုရှိနေခြင်းကို အထင်အရှားဖော်ပြလျက်ရှိသည်။

ကောက်ညီနောင်သည် တစ်ဦးလျှင် ဒေါ်လာ ၁၀ ဘီလီယံစီ ချမ်းသာကြွယ်ဝပြီး အာရှ၏ အချမ်းသာဆုံးစာရင်းတွင် ပါဝင်သူများ ဖြစ်ကြသည်။

**ဘီဘီစီ။**

# ခရိုင်းမီးယားနှင့်ကုန်သွယ်မှု အိုဘားမား တားမြစ်ပိတ်ပင်

**ဝါရှင်တန် ဒီဇင်ဘာ ၂၁**

အမေရိကန်သမ္မတ ဘာရက်အိုဘားမားက ခရိုင်းမီးယားသို့ ကုန်စည်များ၊ နည်းပညာများနှင့် ဝန်ဆောင်မှုများ တင်ပို့ခြင်းမပြုလုပ်ရန် တားမြစ်သောအမိန့်ကို စနေနေ့တွင် ထုတ်ပြန်လိုက်ကြောင်း ဘီဘီစီက ဖော်ပြသည်။

အဆိုပါ အမိန့်တွင် ရုရှားနိုင်ငံသား၊ ယူကရိန်းနိုင်ငံသား တစ်သီးပုဂ္ဂလိကများနှင့် ကုမ္ပဏီများကို အသစ်ထပ်မံအရေးယူခြင်းများလည်း ပါဝင်သည်။

ယင်းသို့ ဆောင်ရွက်ခြင်းသည် မတ်လတွင် ခရိုင်းမီးယားအား ရုရှားနိုင်ငံအတွင်းသို့ သွတ်သွင်းခြင်းကို အမေရိကန်ပြည်ထောင်စုက မည်သည့်အခါမျှ လက်ခံမည်မဟုတ်ကြောင်း ပြသခြင်းဖြစ်သည်ဟု အိုဘားမားက ပြောသည်။

ယခုသီတင်းပတ် အစောပိုင်းတွင် ဥရောပသမဂ္ဂ(အီးယူ) သဘောတူညီခဲ့သည့်အလားတူနည်းလမ်းများသည်လည်းဒီဇင်ဘာ ၂၀ ရက်တွင် အာဏာသက်ဝင်မည်ဖြစ်သည်။ ဒီဇင်ဘာ ၁၉ ရက်နေ့တွင် ကနေဒါနိုင်ငံကလည်း ခရိုင်းမီးယားအပေါ် ၎င်း၏ကိုယ်ပိုင်အစီအစဉ်ဖြင့် အရေးယူမှုကို ထုတ်ပြန်ကြေညာခဲ့သည်။

ရုရှားက ခရိုင်းမီးယားကို ၎င်း၏ အချုပ်အခြာအာဏာအောက်ဆွဲယူခဲ့ပြီးနောက် ယူကရိန်းမှ ရုရှားလိုလားသော ခွဲထွက်ရေးသမားများသည် နိုင်ငံအရှေ့ပိုင်း ဒန်းတက်နှင့် လူဟန့်ဒေသများကို ထိန်းချုပ်ခဲ့ပြီးနောက်ပိုင်းတွင် လွတ်လပ်ရေးကြေညာခဲ့သည်။

၎င်း၏ ကြေညာချက်တွင် ကုန်စည်များ၊ နည်းပညာနှင့် ဝန်ဆောင်မှုများ တားမြစ်ခြင်းတို့အပြင် အမေရိကန်ပြည်သူတစ်ဦးချင်း သို့မဟုတ် ကုမ္ပဏီများသည် ခရိုင်းမီးယားမှ စီးပွားရေးလုပ်ငန်းများ သို့မဟုတ် အိမ်ခြံမြေများ သို့မဟုတ် ခရိုင်းမီးယားကုမ္ပဏီများကို ဝယ်ယူခွင့်ရှိမည်မဟုတ်ကြောင်း ဖော်ပြထားသည်။

**ဘီဘီစီ။**

# နယူးယောက်ရဲအဖွဲ့မှ အရာရှိနှစ်ဦးသတ်ဖြတ်ခံရမှု အမေရိကန်သမ္မတ အိုဘားမား ပြစ်တင်ပြောကြား

**ဝါရှင်တန် ဒီဇင်ဘာ ၂၁**

ဒီဇင်ဘာ ၂၀ ရက်တွင် ဖြစ်ပွားခဲ့သော သေနတ်သမားတစ်ဦးက နယူးယောက်မြို့ ရဲတပ်ဖွဲ့မှ အရာရှိနှစ်ဦးအား ပစ်ခတ်သတ်ဖြတ်ခဲ့ပြီး မိမိကိုယ်မိမိ သေနတ်ဖြင့် ပစ်ခတ်အဆုံးစီရင်ခဲ့မှုနှင့် ပတ်သက်၍ အမေရိကန်သမ္မတ ဘာရက်အိုဘားမားက ပြင်းထန်စွာ ဝေဖန်ပြောကြားခဲ့ကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အဆိုပါ ရဲအရာရှိနှစ်ဦးသည် ၎င်းတို့အား ချစ်ခင်မြတ်နိုးသူများထံ မပြန်နိုင်တော့ကြောင်း၊ ယင်းမှာ ပစ်ခတ်သူ၏ ကျိုးကြောင်းပြချက်မရှိသည့် အပြုအမူကြောင့်ဖြစ်ကြောင်း သမ္မတ အိုဘားမားက ပြောကြားသည်။

သေနတ်သမား၏ ပစ်ခတ်မှုကြောင့် သေဆုံးရသူ ရဲအရာရှိနှစ်ဦးမှာ နယူးယောက်မြို့ ဘရွတ်ကလင်းအရပ်တွင် ကင်းလှည့်တာဝန် ထမ်းဆောင်နေသူများဖြစ်ပြီး ၎င်းတို့၏ ရဲတပ်ဖွဲ့ဝင်ဝတ်စုံများကြောင့် ပစ်မှတ်ထားခံရခြင်းဖြစ်သည်ဟု နယူးယောက်မြို့မှ ရဲတပ်ဖွဲ့ အကြီးအကဲက ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုတွင် ဖာဂူဆန်မြို့၌ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်၍ တင်းမာမှုများ မြင့်တက်နေစဉ်အတွင်း အဆိုပါ ပစ်ခတ်မှုကို ကျူးလွန်ခဲ့သူက အွန်လိုင်းတွင် ရဲတပ်ဖွဲ့ဆန့်ကျင်ရေး သတင်းအချက်အလက်များ လွှင့်တင်ခဲ့သည်ဟု သတင်းတွင် ဖော်ပြသည်။

အိမ်ဖြူတော်က ဒီဇင်ဘာ ၂၁ ရက်တွင် ထုတ်ပြန်ခဲ့သော ကြေညာချက်၌ မိမိအနေဖြင့် နယူးယောက်မြို့မှ ရဲအရာရှိနှစ်ဦးအား သတ်ဖြတ်ခဲ့မှုနှင့် ပတ်သက်၍ အကြွင်းမဲ့ ပြစ်တင်ရှုတ်ချကြောင်း သမ္မတအိုဘားမားက ပြောကြားသည်။

ယင်းပစ်ခတ်သတ်ဖြတ်မှုကို ကျူးလွန်သူမှာ အသက် (၂၈)နှစ်အရွယ်ရှိသည့် အစ္စမိုင်ယယ်လ် ဘရင်စ်လီ အမည်ရှိသူ လူမည်းတစ်ဦးဖြစ်ပြီး သေဆုံး သွားသူ ရဲအရာရှိနှစ်ဦးမှာ လျူဝန်ဂျီးနှင့် ရာဖေးလ်ရာမို့စ် အမည်ရှိသူ အာရှ နွယ်ဖွားတစ်ဦးနှင့် စပိန်နွယ်ဖွား အမေရိကန်နိုင်ငံသားတို့ဖြစ်ကြ သည်။

**ဘီဘီစီ။**



# မလေးရှားနိုင်ငံ နယ်စပ်ဖြတ်ကျော်ပြည်ဝင်ခွင့် ကောက်ခံတော့မည်

**ဘာတူပါဟတ် ဒီဇင်ဘာ ၂၁**

စင်ကာပူနိုင်ငံမှ မလေးရှားနိုင်ငံ ဂျိုဟာဘာရူဒ်မြို့တော်သို့ဝင်ရောက်သည့် ပြည်ပယာဉ်ဝင်ခွင့် အသိအမှတ်ပြုထားသော မော်တော်ယာဉ်များအနေဖြင့် ပြည်ဝင်ခွင့်ပါမစ်အဖြစ် ရင်းဂစ် ၂၀ (စင်ကာပူဒေါ်လာ ၇ ဒသမ ၅၅) ကို လာမည့်နှစ်လယ်ပိုင်းမှစတင်ပြီး ပေးဆောင်ရမည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ယနေ့ဖော်ပြသည်။

မလေးရှားနိုင်ငံသည် ဂျိုဟာဘာရူဒ်မြို့တွင် နယ်စပ်ဖြတ်ကျော်ပြည်ဝင်ခွင့်ကောက်ခံခြင်းကို စတင်အကောင်အထည်ဖော်ပြီးသည်နှင့်တစ်ပြိုင်နက် ထိုင်းနှင့်ဘရူနိုင်းနိုင်ငံနယ်စပ်များတွင် အဆိုပါပြည်ဝင်ခွင့်ကောက်ခံမှုကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မလေးရှားပို့ဆောင်ရေး ဒုတိယဝန်ကြီးကပြောသည်။

'တကယ်ဆို ပြည်ဝင်ခွင့်ကောက်ခံမှုကို နောက်လဆန်းမှာစတင်ဖို့ရည်ရွယ်ထားတာပါ။ ဒါပေမယ့် နယ်စပ်ဖြတ်ကျော်ဂိတ်နှစ်ခုမှာ စက်တပ်ဆင်တာတွေ လုပ်နေရတော့ အချိန်နောက်ဆုတ်သွားတာပေါ့'ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ နယ်စပ်ဖြတ်ကျော်ဂိတ်များတွင် ပြည်ဝင်ခွင့်ကောက်ခံခြင်းသည် မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်၏ကြေညာချက်နှင့်အညီ လုပ်ဆောင်ရခြင်းဖြစ်ကြောင်း သိရသည်။

**စီအင်န်အေ။**

# အမေရိကန်က ဂွါတာနာမိုအကျဉ်းသားလေးဦး အာဖဂန်သို့ ပြန်ပို့

ဝါရှင်တန် ဒီဇင်ဘာ ၂၁

အမေရိကန်နိုင်ငံက ကျူးဘားနိုင်ငံ ဂွါတာနာမိုပင်လယ်အော်တွင် ထိန်းသိမ်းထားသည့် အာဖဂန်အကျဉ်းသားလေးဦးကို ဒီဇင်ဘာ ၂၀ ရက်တွင် အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က ပြောကြားပြီး ယင်းမှာ အိုဘားမားအစိုးရအနေဖြင့် အဆိုပါစစ်ဘက်အကျဉ်းထောင်ကို ပိတ်သိမ်းရန်နောက်ဆုံးလုပ်ရှားမှုတစ်ခုဖြစ်သည်။

အာဖဂန်သမ္မတ အရှက်ဖ် ဂါနီ၏ တောင်းဆိုမှုကြောင့် ထိန်းသိမ်းထားသည့် အာဖဂန်အကျဉ်းသားလေးဦးကို ဒီဇင်ဘာ ၁၉ ရက်နှောင်းပိုင်းတွင် ပြန်လည်လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ကြောင်းနှင့် အာဖဂန်အစိုးရသစ်ကို မိမိတို့ ယုံကြည်မှုရှိကြောင်း ပင်တဂွန်ထိပ်တန်းအရာရှိတစ်ဦးက ပြောကြားသည်။

အမေရိကန်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့သည် ဂွါတာနာမိုအကျဉ်းစခန်းတွင်ကျန်ရှိနေဆဲဖြစ်သည့် အာဖဂန်ရှစ်ဦးအရေးနှင့် ပတ်သက်၍ ပြန်လည်လွှဲပြောင်းပေးအပ်အရေးအတွက်ကိုမူ ဆွေးနွေးရခြင်းမရှိသေးကြောင်း အမည်မဖော်လိုသူ အဆိုပါအရာရှိက ပြောကြားသည်။

အိုဘားမားအစိုးရသည် ဂွါတာနာမိုတွင်ရှိသည့် အကျဉ်းသားဦးရေကို ယခုနှစ်တွင် သိသိသာသာလျှော့ချရန် ကြိုးပမ်းလျက်ရှိသလို သမ္မတ အိုဘားမားသည် အမေရိကန်ကွန်ဂရက်နှင့် အတိုက်အခံပြု၍ အဆိုပါအကျဉ်းစခန်းကို ပိတ်သိမ်းရန် ရည်ရွယ်ထားသည်။ ယခုနှစ်တွင် စုစုပေါင်း အကျဉ်းသား ၂၃ ဦးကို လွှဲပြောင်းပေးနိုင်ခဲ့ပြီး ၁၃၂ ဦး ကျန်ရှိနေဆဲဖြစ်သည်။ ကျန်ရှိနေဆဲ အကျဉ်းသားအချို့ကို ယခုနှစ်မကုန်မီ ထပ်မံလွှဲပြောင်းပေးနိုင်မည်ဟု မျှော်လင့်ရသည်။

ဂွါတာနာမိုအကျဉ်းသားများကို ယခုနှစ်အတွင်း လက်ခံခဲ့သည့်နိုင်ငံများမှာ ဥရုဂွေး၊ ဆလိုဗက်ကီးယား၊ ဂျော်ဂျီယာ၊ဆော်ဒီအာရေဗျ၊ အယ်လ်ဂျီးရီးယားနှင့် ကူဝိတ်နိုင်ငံတို့ဖြစ်ကြသည်။ ယခုလွှတ်လိုက်သည့် အာဖဂန်နိုင်ငံသားများမှာ မိုဟာမက် ဇာဟီရာ၊ အဗ္ဗဒူလာဂါနီ၊ ခီအလီဂူးလ်နှင့် ရှဝါလီခန်တို့ဖြစ်ကြသည်။ ၎င်းတို့လေးဦး၏ နောက်ကြောင်းရာဇဝင်များကို သေချာစွာစစ်ဆေးပြီး အနာဂတ်တွင် လုံခြုံရေးအတွက် တစ်စုံတစ်ရာခြိမ်းခြောက်နိုင်ဖွယ်မရှိဟု ယူဆသောကြောင့် လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ကြောင်း အဆိုပါအရာရှိက ဆက်လက်ပြောကြားသည်။

**ဝါရှင်တန်ပို့စ်။**

# ဆိုက်ဘာတိုက်ခိုက်မှုကိုကာကွယ်ရန် တရုတ်နိုင်ငံအား အမေရိကန်အကူအညီတောင်းခံ

**ဝါရှင်တန် ဒီဇင်ဘာ ၂၁**

နိုဝင်ဘာ ၂၄ရက်တွင် ဆိုနီရုပ်ရှင်လုပ်ငန်းအား ဆိုက်ဘာတိုက်ခိုက်မှုခံရပြီးနောက် အမေရိကန်နိုင်ငံက မြောက်ကိုရီးယား၏ ဆိုက်ဘာတိုက်ခိုက်မှုအန္တရာယ်ကို ခုခံကာကွယ်ရန် တရုတ်နိုင်ငံအား အကူအညီတောင်းခံခဲ့ကြောင်း အေအက်ဖ်ပီသတင်းတွင် ယနေ့ဖော်ပြသည်။

ယခုကဲ့သို့နှစ်နိုင်ငံပူးပေါင်းလုပ်ဆောင်ရန် တောင်းဆိုမှုသည် သမ္မတအိုဘားမားက မြောက်ကိုရီးယားနိုင်ငံ၏ ဆိုက်ဘာတိုက်ခိုက်မှုအပေါ် တန်ပြန်တုံ့ပြန်မှု၏ ကနဦးလုပ်ဆောင်ချက်တစ်ခုဖြစ်ကြောင်း အမေရိကန်အုပ်ချုပ်ရေးအရာရှိတစ်ဦးက သည်နယူးယောက်တိုင်းမ်သို့ပြောသည်။

တရုတ်နိုင်ငံအနေဖြင့် ဆိုက်ဘာနယ်ပယ်တွင် အဖျက်အမှောင့်ဆန်သော တိုက်ခိုက်မှုမျိုးကို လက်သင့်မခံသည့်အတွက် အမေရိကန်၏တောင်းဆိုချက်ကို လိုက်လျောခဲ့ခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။မြောက်ကိုရီးယားနိုင်ငံ၏ ဆက်သွယ်ရေးလိုင်းများသည် တရုတ်နိုင်ငံဆက်သွယ်ရေး ကွန်ရက်များမှတစ်ဆင့် သွယ်တန်းထားသည့်အတွက် တရုတ်နိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်ခြင်းသည် ဆိုက်ဘာတိုက်ခိုက်မှုကိုခုခံကာကွယ်ရန် များစွာအထောက်အကူပြုလိမ့်မည်ဖြစ်သည်။

အမေရိကန်နှင့်တရုတ်နိုင်ငံတို့သည် ယမန်နှစ်အတွင်း ဆိုက်ဘာလုံခြုံရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရန် အထူးဆွေးနွေးမှုများပြုလုပ်ခဲ့သည်။ သို့သော် ယခုနှစ်မေလတွင် တရုတ်စစ်အရာရှိ ငါးဦးအား အမေရိကန်နိုင်ငံ အယ်ကွာ အလူမီနီယမ်ကုမ္ပဏီနှင့် ယူအက်စ်စတီး ကော်ပိုရေးရှင်းတို့၏ ကုန်သွယ်ရေးလျှို့ဝှက်ချက်များကို ဆိုက်ဘာတိုက်ခိုက်ခဲ့သဖြင့် ၎င်းတို့အား အမေရိကန်တရားစီရင်ရေးဌာနမှ စွဲချက်တင်ခဲ့သည်။ ထိုအချိန်မှစ၍ နှစ်နိုင်ငံ ဆိုက်ဘာလုံခြုံရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု ရပ်ဆိုင်းခဲ့ရသည်။

သမ္မတအိုဘားမားအနေဖြင့် မြောက်ကိုရီးယားနိုင်ငံအား မည်သို့ပြန်လည်တုံ့ပြန်မည်ဆိုသည်ကိုမူ မသိရှိရသေးသော်လည်း တစ်နည်းနည်းဖြင့် ပြန်လည်တိုက်ခိုက်မည်ဖြစ်ကြောင်း ပြောကြားသည်။ **အေအက်ဖ်ပီ။**

# စားကြွင်းအမှိုက် သင့်ကို 'ခိုက်' မမိုက်သင့်တော့ပြီ

ကိုရင်ဩ

ကမ္ဘာကြီးသည် စားနပ်ရိက္ခာဖူလုံရေးအတွက် ရုန်းကန်လှုပ်ရှားနေရချိန်တွင် ကျွန်ုပ်တို့၏ ပြည်မြန်မာ အပါအဝင် နိုင်ငံတကာ၌ စားကြွင်းစားကျန် အမှိုက် ပြဿနာသည် မနိုင်မကန် ကြီးထွားနေဆဲဖြစ်လေ၏။

ကမ္ဘာတစ်လွှား၌ ထုတ်လုပ်လိုက်သော စားနပ်ရိက္ခာပမာဏ၏ ၃၀ မှ ၅၀ ရာခိုင်နှုန်း(တန်ချိန် ၁ ဒသမ ၂ မှ ၂ ဘီလီယံ)အထိကို အဟောသိကံစွန့်ပစ်လျက်ရှိသည်ဟု တောင်ကိုရီးယားပါမောက္ခတစ်ဦးက ကျွန်ုပ်တို့မြန်မာကိုယ်စားလှယ်အဖွဲ့ကို ပြောပြခဲ့ပါသည်။

စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ နှီးနှောဖလှယ်ပွဲများသို့ မြန်မာနိုင်ငံမှ မြို့တော်စည်ပင်သာယာရေး ကော်မတီများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့မှ အထက်တန်းတာဝန်ရှိသူများနှင့်အတူ သတင်းသမားတစ်ဦးအဖြစ် နိုဝင်ဘာလအတွင်းက တက်ရောက်လေ့လာခွင့်ရရှိခဲ့ပါသည်။

စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေးလုပ်ငန်းမှာ ကျယ်ပြန့်လှသည့် ဘာသာရပ်ဖြစ်ပြီး မိမိအနေဖြင့် မှတ်သားစရာ တောင်ပုံရာပုံ ရှိခဲ့ပါသည်။ စွန့်ပစ်ပစ္စည်း(ဝါ)စည်ပင်သာယာအမှိုက်သရိုက်ပြဿနာများမှာ ပုံစံအမျိုးမျိုးနှင့် ဂယက်ရိုက်ခတ်ပုံအပြားပြား ရှိနိုင်ပုံကို အထူးပင်မှတ်သားရလေသည်။

အမှိုက်သရိုက်ပြဿနာများအနက် ပြဿနာတစ်ရပ်မှာ စားကြွင်းစားကျန်အမှိုက်သရိုက်နှင့် သက်ဆိုင်ပါသည်။ နိစ္စဓူဝလူနေမှုဘဝတွင် အခါမလင့်ကြုံတွေ့နေရသောပြဿနာဟုလည်း ဆိုနိုင်ပါသည်။

စားကြွင်းစားကျန်အမှိုက်ပြဿနာမှာ တောင်ကိုရီးယားနိုင်ငံ၌သာမဟုတ် ကျွန်ုပ်တို့၏ ပြည်မြန်မာ၌လည်း ဖိစီးရိုက်ခတ်နေသော ဘေးဥပဒ်ဖြစ်ပါသည်။

တောင်ကိုရီးယားနိုင်ငံသည် စားကြွင်းစားကျန်အမှိုက်(ဝါ)စားသောက်ကုန် အမှိုက်ပြဿနာကို ထိရောက်စွာ ဖြေရှင်းနိုင်စေရန် ကြိုးပမ်းလျက်ရှိလေသည်။

စားကြွင်းစားကျန်အမှိုက်ပြဿနာကို အဖြေရှာရာတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအပေါ် အခြေခံ၍ နည်းလမ်းများစွာရှိသည်ဟု တွေးဆမိပါသည်။ မည်သို့ပင်ဆိုစေကာမူ လူ့ပယောဂကြောင့် ဖြစ်ပေါ်လာရသည့် ပြဿနာဖြစ်ခြင်းကြောင့် နိုင်ငံတိုင်းက ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဖြေရှင်းရပေလိမ့်မည်။ မြန်မာနိုင်ငံတွင်လည်း စည်ပင်သာယာနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတာဝန်ရှိသူများက အားကြိုးမာန်တက်ကိုင်တွယ်ဆောင်ရွက်လျက်ရှိလေသည်။

စားကြွင်းအမှိုက်တိုက်ဖျက်ရေးဆိုင်ရာ မဟာဗျူဟာများနှင့် နည်းဗျူဟာများရှိသည်ဟု လေ့လာမှတ်သားမိပါသည်။ စားနပ်ရိက္ခာဘဏ်(Food Bank) ထူထောင်ခြင်း၊ သဘာဝမြေဩဇာပြုလုပ်ခြင်း(Composting)၊ စားကြွင်းစားကျန်မှ တိရစ္ဆာန်အစာထုတ်လုပ်ခြင်း၊ စားကြွင်းအမှိုက်မှ အရင်းအမြစ်အဖြစ်သို့ပြောင်းလဲခြင်း စသည့် နည်းလမ်းများရှိပါသည်။ ကျွန်ုပ်မသိသေးသော နည်းလမ်းကောင်းများလည်း ရှိနိုင်ပါသေးသည်။



စားကြွင်းအမှိုက်ကို အမှိုက်အဆင့်အတန်းမှ လျှော့ချရာတွင် ခေတ်မီနည်းလမ်းကောင်းများလည်း ရှိပါသည်။ စားကြွင်းအမှိုက်ကို အရင်းအမြစ်တစ်ခုအဖြစ်သို့ ပြောင်းလဲနိုင်ရန် တောင်ကိုရီးယားနိုင်ငံရှိ ကုမ္ပဏီများက ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ ပြည်သူများအကျိုးရှိရာရှိကြောင်း ဝန်ဆောင်မှုလုပ်ငန်းဖြစ်သဖြင့် နိုင်ငံအတွက်အရေးကြီးပါသည်။

စုံစီနဖာမှသည် ကုန်မျိုးစုံအထိဖြစ်သော အရောင်းဆိုင်များ၊ စားသောက်ဆိုင်များနှင့် စားဖိုများသည် အမှိုက်ပေါ်ထွက်ရာနေရာ ဖြစ်ပါသည်။ ဇာစ်မြစ်လျှော့ချရေးမဟာဗျူဟာအရ အမှိုက်လျှော့ချရေးအတွက် ဈေးဆိုင်များ၊ စတိုးဆိုင်များ၊ ကုန်တိုက်ကြီးများက ဥပဒေနှင့်အညီ တာဝန်ယူမှုရှိကြကြောင်း တောင်ကိုရီးယားသို့ရောက်ရှိစဉ် မှတ်သားမိပါသည်။

အော်ဂဲနစ် အမှိုက်များကို အရင်းအမြစ်အဖြစ်သို့ ပြောင်းလဲစေနိုင်ပါသည်။ အော်ဂဲနစ်တစ်ကျော့ပြန်ထုတ်လုပ်မှုပြုလုပ်နိုင်ရန် မြို့ပြဒေသများ၌ အော်ဂဲနစ်ပစ္စည်းများကို စုဆောင်းရယူကာ စက်ရုံသို့ ပို့ဆောင်ပြီး တစ်ကျော့ပြန်ထုတ်လုပ်နိုင်ပါသည်။

စူပါမားကက်(ဝါ)ကုန်ပဒေသာဈေးခင်းကြီးများ၌ ရောင်းမစွံနှင့် သတ်မှတ်သက်တမ်းလွန် သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များ ပေါ်ထွက်လေ့ရှိပါသည်။ ယင်းတို့ကို စုဆောင်းရယူကာ အော်ဂဲနစ်ပစ္စည်းအဖြစ်သို့ ပြောင်းလဲထုတ်လုပ်နိုင်ပါသည်။

တောင်ကိုရီးယား၌ ထူးခြားစွာ မှတ်သားမိသော ဝေါဟာရတစ်လုံးမှာ 'တာဝန်ယူမှုရှိသောစားသုံးသူပုံစံ' (Responsible Consumers Pattern) ဟူ၍ဖြစ်သည်။ လူမှုရေးအမြင်အရလည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမြင်အရလည်းကောင်း စားသုံးသူများကိုယ်တိုင် တာဝန်သိသင့်သော လူနေမှုပုံစံဟုဆိုနိုင်ပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစံနှုန်းများကို အတိအကျလိုက်နာသည့် ကုမ္ပဏီများ(ဝါ)စီးပွားရေးလုပ်ငန်းများက ထုတ်လုပ်သော ထုတ်ကုန်များကိုသာ ဝယ်ယူစားသုံးသူအဖြစ် ခံယူသော သဘောတရားဖြစ်ပါသည်။

ကျွန်ုပ်တို့၏မိခင် 'သဘာဝ' ကို စောင့်ရှောက်လိုသော ဆန္ဒမွန်ဖြင့် ပတ်ဝန်းကျင်မပျက် ခရီးဆက်နေသော ထုတ်ကုန်များနှင့် ထွက်ကုန်များကိုသာ စားသုံးသူတို့က အလေးအမြတ်ပြုလျက်ရှိကြပါသည်။

ဤတွင် ကျွန်ုပ်တွေးမိသည်မှာ အရမ်းကာရောဝယ်ယူသုံးစွဲတတ်သည့်အကျင့်ဆိုးများ ညစ်ထေးမှုမှကာကွယ်ရန်မှာ စားသုံးသူအားလုံး၏တာဝန် ဖြစ်သင့်သည်ဟူ၍ ဖြစ်သည်။

ဒုတိယမြောက် ကျွန်ုပ်မှတ်သားမိသော ဝေါဟာရတစ်လုံးမှာ 'ရေရှည်စဉ်ဆက်မပြတ် သုံးစွဲမှုပုံစံ' (Sustainable Consumption Pattern) ဟူ၍ဖြစ်ပါသည်။ ဤသည်ကား သဘာဝပတ်ဝန်းကျင်မပျက် သုံးစွဲမှုပုံစံဟူ၍နားလည်မိပါသည်။ လူသားတစ်ဦးအဖြစ် ရပ်တည်နိုင်သည့် အာဟာရအဆင့်ကိုသာ မှီဝဲသုံးဆောင်ပြီး ဇိမ်ခံမစားသင့်ပါ။ ထို့ထက်တိုး၍ဆိုသော် 'အသုံး' နှင့် 'အဖြုန်း' ကို ပိုင်းခြားနားလည်ရန် လိုအပ်ပါသည်။ စားသုံးသူများကိုယ်တိုင် ကျင့်ကြံရမည့် စနစ်ကောင်းဖြစ်ပါသည်။ အဖြုန်းမရှိ အသုံးသိခြင်းသည် အဓိပ္ပာယ်ရှိသည့် လူသားတစ်ဦး၏ ဂုဏ်ဒြပ်ကို ညွှန်းဆိုပါသည်။ အကန့်အသတ်ဖြင့်သာရှိသော အရင်းအမြစ်များကို ချွေချွေတာတာသုံးစွဲမှသာ လူသားဆန်ပေလိမ့်မည်။

စားကြွင်းအမှိုက်ပြဿနာနှင့်စပ်လျဉ်း၍ ကျွန်ုပ်တွေးမိသည်မှာ ပြည်သူများကိုယ်တိုင် တာဝန်ယူမှုရှိခြင်း ဖြစ်ပါသည်။

ရေရှည်စဉ်ဆက်မပြတ် ရလဒ်ကောင်းများ ပေါ်ထွက်စေရေးအတွက် ကျွန်ုပ်အပါအဝင် စားသုံးသူများအားလုံး အနာဂတ်ကိုရည်မြော်၍ စားသုံးရမည်ဖြစ်ပါသည်။ အနာဂတ်မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့ အရင်းအမြစ်များအား ချွေတာခြင်းသည် သာယာဝပြောသောလောကလူ့ဘောင်ကို ထူထောင်ခြင်းမည်၏။

ငယ်စဉ်ကမှတ်သားဖူးသည့် ဝေါဟာရများကလည်း ကျွန်ုပ်၏စိတ်တွင် ကွန့်မြူးနေသည်။ 'လျှာတာအကုန်စား စူဇကာပုဏ္ဏား'၊ 'ဖွက်ထား ကြွက်စား၊ ချန်ထားရန်များ' စသည့် ဝေါဟာရများကို ပြန်လည်ကြားယောင်နေမိပါသည်။

ရာသီဥတုဆိုင်ရာစိန်ခေါ်ချက် ကြီးမားလှသည့် မျက်မှောက်၌ 'ကာဗွန်ဓာတ်နည်းစေသည့် ထုတ်ကုန်များ' (Low-carbon products) ဖြစ်စေရန် အရေးကြီးလှသည်။ 'ကာဗွန်ဓာတ်တိုးစေမည့် သုံးစွဲမှုပုံစံ' (Hight-carbon consumption pattern)ကို လူသားတို့ ရှောင်ရှားသင့်ပါသည်။

စားကြွင်းအမှိုက် အထွက်ဆုံးမှာ မိသားစုနေအိမ်များ၊ စားသောက်ဆိုင်များနှင့် စားဖိုများဖြစ်ကြသည်။ တစ်နေ့တာ စားသုံးနိုင်မည့်ပမာဏကိုသာ ချင့်ချိန်တွက်ချက် ချက်ပြုတ်ရန်လိုပါသည်။ ပိုလျှံကလည်း ရေခဲသေတ္တာ၌ထည့်ကာ နောက်ရက် ဆက်စားသင့်ပါသည်။ စားကြွင်းအမှိုက် မထွက်ရေးအတွက် စားသုံးသူများက တာဝန်ယူကြရပါမည်။ ဈေးဝယ်ရာတွင် အပြစ်အနာအဆာကင်း သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကိုသာ ဝယ်ယူလိုသည့် စိတ်မှာလည်း အမှိုက်တိုးမှုကို အားပေးပါသည်။ အပွန်းအပဲ့နေရာကိုသာ စွန့်ပစ်၍ စားသုံးကောင်းသည့်အပိုင်းကို စားသုံးသင့်ကြပါသည်။

အမှိုက်များများပစ်သူကို အမှိုက်စွန့်ပစ်ခ ပိုမိုပေးစေသည့် စနစ်မှာ အထူးကောင်းမွန်ပါသည်။ စည်းကမ်းမဲ့ အမှိုက်ပစ်သူကိုလည်း ဒဏ်ငွေရိုက်သင့်ပါသည်။တောင်ကိုရီးယား၌ စည်းကမ်းမဲ့အမှိုက်ပစ်သူများကို ဖမ်းဆီးနိုင်ရန် စီစီတီဗွီကင်မရာများ တပ်ဆင်ထားပါသည်။

ဤဆောင်းပါးရေးသားစဉ်တွင် ကျွန်ုပ်၏ မြန်မာစာဆရာမတစ်ဦးက ပို့ချခဲ့သော သင်ခန်းစာကို ကြားယောင်မိပါသည်။ ယင်းမှာ ကောင်းမှုတော်စေတီဒါယကာ သာလွန်မင်းတရားကြီးက ဆင်းရဲသူမကို ဆုံးမခန်းဖြစ်ပါသည်။ ထမင်းရည်ကို စွန့်ပစ်ခြင်းနှင့် ပတ်သက်၍ ဆုံးမဩဝါဒပေးခြင်းဖြစ်ပါသည်။

စားကြွင်းအမှိုက်သည် သဘာဝနှင့်လူမှုဝန်းကျင်ကို ထိခိုက်စေနိုင်၏။ စည်းကမ်းမဲ့ ပစ်သူသည် မိုက်မဲပြီး အမြော်အမြင်မဲ့သူဖြစ်သဖြင့် ၎င်းကို ဗာလာနံ လူမိုက်ဟု သမုတ်အပ်၏။ 'စီးတဲ့ရေ ဆည်တဲ့ကန်သင်း'၊ 'ဥစ္စာဖြို စားဖိုက' စသည့် ဆိုရိုးစကားများကို ကြားယောင်မိပါသည်။ စားကြွင်းအမှိုက်သည် မိသားစုကျန်းမာရေးနှင့် ဝင်ငွေကိုသာမက နိုင်ငံတော်ကိုပါ ထိခိုက်စေနိုင်ခြင်းကြောင့် မိုက်မဲသည့်လုပ်ရပ်များကို ရှောင်ရှားသင့်လှသည်ဟု သင်ခန်းစာရမိပါသည်။ ။

FAIR & SQUARE Travels and Tours Co.,Ltd.
Tel : 01 377688, 01 245995, 09 7300 2211, 09 7300 5511

EXAM GUIDE

Microsoft Excel ကို Specialist တစ်ယောက်လို
Microsoft Excel နဲ့ Specialist တစ်ယောက်လို
Database System
Microsoft Excel နဲ့ Specialist တစ်ယောက်လို
Template နဲ့ Automatic System
Microsoft Excel Specialist Version 2 Training
Opening Date : 3rd January 2015
GlobalLink

# ဆေးပညာသတင်းဆန်းများ(၈၃)

**ဒေါက်တာကံညွန့်**

သိပ္ပံပညာမှာ Hybrid ဆိုတဲ့စကားနဲ့ ပစ္စည်းတွေ ထုတ်လုပ်ပြီး ခေတ်စားလာတာ အတော်ကြာနေပါပြီ။ Hybrid ဆိုတာ မျိုးမတူတဲ့အရာနှစ်ခု၊ ပေါင်းစပ်ထုတ်လုပ်တဲ့ ပစ္စည်းလို့ခေါ်တာပါ။ မော်တော်ကားမှာလဲ Hybrid ဆိုတာ ဓာတ်ဆီနှင့် ဘတ်ထရီနှစ်မျိုးသုံးနိုင်တဲ့ ကားကို ခေါ်တာပါ။ အခုလည်း Hybrid နည်းနဲ့ ထုတ်လုပ်လိုက်တဲ့ နားကြားကိရိယာဟာ နားလေးနေသူတွေအတွက် အလွန်အကျိုးရှိတဲ့ ပစ္စည်းဖြစ်နေပါတယ်။ ဒီပစ္စည်းကိုတော့ အမေရိကန်နိုင်ငံ Augusta မြို့ Georgia Regnets Medical Centre နားရောဂါဌာနကတီထွင်ထုတ်လုပ်ခဲ့တာဖြစ်ပါတယ်။ သူတို့ဟာ Hearing Aid နဲ့ Cochlear Implant နှစ်မျိုးကို ပေါင်းစပ်ပြီး ထုတ်လုပ်ခဲ့တာဖြစ်ပါတယ်။ ယခင်က အသက်အရွယ်ကြီးရင့်ပြီး နားအတွင်းပိုင်းမှာရှိတဲ့ အာရုံခံအစိတ်အပိုင်းဖြစ်တဲ့ Cochlea ခေါ်တဲ့ Inner Ear ချွတ်ယွင်းတဲ့ ရောဂါမှာ Cochlea Implant ကိုပဲ အစားထိုးခွဲစိတ်ကုသပေးခဲ့ကြတာဖြစ်ပါတယ်။ ယခုအခါ Hybrid Hearing Aid ပေါ်လာတဲ့အတွက် နားလေးရောဂါခံစားနေရသူ သက်ကြီးရွယ်အိုတွေအတွက် ပုံမှန်အကြားအာရုံမျိုးရရှိနိုင်တော့မယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

ဆေးပညာတိုးတက်မှုမှာ အမေရိကန်နိုင်ငံဟာ ထိပ်ဆုံးကနိုင်ငံတစ်ခုပါ။ ဒါပေမယ့် နိုင်ငံရပ်ခြားကို ခရီးထွက်ပြီး ဆေးကုသမှုခံယူနေကြတဲ့ အမေရိကန်နိုင်ငံသားတွေက တစ်နှစ်ထက်တစ်နှစ် များပြားလာတယ်လို့ ဆိုပါတယ်။ ၂၀၁၃ ခုနှစ်က ခုနစ်သိန်းငါးသောင်းကျော်ရှိခဲ့ပေမယ့် ယခု ၂၀၁၄ ခုနှစ်မှာတော့ တစ်သန်းကျော်ရှိလိမ့်မယ်လို့ဆိုပါတယ်။ ဒါဟာ ဘာကြောင့်လဲဆိုရင် ခွဲစိတ်ကုသမှုတစ်ခုရဲ့ ကုန်ကျစရိတ်ဟာ အမေရိကန်နိုင်ငံဟာ တခြားနိုင်ငံတွေထက် စရိတ်ကြီးမြင့်မှုကြောင့်လို့ သိရပါတယ်။ ဥပမာအနေဖြင့် Heart Bypass လို့ခေါ်တဲ့ နှလုံးသွေးကြောကျဉ်းရောဂါကို ခွဲစိတ်ကုသခြင်းဟာ အမေရိကန်နိုင်ငံမှာ USD 88000 ကုန်ကျမှာဖြစ်ပြီး စင်ကာပူနိုင်ငံမှာ ၅၄၅၀၀၊ ယိုးဒယားနိုင်ငံမှာ ၂၃၀၀၀ နှင့် အိန္ဒိယနိုင်ငံမှာ ၁၄၄၀၀ သာ ကုန်ကျမှာဖြစ်ပါတယ်။ ဒီလိုပဲ ဒူးခေါင်းရိုးအစားထိုးခွဲစိတ်ကုသမှု (Knee Replacement Suregery)ဟာ US မှာ ၃၄၀၀၀၊ စင်ကာပူမှာ ၁၉၂၀၀၊ ယိုးဒယားမှာ ၁၁၅၀၀ နှင့် အိန္ဒိယနိုင်ငံမှာ ၇၅၀၀ သာကုန်ကျမှာဖြစ်ပါတယ်။ နိုင်ငံရပ်ခြားသွားပြီး ဆေးကုသကြတဲ့ ရောဂါတွေမှာ သွားရောဂါဟာထိပ်တန်းကပါဝင်ပြီး ဦးရေအားဖြင့် ၁/၃ ခန့်ရှိတယ်လို့ ဆိုပါတယ်။ နောက်ပြီးမှ နှလုံးသွေးကြော ခွဲစိတ်ကုသမှု၊ အစာအိမ်ရောဂါခွဲစိတ်ကုသမှုတို့က ၂၉ ရာခိုင်နှုန်းခန့်ရှိပြီး အလှပြုပြင်ခွဲစိတ်ကုသမှု (Cosmetic Suregery) က ၁၃ ရာခိုင်နှုန်းခန့်ရှိပြီး အရိုးအစားထိုးခွဲစိတ်မှုက ခုနစ်ရာခိုင်နှုန်းခန့်ရှိတယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်ကတော့ ရင်သားကင်ဆာခံစားနေရတဲ့ အမျိုးသမီးတွေဟာ Soybean လို့ခေါ်တဲ့ စားတော်ပဲကို မစားသုံးသင့်ဘူးလို့ အမေရိကန်နိုင်ငံက ဆေးသုတေသီတစ်စုက ဖော်ပြလိုက်ပါတယ်။ ဒီသုတေသီတွေကတော့ နယူးယောက်မြို့ Memorial Sloane Kettering Cancer Centre က ဖြစ်ပါတယ်။ ယခင်က အာရှနိုင်ငံတချို့မှာ ဒီလိုပဲ စားသုံးတာဟာ ကင်ဆာရောဂါကို ကာကွယ်နိုင်တယ်လို့ ယူဆပြီး ပဲများများစားသုံးခဲ့ကြပါတယ်။ ဒီပဲဟာ ရင်သားကင်ဆာမဖြစ်သေးတဲ့လူတွေအတွက် အာဟာရဖြစ်စေတာမှန်ပေမယ့် ရင်သားကင်ဆာနှင့်ပတ်သက်ပြီး ဘယ်လိုသက်ရောက်မှုရှိသလဲဆိုတာ စမ်းသပ်ခြင်း မရှိခဲ့ဖူးလို့ ဆိုပါတယ်။ ဒီ Soybean မှာပါတဲ့ Phyto estrogne ဆိုတဲ့ ဓာတ်ပစ္စည်းဟာ Estrogean Hormone နှင့် သဏ္ဌာန်တူပြီး ဒီဟော်မုန်းရဲ့အာနိသင်မျိုးအနည်းငယ်ရှိတာကို တွေ့ရတယ်လို့ဆိုပါတယ်။ ဒီ Estrogen ဟော်မုန်းဟာ ရင်သားကင်ဆာဖြစ်နေတဲ့ အမျိုးသမီးအတွက် ရင်သားကင်ဆာကိုပိုမိုကြီးထွားစေတာကြောင့် အသက်ငယ်ပြီး ရင်သားကင်ဆာခွဲစိတ်ခံထားရသူ အမျိုးသမီးတွေမှာ ဒီဟော်မုန်းကိုထိန်းဖို့ Anti-estrogen ဆေးအဖြစ် Tamoxifen ဆိုတဲ့ဆေးမျိုးကိုတောင် ပေးထားရတာလို့ ဆိုပါတယ်။ ရင်သားကင်ဆာအမျိုးအစားဟာ Estrogen-Receptor Positive အမျိုးအစားဆိုရင် ဒီဟော်မုန်းဟာ ကင်ဆာကြီးထွားမှုကို ပိုမြန်စေတယ်လို့ဆိုပါတယ်။ ဒါကြောင့် ရင်သားကင်ဆာဖြစ်တယ်လို့ဆိုတာနဲ့ Soybean စားခြင်းက ရှောင်ကြဉ်ကြဖို့တိုက်တွန်းထားတာကို တင်ပြလိုက်ရပါတယ်။

အသက်ကြီးလာရင်ဖြစ်တတ်တဲ့ Knee Osteoarthritis ခေါ်တဲ့ ဒူးခေါင်းရိုးအဆစ်ရောင်ရောဂါဟာ နေ့စဉ်လမ်းလျှောက်ပေးခြင်းဖြင့် အတော်အတန်ကာကွယ်နိုင်တဲ့ရောဂါလို့ ဆိုပါတယ်။ ဒီအကြောင်းကို Arthritis Care and Research ဂျာနယ်မှာဖော်ပြထားတာပါ။ ယင်းဂျာနယ်မှာဖော်ပြထားတာကတော့ အရွယ်ရောက်ပြီးသူပေါင်း ၁၈၀၀ ကို လေ့လာထားချက်ပါ။ ဒီလူတွေထဲမှာ အဆစ်ရောင်ရောဂါဖြစ်စပြုနေသူနှင့် ဖြစ်နိုင်ခြေရှိသူတွေ ပါပါတယ်။ သူတို့လေ့လာချက်အရ တစ်နေ့မှာ ခြေလှမ်း ၁၀၀၀ လမ်းလျှောက်သူတွေဟာ ရောဂါဖြစ်နိုင်ခြေ ၁၇ ရာခိုင်နှုန်းကျဆင်းသွားနိုင်တယ်လို့ဆိုပါတယ်။ ဒီထက်ပိုပြီး ခြေလှမ်း ၆၀၀၀၊ နာရီအားဖြင့် တစ်နေ့မှာ တစ်နာရီခန့်လမ်းလျှောက်သူတွေဟာ ရောဂါဖြစ်နိုင်ချေအလွန်နည်းသွားနိုင်တယ်လို့ ဆိုပါတယ်။ ဒါကြောင့် အတော်အတန်ခရီးကိုကားဖြင့်သွားလာခြင်းမပြုဘဲ လမ်းလျှောက်ခြင်းဟာ Knee-Osteoarthritis ခေါ်တဲ့ ဒူးဆစ်ရောင်ရောဂါကို ကာကွယ်နိုင်ကြောင်း တင်ပြလိုက်ရပါတယ်။

အရက်သောက်ခြင်းဟာ အန္တရာယ်ဖြစ်နိုင်တယ်ဆိုတာ အားလုံးအသိပါ။ ဒါပေမယ့် လူတစ်ယောက်တစ်နေ့မှာ အရက်ဘယ်လောက်ထက် ပိုမသောက်သင့်ဘူးဆိုတဲ့ အချက်မှာ နိုင်ငံအလိုက်ကွဲပြားနေပါတယ်။ ဥပမာ ဩစတြေးလျနိုင်ငံမှာ အရက် ၂၀ ဂရမ်ထက်ပိုမသောက်သင့်ဘူးလို့ သတ်မှတ်ထားပေမယ့် နယူးဇီလန်နိုင်ငံမှာတော့ ၃၀ ဂရမ်ထက် ပိုမသောက်သင့်ဘူးလို့ သတ်မှတ်ထားပါတယ်။ ဒီလိုပဲ စပိန်နိုင်ငံမှာတော့ ၇၀ ဂရမ်ထက် မပိုသင့်ဘူးလို့ သတ်မှတ်ထားပြန်ပါတယ်။ ရုရှားနိုင်ငံကဆို ဒီထက်တောင်ပိုနိုင်တယ်လို့ ဆိုပါတယ်။ ဒါဘာကြောင့်ပါလဲ ကမ္ဘာတစ်ဝန်းလုံးက ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဖက်ဒရေးရှင်းအဖွဲ့ကြီး (World Federation of Public Health Association) ရဲ့ ဒုဥက္ကဋ္ဌဖြစ်သူ Dr. Michael Moore ရဲ့အဖြေကတော့ ဒါဟာအရပ်ဒေသတစ်ခုစီရဲ့ ယဉ်ကျေးမှု၊ အလေ့အထ၊ လူမျိုးတစ်ခုစီရဲ့ မျိုးရိုးဗီဇခံနိုင်ရည်ရှိမှုတွေနဲ့ သက်ဆိုင်တယ်လို့ ဆိုပါတယ်။ ဥပမာအနေနှင့် အမေရိကန်နိုင်ငံမှာ အဝလွန်တာကိုပြဿနာအနေနဲ့ အလေးထားကြပေမယ့် အာဖရိကနိုင်ငံတွေမှာ အဝလွန်ခြင်းဟာ ပြဿနာ မဟုတ်သလိုဖြစ်နေတယ်လို့ ဆိုပါတယ်။ ဒါကြောင့် လူမျိုးတစ်မျိုး သို့မဟုတ် လူတစ်ဦးစီရဲ့ခံနိုင်ရည်ရှိမှု အပေါ်မှာလည်းထည့်တွက်ရတယ်လို့ ဖြေကြားထားတာကို တင်ပြလိုက်ရပါတယ်။

Dengue Haemorrhagic Fever ခေါ်တဲ့ သွေးလွန်တုပ်ကွေးရောဂါကိုတော့ လူတိုင်းသိနေကြတာပါ။ ဒီရောဂါဟာ အစကကလေးတွေမှာအဖြစ်များတဲ့ ရောဂါလို့ ထင်ခဲ့ကြတာပါ။ နောက်ပိုင်းတော့ လူငယ်၊ လူလတ်ပိုင်းတွေမှာ ဖြစ်လာကြပါတယ်။ ဒီရောဂါဟာ ၁၉၅၀ ဝန်းကျင်လောက်က ဖိလစ်ပိုင်နှင့် ယိုးဒယားနိုင်ငံတွေမှာစတင်ဖြစ်ပေါ်ခဲ့တာ ဖြစ်ပါတယ်။ နောက်ပိုင်းမှာတော့ မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံအတော်များများကို ကူးစက်ခဲ့ပါတယ်။ ပတ်ဝန်းကျင်သန့်ရှင်းမှု၊ ခြင်မပေါက်ပွားနိုင်အောင် ကြိုတင်ကာကွယ်နိုင်မှုတွေဟာ ဒီရောဂါပြန့်ပွားမှုအတွက် အရေးကြီးတဲ့ လိုအပ်ချက်တွေပါ။ ဒါပေမယ့် ဒါတွေကိုလုပ်ဆောင်နိုင်တဲ့ စင်ကာပူနိုင်ငံဟာလည်း ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှာ ဒီရောဂါရဲ့ဒဏ်ကိုတော်တော်ခံလိုက်ရပါတယ်။ ၂၀၁၃ ခုနှစ်အထိ ဒီရောဂါဖြစ်ပွားသူ ၂၂၃၀၀ ကျော်ရှိပြီး ခုနစ်ဦး အသက်ဆုံးရှုံးခဲ့ရပါတယ်။ စင်ကာပူနိုင်ငံအစိုးရဟာ National Dengue Campaign (NDC)ဆိုတဲ့ အဖွဲ့ကိုဖွဲ့ပြီး Dengue Prevention Volunteer Group (DPVG)ခေါ်တဲ့အရပ်ဖက် NGO အဖွဲ့နဲ့ပူးပေါင်းပြီး ရောဂါကာကွယ်ရေးလုပ်ငန်းတွေကို ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှာ စတင်လုပ်ဆောင်ခဲ့ကြတာပါ။ ဒီရောဂါဟာ Aedes Egypit ခေါ်တဲ့ ခြင်အမတွေကြောင့် ဖြစ်ပြီး ဒီခြင်မတွေဟာ Dengue ရောဂါရှင်တစ်ယောက် သွေးကိုစုပ်လိုက်ပြီး လေးရက်မှ ၁၀ ရက်အကြာ ဒီခြင်မ အသက်ရှင်နေသရွေ့ သူကိုက်လိုက်တဲ့လူဟာ သွေးလွန်တုပ်ကွေးရောဂါဖြစ်စေတော့တာပါပဲ။ ဒါကြောင့် ဒီရောဂါ တစ်ယောက်နှစ်ယောက်အိမ်မှာဖြစ်ပြီဆိုရင် အိမ်နီးနားချင်းတွေဟာဖြစ်ဖို့လွယ်ကူသွားတတ်ကြတာပါ။ ဒီခြင်ဟာ တွေ့ရင်သိနိုင်တဲ့ခြင်မျိုးပါ။ သူတို့ကိုယ်ခန္ဓာမှာ အမဲနှင့်အဖြူစင်းရှိတာကြောင့် သူတို့ကို ခြင်ကျားလို့ခေါ်တာဖြစ်ပါတယ်။ သူတို့ဟာ စီးနေတဲ့ရေမြောင်းမှာ မရှင်သန်နိုင်ဘဲ ငြိမ်နေတဲ့ရေရှိရာမှာသာ ပေါက်ဖွားနိုင်တာပါ။ ဒါကြောင့် မြန်မာနိုင်ငံကျန်းမာရေးဌာနက ညွှန်ကြားထားတဲ့အတိုင်း ဆောင်ရွက်ကြတာဟာ ဒီခြင်ကျားအန္တရာယ်က ကာကွယ်ဖို့အကောင်းဆုံးဖြစ်ကြောင်း တင်ပြရင်း ယခု အပတ်ဆေးပညာသတင်းဆန်းများ တင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

# မန္တလေး-မြစ်ကြီးနား ပုဂ္ဂလိကရထား စတင်ပြေးဆွဲ

**ကောလင်း ဒီဇင်ဘာ ၂၁**

မြန်မာ့မီးရထားက ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုထားသော မန္တလေး-မြစ်ကြီးနားရထားခရီးစဉ်ကို ဒီဇင်ဘာ ၂၂ ရက်မှစတင်ပြေးဆွဲကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ မန္တလေးခရီးစဉ်အတွက် မင်္ဂလာရှုခင်းခရီးသွားကုမ္ပဏီက ယခင်လက်မှတ်ခနှုန်းထက် ၁၀ ရာခိုင်နှုန်း တိုးမြှင့်၍ ပြေးဆွဲမည်ဖြစ်ရာ ယခင် အမှတ်(၃၇/၃၈) အစုန်အဆန် မန္တလေး-မြစ်ကြီးနားခရီးစဉ်အတွက် ရိုးရိုးတန်း ကျပ် ၇၅၀၀၊ အထက်တန်း ကျပ် ၁၅၀၀၀၊ အိပ်စင်ကျပ် ၁၈၀၀၀ နှုန်းဖြင့် ပြေးဆွဲခဲ့သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ မန္တလေး-မြစ်ကြီးနားလမ်းပိုင်း ပြေးဆွဲပေးနေသော အမှတ်(၃၇/၃၈) ရထား၊ အထူးရထားပြေးဆွဲခြင်း လုပ်ငန်းတို့အတွက် ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များ ဖိတ်ခေါ်၍ လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုခဲ့သည်။

အဆိုပါရထားများမှ မန္တလေး-မြစ်ကြီးနားလမ်းပိုင်းပြေးဆွဲနေသော အမှတ်(၃၇/၃၈) ရထားကို ကချင်ပြည်နယ် အများပိုင်ကုမ္ပဏီမှ လုပ်ကိုင်ခွင့်ရရှိခဲ့ပြီး ဒီဇင်ဘာ ၂၂ ရက်မှစ၍ မြစ်ဆုံ-မန္တလာ အထူးအမြန်ရထားအဖြစ် စတင်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

"အမှတ် (၃၇/ ၃၈) မြစ်ဆုံ-မန္တလာ အထူးအမြန်ရထားကို မန္တလေးဘူတာကြီးမှ ဒီဇင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ မှာ စတင်ထွက်ခွာမည်ဖြစ်ပြီး မန္တလေး-မြစ်ကြီးနား လမ်းပိုင်းတစ်လျှောက်ရှိ ရွာထောင်ဘူတာ၊ ရွှေဘို၊ ကန့်ဘလူ၊ ကောလင်း၊ နဘား၊ မိုးညှင်း၊ ဟိုပင်၊ မိုးကောင်း၊ မြစ်ကြီးနားစသည့် ဘူတာများတွင် ရပ်တန့်မည်ဖြစ်သည်။ ပြေးဆွဲမည့်တွဲဆိုင်းတွေကို မြစ်ငယ်စက်ရုံက အသစ်ထုတ်လုပ်ထားသော ABC တွဲအမျိုးအစားတွေဖြစ်ပြီး တွဲဆိုင်းတစ်ဆိုင်းကို ရိုးရိုးတန်းရှစ်တွဲ၊ အထက်တန်းနှစ်တွဲ၊ စားသောက်တွဲတစ်တွဲ၊ ကုန်တင်တွဲတစ်တွဲ စုစုပေါင်း ၁၂ တွဲပါရှိပြီး တွဲဆိုင်းနှစ်ဆိုင်းဖြင့် အစုန်၊ အဆန် ပြေးဆွဲပေးသွားမည် ဖြစ်သည်။ မန္တလေး-ရွာထောင် ရိုးရိုးတန်း လက်မှတ်ခငွေကျပ် ၄၀၀၊ အထက်တန်းလက်မှတ်ခ ငွေကျပ် ၇၀၀၊ ရွှေဘိုဘူတာငွေကျပ် ၁၆၀၀၊ ၃၁၀၀၊ ကန့်ဘလူဘူတာငွေကျပ် ၂၇၀၀၊ ၅၃၀၀၊ ကောလင်းငွေကျပ် ၃၈၀၀၊ ၇၄၀၀၊ နဘားငွေကျပ် ၅၀၀၀၊ ၁၀၀၀၀၊ မိုးညှင်းငွေကျပ် ၆၁၀၀၊ ၁၂၂၀၀၊ ဟိုပင်ငွေကျပ် ၆၅၀၀၊ ၁၂၉၀၀၊ မိုးကောင်းငွေကျပ် ၇၃၀၀၊ ၁၄၆၀၀၊ မြစ်ကြီးနားငွေကျပ် ၈၃၀၀၊ ၁၆၅၀၀ ဖြင့်ပြေးဆွဲပေးသွားမှာဖြစ်သည်။ ရထားတွင် ၂၄ နာရီ ရေ၊ မီးရရှိရေးနှင့် သန့်စင်ခန်းများ အထူးသန့်ရှင်းရေး ဆောင်ရွက်ပေးခြင်း၊ နေ့လယ်စာကို ရထားပေါ်တွင် ကျွေးမွေးဧည့်ခံခြင်း စသည့် ဝန်ဆောင်မှုများ ပေးသွားမည်ဖြစ်သည်။

**(ရွှေလင်းပြည့်စုံ)**

❖ ❖ ❖





# ယေရှုခရစ်တော်၏ မွေးနေ့တော်အထိမ်းအမှတ်နေ့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် ဒီဇင်ဘာ ၂၀ ရက် ညနေ ၆ နာရီတွင် နေပြည်တော်ရှိ ဇမ္ဗူသီရိဟိုတယ်၌ ကျင်းပသော မြန်မာနိုင်ငံကတ်သလစ် ဆရာတော်ကြီးများ အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီတို့ ပူးတွဲ၍ ယေရှုခရစ်တော်၏ မွေးနေ့တော်အထိမ်းအမှတ် ကျေးဇူးတော်ချီးမွမ်းခြင်း ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၊ ဂိုဏ်းအုပ်ဆရာတော်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ခရစ်ယာန်ဘာသာဝင်များ၊ စုစုပေါင်း ၁၀၀ တက်ရောက်ခဲ့ကြသည်။



အခမ်းအနားတွင် မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ၊ အထွေထွေအတွင်းရေးမှူး၊ သိက္ခာတော်ရ ဆရာတော် ဦးစောရွှေလင်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး ဒုတိယဥက္ကဋ္ဌ သိက္ခာတော်ရ ဆရာတော် ဒေါက်တာဇော်ဝင်းက ဖိတ်ခေါ်ခြင်းနှင့် အဖွင့်ဆုတောင်းခြင်း၊ ဥက္ကဋ္ဌ ဦးစောပက်ထရစ်လူနီက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ခရစ်ယာန်ဘာသာဝင်အားလုံး၏ ကျေးဇူးတော်သခင်ယေရှုခရစ်တော်၏ မွေးနေ့ကို ရည်စူးပြီး ကမ္ဘာတစ်ဝန်းလုံးရှိ ခရစ်ယာန်ဘာသာဝင်များသည် ယေရှုခရစ်တော်၏ ကျေးဇူးဂုဏ်ကို ချီးမွမ်းခြင်းမင်္ဂလာတစ်ရပ်အနေဖြင့် သတိရအောက်မေ့ဖွယ် အထိမ်းအမှတ်ပွဲတော်များကို ကျင်းပလျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ မွေးနေ့တော်၏ အကြီးမြတ်ဆုံး သတင်းစကားသည် လောကနှင့် လူသားအားလုံးတို့၏ ကယ်တင်ရှင် ယေရှုခရစ်တော် မွေးဖွားတော်မူခြင်းဖြစ်သည်ဟု ခရစ်ယာန်ဘာသာဝင်အားလုံးက အမွန်အမြတ်ထားသောနေ့ဖြစ်ပါကြောင်း၊ ယေရှုခရစ်တော်ဆိုသည်မှာ လောကသားတို့အား အပြစ်မှကယ်ချွတ်သောသူဟု အားလုံးကနားလည်ထားပြီး ခရစ္စမတ်ဆိုသည်မှာ အပြစ်ရှိသည့် လောကသားတိုင်းကို ကယ်တင်ရန် ယေရှုခရစ်တော် ဤလောကသို့ ကြွရောက်ခြင်းကို အသိအမှတ်ပြုသည့် အထိမ်းအမှတ်ပွဲတော်ဖြစ်ပါကြောင်း၊ ခရစ်တော်မွေးဖွားတော်မူစဉ် ကောင်းကင်ဘဝဂ်ဝယ် ဘုရားသခင်သည် ဘုန်းကြီးတော်မူစေသတည်း၊ မြေကြီးပေါ်၌လည်း ငြိမ်သက်ခြင်းရှိစေသတည်း၊ လူတို့အား မေတ္တာ ကရုဏာရှိစေသတည်းဟု ချီးမွမ်းရွတ်ဆိုခဲ့ကြောင်း၊ ခရစ်ယာန်ဘာသာ သာသနာ၏ အနှစ်သာရများဖြစ်သည့် တစ်ဦးနှင့်တစ်ဦး မေတ္တာသက်ဝင် ချစ်ခင်မှု၊ သနားကြင်နာမှု၊ ကိုယ်ချင်းစာနာ ညာတာထောက်ထားမှု၊ တရားမျှတမှန်ကန်မှုများသည် လူမှုဆက်ဆံရေး နယ်ပယ်တွင် အလွန်ပင်နက်ရှိုင်းလှသော သွန်သင်မှုများပင်ဖြစ်ပါကြောင်း၊ ကိုးကွယ်မှုဘာသာ သာသနာတိုင်းတွင် လူသားများအားလုံးအတွက် အကျိုးဖြစ်ထွန်းစေရေး၊ လောကလူ့ဘောင်ကြီး အေးချမ်းသာယာစေရေးတို့အတွက် အကျိုးပြု အဆုံးအမတရားများ၊ လမ်းညွှန်ချက်များ၊ နည်းပေးလမ်းပြ လိုက်နာကြရန် သွန်သင်ချက်များသာ ပါရှိသည့်အတွက် သက်ဆိုင်ရာ ဘာသာဝင်အသီးသီးသည် ယင်းအဆိုအမိန့်၊ အဆုံးအမများကို တစိုက်မတ်မတ် လိုက်နာစောင့်ထိန်းကြရန် လိုအပ်ပါကြောင်း၊ မိမိတို့ယုံကြည်ရာ ဘာသာတရားကို တည့်မတ်မှန်ကန်စွာ ယုံကြည် ကိုးကွယ်ကျင့်ကြံနေထိုင်ခြင်းအားဖြင့် ကောင်းကျိုးချမ်းသာကို ဖြစ်စေရမည်ဆိုသည့် သဘောထားယုံကြည်ချက်နှင့်အညီ ပြည်ထောင်စုကြီးအတွင်း ဥမကွဲသိုက်မပျက် အတူတကွ နေထိုင်လာခဲ့ကြသည့် အစဉ်အလာအတိုင်း နိုင်ငံတော်အစိုးရအနေနှင့်လည်း ဖြူစင်သော မေတ္တာတရားဖြင့် တိုင်းရင်းသားဘာသာဝင်များအပေါ် စောင့်ရှောက်ပေးလျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်၊ အင်္ဂလိကန်သာသနာပိုင် ဒေါက်တာဂျွန်ဝေးလ်မီက အထူးဆက်ကပ်ဆုတောင်းခြင်း၊ မြန်မာနိုင်ငံ ကတ်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်ဥက္ကဋ္ဌ ဂိုဏ်းအုပ်ဆရာတော် ဂျွန်မန်းဆိန်းယို့က ခရစ်စမတ်သတင်းစကားပြောကြားခြင်း၊ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဇော်ဝင်းက ကောင်းချီးမင်္ဂလာစကားပြောကြားခြင်း၊ ကြွရောက်လာသော ဧည့်သည်တော်များမှ ဓမ္မတေးသီချင်းများ သီဆိုကျူးရင့်ခြင်းများနှင့် ညစာစားပွဲကို ဆက်လက်ကျင်းပခဲ့ပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



**ဒီဇင်ဘာ ၂၀ ရက် နံနက်က ရန်ကုန်ပတ် ရွှိုင်ရယ်ဟိုတယ်၌ ရန်ကုန်တက္ကသိုလ်သက်ကြီး ဝါရင့်ဥပဒေပညာရှင်များ၊ အငြိမ်းစားဆရာကြီး ဆရာမကြီးများ ကျန်းမာရေးအထောက်အကူဖြစ်စေရန်နှင့် လူမှုရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေးအတွက် ၁၉၈၂ မှ ၁၉၈၈-၁၉၉၁ ဥပဒေကျောင်းသား ကျောင်းသူဟောင်းများသည် စုပေါင်းဂါရဝပြုဖြစ်မြောက်ရေး စည်းဝေးကျင်းပရာတွင် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးဘတင့်ဆွေထံ ဘဏ္ဍာရေးကော်မတီက ငွေကျပ်သိန်း ၇၅၀ ပေးအပ်စဉ်။**

(ကြေးမုံ)

**ကျောဖုံးမှ**

နှစ်သိမ့်ဆွေးနွေးမှုတွေလည်း လုပ်ပေးပါတယ်”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထိုသို့ အခမဲ့ပေးသော ဆေးဝါးများတွင် ဆေးဝါးထုတ်လုပ်ရာ ကုမ္ပဏီပေါ်မူတည်၍ တစ်လုံးတည်းသာ သောက်ရမည့်ဆေးမျိုးရှိသလို နှစ်လုံးသောက်ရမည့်ဆေးမျိုးလည်းရှိကာ အနည်းဆုံးတစ်လစာလျှင် ကျပ် ၃၀၀၀၀ မှ ကျပ် တစ်သိန်းဝန်းကျင်အထိ ကုန်ကျစရိတ်ရှိသလို ပထမအဆင့် ဆေးဝါးများဖြင့် ဆေးမတိုးခြင်း(သို့မဟုတ်) ထိရောက်မှု မရှိခြင်းတို့အတွက် ဒုတိယ အဆင့်အနေထားမျိုးဖြင့်ပေးသောဆေးဝါးများမှာ ဈေးနှုန်းပိုမိုကြီးမြင့်မှုရှိကြောင်း HIV/AIDS ဆိုင်ရာ နှစ်သိမ့်ဆွေးနွေးမှုများ လုပ်ဆောင်နေသော ဆရာဝန်တစ်ဦးကဆိုသည်။ **ထက်ခိုင်(စမ်းချောင်း)**

## ပိုလ်ရှုသဘင်အလွမ်း

- နှစ်ပေါင်းများစွာ၊ ကာလတစ်ခု
ဗိုလ်ရှုသဘင်၊ ဆင်ယင်ကာနွဲ
ကြားယုံကြားခဲ့၊ မမြင်မိခဲ့။
- ဂီတာတင်အုန်း၊ ပြည်လုံးလှိုင်ဆူ
မြသက်မှု အသံ၊ ဘဝဂ်ညံသတဲ့
မီခဲ့သူများ၊ တစ်ဆင့်စကား
ကြားရသည်တွင်၊ စိတ်ပျော်ရွှင်မိ။
- နှစ်ထောင့်ဆယ့်ငါး၊ တို့များမြန်ပြည်
နွှဲမည်ထွတ်မြတ်၊ လွတ်လပ်ရေးနေ့
မမေ့နိုင်စေ၊ ကြည်း/ရေ/လေပေါင်း
သားကောင်းစစ်သည်၊ ချီတက်စုရုံး
မိုးလုံးညံခြိမ့် အားမာန်ပြည့်။
- ဗိုလ်ရှုသဘင်၊ တော်ဝင်နေ့ထူး
စုရုံးချီတတ် အလေးပြုတဲ့
ပွဲတော်ဦးကို၊ မြင်ဖူးချင်လှ
အတွေးစဖြင့်၊ တမ်းတမျှော်လင့်မိပါသတည်း။

အောင်မင်း

## အသိပေးကြေညာချက်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုသဘင်စစ်ရေးပြအခမ်းအနားအတွက် တပ်ပါ အစအဆုံးလေ့ကျင့်မှု၊ ဝတ်စုံပြည့်လေ့ကျင့်မှုများကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ (၂၄၊ ၂၆၊ ၂၇၊ ၂၉၊ ၃၀) ရက်များနှင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တို့တွင် ပြုလုပ်မည်ဖြစ်ပါ၍ အောက်ပါနေရာ ငါးခု၌ နံနက် ၄ နာရီမှ ၁၀ နာရီထိ ခေတ္တလမ်းပိတ်ထားမည်ဖြစ်ပါသည်-

-ရာဇဌာနီလမ်း၊ ရုံးအမှတ်(၂၇)၊ ဘဏ္ဍာရေးဝန်ကြီးဌာနရုံးထိပ်
-ရာဇဌာနီလမ်း၊ ရုံးအမှတ်(၁၈)၊ ထွက်ပေါက်လမ်းဆုံ
ဇေယျဌာနီလမ်း၊ ရုံးအမှတ်(၅)၊ပို့ဆောင်ရေးဝန်ကြီးဌာနရုံးရှေ့
-ဇေယျဌာနီလမ်း၊ ရုံးအမှတ်(၃၈)အနီး
-ရာဇဌာနီလမ်း၊ ကုမုဒြာကြာပန်းအဝိုင်းနှင့်ကြာပန်းအဝိုင်းအကြား

အဆိုပါလမ်းများခေတ္တပိတ်ထားစဉ် ဝန်ကြီးဌာနများမှ ဝန်ထမ်းကြို/ပို့မော်တော်ယာဉ်များနှင့် ပုဂ္ဂလိက ကိုယ်ပိုင်ယာဉ်များ၊ မြို့တွင်းခရီးသည်တင်ယာဉ်များ၊ လုပ်ငန်းသုံးယာဉ်များသည် ရာဇသင်္ဂဟလမ်း၊ ပဏ္ဍိတလမ်း၊ ဇဝနလမ်းများအတိုင်း ပြောင်းလဲအသုံးပြုပေးကြပါရန် အသိပေးကြေညာအပ်ပါသည်။

**လုံခြုံရေးကော်မတီ**



# သာယာဝတီခရိုင်အတွင်းရှိ မြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဒေသခံပြည်သူများနှင့် ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ယမန်နေ့မွန်းလွဲ ၁ နာရီတွင် သာယာဝတီမြို့ ဆရာစံခန်းမ၌ သာယာဝတီခရိုင်အတွင်းရှိ သာယာဝတီ၊ လက်ပံတန်း၊ မင်းလှ၊ အုတ်ဖို၊ မိုးညို၊ ကြို့ပင်ကောက်၊ နတ်တလင်း၊ ဇီးကုန်းမြို့နယ် ရှစ်မြို့နယ်မှ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဝါးနှင့်ကြိမ်ထုတ်လုပ်သူအစုအဖွဲ့များ၊ ဒေသခံဝါးထုတ်လုပ်သူများအား ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးတို့က တွေ့ဆုံ၍ သာယာဝတီခရိုင်အတွင်းမြို့နယ် များ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နိုင်ငံတော်ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များနှင့်အညီ ဒေသခံပြည်သူများကလည်း မိမိတို့မြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ညှိနှိုင်းဆွေးနွေးအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသအလိုက် ဦးစားပေးရမည့်လုပ်ငန်းများကို နှစ်စဉ်ဘဏ္ဍာငွေတိုးမြှင့်သုံးစွဲအကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ဝန်ထမ်းများနှင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု၊ သားသမီးများပညာသင်ထောက်ပံ့မှုနှင့် အရစ်ကျပေးချေဝယ်ယူနိုင်မည့် တန်ဖိုးသင့်အိမ်ရာစီမံကိန်းများကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက မြို့ပြ၊ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ရေးဆွဲပြီး သက်ဆိုင်ရာ ဒေသအစိုးရအဖွဲ့နှင့် လွှတ်တော်သို့ တင်ပြသွားရန်လိုအပ်ပါကြောင်း၊ မြို့နယ်၏ လူဦးရေတိုးတက်လာမှုများကြောင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် ပြည်သူတို့၏ စားဝတ်နေရေး အဆင်ပြေအောင် ဆောင်ရွက်သင့်သည့် အစီအမံများကိုလည်း ဆွေးနွေးညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် စီးပွားရေးနှင့်လူမှုရေးပြုပြင်ပြောင်းလဲမှု အခြေခံမူဘောင်နှင့်ဦးစားပေးလုပ်ငန်းနယ်ပယ်များ သတ်မှတ်လျာထား၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် သိသိသာသာတိုးတက်လာသည်ကို တွေ့ရမည်ဖြစ်သော်လည်း အဆိုပါကဏ္ဍများနှင့်ဆက်စပ်၍ နည်းပညာကျွမ်းကျင်မှုနှင့် ကျွမ်းကျင်လုပ်သားလိုအပ်ချက်များရှိနေဆဲလည်းဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်အလိုက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို ရေးဆွဲဆောင်ရွက်ရန် လိုအပ်လျက်ရှိရာ နိုင်ငံတော်အနေဖြင့် ဒေသလိုအပ်ချက်များနှင့်အညီ မူကြို၊ အခြေခံနှင့် အဆင့်မြင့်ကျောင်းများသာမက အသက်မွေးဝမ်းကျောင်းပညာရပ်များ စုံလင်စွာသင်ကြားပေးနိုင်မည့် Poly Technic ကျောင်းများနှင့် သိပ္ပံများကို ဖွင့်လှစ်ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သာယာဝတီခရိုင်သည် ဝါးထုတ်လုပ်မှုဖြင့် မိသားစုအလိုက် ဒုတိယဝင်ငွေတစ်ရပ် ရရှိနိုင်သည့်အတွက် ဒေသခံအစုအဖွဲ့များမှ ထိန်းသိမ်းစောင့်ရှောက်ဆောင်ရွက်သည့် ဝါးထုတ်လုပ်ရေးလုပ်ငန်းများ စနစ်တကျစီမံခန့်ခွဲသွားခြင်းဖြင့် ဝင်ငွေများ တိုးပွားရရှိပြီး သစ်တော၊ ဝါးတောပြုန်းတီးမှုများကို ထိန်းသိမ်းနိုင်မည့်အပြင် မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်းရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်အလိုက် ကော်မတီများနှင့် မြို့မိမြို့ဖများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြည့်ဆည်းဆွေးနွေးညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ❍ အလုပ်သမားထုမှ

မြန်မာနိုင်ငံဖိနပ်ချုပ်လုပ်ငန်းရှင်များအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မင်းနှင့် အလုပ်ရှင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးနှင့် MMRD မှ ဦးအောင်မင်း၊ တာဝန်ရှိသူများနှင့် အလုပ်ရှင်စုစုပေါင်း ၅၀ ခန့် တက်ရောက်ခဲ့သည်။

အဆိုပါတွေ့ဆုံပွဲတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် အနည်းဆုံးအခကြေးငွေသတ်မှတ်ခြင်းဆိုင်ရာ အနည်းဆုံးအခကြေးငွေဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၇)အဖြစ် ၂၀၁၃ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် ထုတ်ပြန်ပြဋ္ဌာန်းထားပြီးဖြစ်သလို အနည်းဆုံးအခကြေးငွေ နည်းဥပဒေများကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့်၂၀၁၃ ခုနှစ် ဇူလိုင် ၁၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊ အနည်းဆုံးအခကြေးငွေဥပဒေနှင့် နည်းဥပဒေတွေကိုထုတ်ပြန်ပြီးသည့်နောက် အနည်းဆုံးအခကြေးငွေနည်းဥပဒေ ပုဒ်မ-၃ အရ အဖွဲ့ဝင်စုစုပေါင်း ၂၇ ဦးပါဝင်သည့်အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီး ဥပဒေနှင့်နည်းဥပဒေများအရ အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရေးအတွက် လုပ်ငန်းစဉ် (၅)ရပ်ဖြစ်သည့် အနည်းဆုံးအခကြေးငွေသတ်မှတ်ခြင်းဆိုင်ရာ ကော်မတီများဖွဲ့စည်းခြင်း၊ အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရေးအတွက် ဆွေးနွေးပွဲများ၊ အစည်းအဝေးများကျင်းပခြင်းနှင့် မေးခွန်းလွှာများဖြန့်ဝေ၍ စာရင်းကောက်ယူခြင်း၊ အကြံပြုချက်များပြန်လည်စုစည်းခြင်း၊ အဆိုပြုအနည်းဆုံးအခကြေးငွေထုတ်ပြန်ခြင်းနှင့် အတည်ပြုအနည်းဆုံးအခကြေးငွေထုတ်ပြန်ခြင်း စသည့်လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုလိုလုပ်ငန်းစဉ်များသတ်မှတ်ပြီးနောက်လုပ်ငန်းစဉ် ပထမအဆင့်ဖြစ်သည့် အနည်းဆုံးအခကြေးငွေသတ်မှတ်ခြင်းဆိုင်ရာ ကော်မတီများဖွဲ့စည်းခဲ့ပြီး ဒုတိယအဆင့်ဖြစ်သည့် အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများကဦးစီးပြီး အလုပ်ရှင်နှင့် အလုပ်သမားများပါဝင်သည့် ဆွေးနွေးပွဲများ၊ အစည်းအဝေးများ ကျင်းပခြင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးမှာဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ စစ်တမ်းကောက်ယူခြင်းအပိုင်းတွင် Myanmar Development Research Institute(MDRI) နှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ဖြစ်သည့် ILO တို့ ပူးပေါင်းပြီးရန်ကုန်၊ မန္တလေးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရေးအတွက် အခြေခံလိုအပ်ချက်များကိုကွင်းဆင်းကောက်ယူခဲ့ပြီးဖြစ်ပါကြောင်း၊ ချည်မျှင်နှင့်အထည်လိပ် လုပ်ငန်းများမှာလည်း Base Line Survey စစ်တမ်းကောက်ယူနိုင်ဖို့ MMRD ကို တာဝန်ပေးဆောင်ရွက်လျက်ရှိပါကြောင်း။

အမှန်တကယ်အားဖြင့် (၁) အလုပ်သမားထုအတွက် အနည်းဆုံးအခကြေးငွေ သတ်မှတ်ခြင်းကို သက်ဆိုင်ရာ အလုပ်ရှင်နှင့် အလုပ်သမားများ သဘောတူညီချက်နှင့် ဆောင်ရွက်သွားရမှာဖြစ်ပြီး ၎င်းတို့ သဘောတူညီသည့်ပမာဏကို နိုင်ငံတော်အစိုးရအနေဖြင့် စိစစ်အတည်ပြုပေးရန်ပင်ရှိပါကြောင်း၊ သို့သော် အခုအချိန်အထိ အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးခဲ့ကြပြီးဖြစ်သော်လည်း အလုပ်သမားနှင့် အလုပ်ရှင်များကြားတွင် သဘောတူညီချက်မရရှိနိုင်သေးသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ကြားဝင်ပြီးဆောင်ရွက်ပေးနေရသည့်နေရာတွင် အထောက်အကူပြုနိုင်ရန် အခြေခံအချက်အလက်တွေရှိရန်လိုပါကြောင်း၊ သတ်မှတ်ပေးမယ့်နှုန်းထားဟာ အလုပ်ရှင်ရော အလုပ်သမားအတွက်ပါ အဆင်ပြေနိုင်မည့် လက်တွေ့ကျသည့် နှုန်းထားဖြစ်ရန်လိုသည့်အတွက် (၁)အခုလို တိုင်းဒေသကြီးနှင့် ပြည်နယ်တွေအထိဆင်းပြီး အချက်အလက်များကောက်ယူနေရခြင်းပင်ဖြစ်၍ အချိန်ဆွဲပြီး ဆောင်ရွက်နေတယ်လို့ မမြင်မိကြရန်လည်း လိုပါကြောင်း၊ သတ်မှတ်ထားသည့် လုပ်ငန်းစဉ်အဆင့်အလိုက် စနစ်တကျ ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေသတ်မှတ်ပေးရေးကိစ္စမှာ ရေရှည်အကောင်အထည်ဖော်ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပြီး အမှန်တကယ် အကောင်အထည်ဖော်ရာမှာလည်း အသေးစိတ်ဆောင်ရွက်ရမည့်အခြေအနေများ၊ အခက်အခဲများလည်း ရနေသလို သတ်မှတ်ပေးလိုက်သည့်နှုန်းထားမှာ အလုပ်သမားရော အလုပ်ရှင်အတွက်ပါ Win-Win Situation ရနိုင်မည့် နှုန်းထားမျိုးဖြစ်ရန် လိုပါကြောင်း။

အလုပ်သမားများအတွက် အနိမ့်ဆုံးအခကြေးငွေသတ်မှတ်ပေးနိုင်ရန် ထည့်သွင်းစဉ်းစားရမည့် အခြေခံအချက်များစွာရှိနေသည့်အတွက် ၎င်းတို့ကို အပြည့်အစုံထည့်သွင်းစဉ်းစားတွက်ချက်ရန် အချိန်အတိုင်းအတာတစ်ခု လိုအပ်မည်ဖြစ်သလိုအလုပ်သမားများဘက်က ကြည့်လျှင် ၎င်းတို့အတွက် အနည်းဆုံးအခကြေးငွေ သတ်မှတ်ပေးနိုင်ရန် အရေးကြီးပြီး တတ်နိုင်သမျှမြန်မြန် လုပ်ပေးရန် တောင်းဆိုနေကြသည့်အတွက် တတ်နိုင်သမျှလည်းမြန်အောင် ဆောင်ရွက်ပြီး သတ်မှတ်ပေးလိုက်သည့် အခကြေးငွေဟာလည်း အလုပ်ရှင်ရော အလုပ်သမားအတွက်ပါ ထိရောက်မှုရှိပြီး လက်တွေ့ကျသည့် ပမာဏဖြစ်ရန်လည်း လိုအပ်သည့်အတွက် ယင်းနှစ်ခုကြား အတတ်နိုင်ဆုံးမြန်မြန်နှင့် ထိထိရောက်ရောက်ဖြစ်ရန်ဘက်ပေါင်းစုံက စဉ်းစားပြီး စေတနာဖြင့် ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ အနည်းဆုံးအခကြေးငွေသတ်မှတ်ပေးနိုင်ရေးကိစ္စသည် Sensitive ဖြစ်သည့်ကိစ္စဖြစ်၍ အလုပ်သမားများ၏ ရေရှည်အကျိုးစီးပွားအတွက် အဘက်ဘက်က လွှမ်းခြုံစဉ်းစားပြီး စိတ်ရှည်ရှည်ဖြင့် လက်ရှိအနေအထားအရ ထည့်သွင်းစဉ်းစားရမည့် အခြေခံအချက်များအားလုံးကို စိစစ်ထည့်သွင်းပြီး မြန်မာအလုပ်သမားများနှင့် အလုပ်ရှင်များအတွက် အသင့်တော်ဆုံး၊ အဖြစ်နိုင်ဆုံးနှင့် တတ်နိုင်သမျှ အကောင်းဆုံးဖြစ်မည့်နည်းလမ်းများကို ပွင့်ပွင့်လင်းလင်း အကြံပြုဆွေးနွေးပေးကြရန် ပြောကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းနှင့် ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်တို့က အလုပ်သမားကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမှုမှ ဆွေးနွေးရရှိမှုများကို အလုပ်ရှင်ကိုယ်စားလှယ်များအား ရှင်းလင်း ပြောကြားခဲ့သည်။ ILO ဆက်သွယ်ရေးအရာရှိ Mr.Steve Marshall နှင့် MMRD မှဦးအောင်မင်းတို့က အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရေးနှင့် ပတ်သက်၍ နိုင်ငံတကာကျင့်ထုံးများနှင့်နှိုင်းယှဉ်ကာ ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်စိုးက အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရေးအတွက် အခြေခံအဆောက်အအုံလိုအပ်ချက်၊ ဈေးကွက်အနေအထားနှင့် နိုင်ငံရေးတည်ငြိမ်မှုတို့နှင့် ဆက်စပ်နေမှုများအပြင် လက်တွေ့ကျသည့် လုပ်ဆောင်ချက်များဖြင့် အနည်းဆုံးအခကြေးငွေကိုသတ်မှတ်သင့်ကြောင်းဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း



ဒုတိယဥက္ကဋ္ဌ ဒေါ်ခိုင်ခိုင်နွယ်၊ ရွှေနန်းတော်ရွှေဆိုင်မှ ဒေါ်သက်သက်ခိုင်၊Asia General Electric မှ ဦးခင်မောင်မြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်တင်နွယ်ဦး၊ အေးငြိမ်းသီတာဆေးထုတ်လုပ်ရေးမှ ဦးမြင့်ဇော်၊ ထီးလုပ်ငန်းရှင် ဦးသန်းလွင်၊ ကျောက်မျက်လုပ်ငန်းရှင် ဦးသာထွန်းတို့က အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရေးအတွက် ကြုံတွေ့လာနိုင်သည့်အခက်အခဲများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးနှင့် ပတ်သက်ပြီး အလုပ်ရှင်များ၏ အခက်အခဲများကို မိမိတို့ကောင်းစွာသဘောပေါက်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း အနည်းဆုံးအခကြေးငွေကို အလုပ်ရှင်ရော အလုပ်သမားများပါလက်ခံနိုင်သည့် နှုန်းထားတစ်ရပ်ဖြစ်အောင် သတ်မှတ်ပေးသွားလိုပါကြောင်း၊ အနည်းဆုံးအခကြေးငွေသတ်မှတ်ချက်ကြောင့် အလုပ်ရှင်ရော အလုပ်သမားများအပေါ်မှာ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်နှင့် မိမိတို့နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ များစွာအရေးပါသည့် လုပ်ငန်းစဉ်ဖြစ်သည့်အတွက် အထူးသတိထားပြီး မှန်မှန်ကန်ကန်နှင့်မြန်မြန်ဆန်ဆန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်တွေ့လိုက်နာဆောင်ရွက်နိုင်မည့် ပမာဏဖြစ်ရန်လည်း အရေးကြီးပါကြောင်းနှင့်ယခုကဲ့သို့ အလုပ်ရှင်များက အခက်အခဲများကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပြောကြားခဲ့သည့်အတွက် အလုပ်ရှင်များကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်းပြောကြားပြီး ဆွေးနွေးပွဲအခမ်းအနားကို ညနေပိုင်းတွင် ရုပ်သိမ်းခဲ့သည်။

> **အနည်းဆုံးအခကြေးငွေ သတ်မှတ်ချက်ကြောင့် အလုပ်ရှင်ရော အလုပ်သမားများအပေါ်မှာ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်နှင့် မိမိတို့နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ များစွာအရေးပါသည့် လုပ်ငန်းစဉ်ဖြစ်**

အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့် အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရေးအတွက် အလုပ်သမား၊ အလုပ်ရှင်နှင့်အစိုးရ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးမှုများကို တိုင်းဒေသကြီး/ပြည်နယ်များအတွင်း (၂၇)ကြိမ်ကျင်းပခဲ့ပြီး အမျိုးသားကော်မတီအဆင့်ညှိနှိုင်းအစည်းအဝေးများကိုလည်း ငါးကြိမ်တိုင်တိုင် ကျင်းပခဲ့ပြီး ယခုဆွေးနွေးပွဲမှ အနည်းဆုံးအခကြေးငွေကိုအစိုးရ၊ အလုပ်ရှင်နှင့်အလုပ်သမားသုံးပွင့်ဆိုင်ဆွေးနွေးညှိနှိုင်းမှုများဖြင့် လုပ်ငန်းအလိုက်နှင့်နေရာဒေသအလိုက်သတ်မှတ်နိုင်ရေးအတွက် စာရင်းဇယားများ မှန်မှန်ကန်ကန်ကောက်ယူပြီး အမှန်တကယ်အကျိုးရှိမည့် အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရေးအတွက် စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ❖ပို့ကုန်၊သွင်းကုန်မှ

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် ကုန်သွယ်မှုများသည့်ကာလများတွင် နေ့စဉ် ပို့ကုန်/သွင်းကုန်ယာဉ်အစီးရေ ၈၀၀ မှ ၁၄၀၀ ခန့်အထိရှိပြီး ပြည်ထောင်စုလမ်းမကြီးတွင် ကုန်တင်ယာဉ်များ၊ ခရီးသည်တင်ယာဉ်များ၊ လူစီးယာဉ်၊ ကိုယ်ပိုင်ယာဉ်များနှင့် ဆိုင်ကယ်များကြောင့် ယာဉ်ကြောပိတ်ဆို့မှု၊ နှောင့်နှေးကြန့်ကြာမှုနှင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားလျက်ရှိသည်။

ထို့ပြင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ သစ်သီးတင်ပို့နေသည့် ယာဉ်အများစုသည် ကြူကုတ်(ပန်ဆိုင်း) (လမ်းအရှည် ၁၂ မိုင် ၆ ဖာလုံ)လမ်းကြောင်းမှတစ်ဆင့် တရုတ်နိုင်ငံ ဝမ်တိန်သို့ နေ့စဉ်ယာဉ်အစီးရေ ၆၀၀ ကျော် တင်ပို့လျက်ရှိပြီး ကုန်သွယ်မှုပမာဏတိုးတက်လာသည်နှင့်အမျှ နေ့စဉ်သစ်သီးတင်ပို့နေသည့် ယာဉ်အစီးရေမှာ ပိုမိုများပြားလာမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

"ကုန်သွယ်ရေးဇုန်ကနေ ကြူကုတ်(ပန်ဆိုင်း)အထိ ကုန်တင်ယာဉ်ကြီးတွေ ပိတ်ဆို့တဲ့အတွက် သုံးနာရီခန့် မောင်းနှင်နေရတဲ့အပြင် ကြူကုတ်(ပန်ဆိုင်း) မြို့တွင်းမှာလည်း ယာဉ်ကြောပိတ်ဆို့မှုတွေဖြစ်ပေါ်နေပါတယ်"ဟုပြောသည်။

မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်တွင် ၂၀၁၃ ခုနှစ် ဧပြီလမှ ၂၀၁၄ ခုနှစ် မတ်လအထိ ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၆၀၉ သန်းခန့် ဖြစ်ပေါ်ခဲ့သည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဧပြီလမှ ဩဂုတ်လအထိ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၂၀၆၁ သန်း ဆောင်ရွက်နိုင်ပြီး ယခင်ဘဏ္ဍာနှစ်ကာလတူထက် ဒေါ်လာ ၆၈၅ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ကာ ပို့ကုန်၊သွင်းကုန်ယာဉ်အရေအတွက် ပိုမိုများပြားလာခဲ့ကြောင်း ၎င်းကဆိုသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

●ပြည်ထောင်စုတိုင်းရင်းသားမှ
အမျိုးသား နှစ်သစ်ကူးပွဲတော်ကို စည်ကားစွာ ကျင်းပခဲ့သည်။

ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်သို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ကရင်တိုင်းရင်းသားများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။ ကရင်နှစ်သစ်ကူးပွဲတော်သို့ တက်ရောက်လာသူများအား နှစ်သစ်ကူးပွဲတော်နှင့်ပတ်သက်၍ မေးမြန်းခဲ့သည်များကို စုစည်းရေးသားလိုက်ရပါသည်။

**သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း**

တိုင်းရင်းသား လူမျိုးတိုင်းမှာ နှစ်သစ်ကူးပွဲဆိုတာရှိကြတယ်။ အရင်တုန်းက အေးချမ်းတဲ့ဒေသတွေမှာပဲ နှစ်သစ်ကူးပွဲလုပ်လို့ရတယ်။ အခုတော့နေရာဒေသအနှံ့မှာပါ နှစ်သစ်ကူးပွဲတွေ တစ်ပြိုင်နက်တည်း ကျင်းပလာကြတယ်။ ဒါကောင်းတဲ့ အစဉ်အလာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ တစ်ဖြည်းဖြည်းတိုးတက်လာပြီး အေးချမ်း သာယာလာတယ်ဆိုတာ တွေ့ရမှာပါ။ ဒီမှာလာတဲ့တိုင်းရင်းသားတွေကို ကြည့်မယ်ဆိုရင် အပူအပင်ကင်းပြီး ပျော်ပျော်ပါးပါးနဲ့ လာတက်တာတွေ့ရတယ်။ တချို့ဆို လှိုင်းဘွဲ့လို နေရာမျိုးကလာတာ၊ ဒါတိုင်းပြည်အေးချမ်းခြင်းရဲ့ အတိတ်နိမိတ်ပဲ၊ တိုင်းရင်းသားတွေ ဘယ်နေရာဘယ်ဒေသပဲရောက်ရောက် မိမိတို့နှစ်သစ်ကူးပွဲတွေကို လုပ်ကြပါလို့ပြောချင်ပါတယ်။

**ဦးစောချစ်မျိုး (ကရင်နှစ်သစ်ကူးပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌ)**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီးဌာနနဲ့ ရန်ကုန်အရှေ့ခြမ်း ကရင်နှစ်သစ်ကူးပွဲတော်ကျင်းပရေးကော်မတီတို့ ကြီးမှူးကျင်းပတာဖြစ်ပါတယ်။ ကရင်နှစ်သစ်ကူးအခါသမယမှာ ဒီကရင်နှစ်သစ်ကူးပွဲတော်ကို အခုလိုစည်စည်ကားကား လုပ်ဆောင်နိုင်ခြင်းအားဖြင့် ကရင်အမျိုးသားတွေ ပြန်လည်စည်းရုံးသင့်မြတ်ရေးနဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားများထဲမှာရှိတဲ့ ကရင်မျိုးနွယ်စုကြီးအတွက်လည်း အဖိုးမဖြတ်နိုင်တဲ့ ကောင်းမွန်မြင့်မြတ်တဲ့ လုပ်ဆောင်ချက်ဖြစ်တယ်လို့ပြောလိုပါတယ်။

**ပဒိုစောထွန်းအောင်မြင့်(ကရင်တိုင်းရင်းသားရေးရာဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့)**

ရန်ကုန်တိုင်းဒေသကြီး တစ်ခုတည်းမဟုတ်ပါဘူး၊ အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်နေရာအနှံ့အပြား ပြည်နယ်အသီးသီးတွေမှာရှိတဲ့ ကရင်တိုင်းရင်းသားအများစု နေထိုင်တဲ့နေရာတွေမှာလည်း ကရင်နှစ်သစ်ကူးပွဲတွေ လုပ်နေကြပါတယ်။ ကျွန်တော့်အနေနဲ့ ကရင်နှစ်သစ်ကူးပွဲမှာ ဆုတောင်းမေတ္တာပို့ချင်တာက ဒီနှစ်သစ်မှာ ကျွန်တော်တို့ နိုင်ငံတော်ကြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပိုရလာပါစေ၊ တစ်မျိုးသားလုံးလည်း စည်းလုံးညီညွတ်မှုရပါစေ၊ နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်လာပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်လို့ ပြောချင်ပါတယ်။

**စောဟိန်းမင်းထက်(ကရင်ဒုံးယိမ်းအကအဖွဲ့)**

ကျွန်တော်က ကရင်ပြည်နယ်ကပါ၊ ကျွန်တော်တို့အဖွဲ့ အခုဖျော်ဖြေကပြတဲ့ ဒုံးကို ဧည့်ခံဒုံးအကလို့ခေါ်ပါတယ်။ တိုင်းရင်းသားအကဆိုတာ ကျွန်တော်တို့ ဘိုးဘွားလက်ထက်ကတည်းက ကလာတဲ့အကတွေလေ၊ ဒါကိုလက်ဆင့်ကမ်းပြီး တစ်ဆင့်ပြီးတစ်ဆင့်ကလာတော့ ကျွန်တော်တို့ရိုးရာတွေ မပျောက်ပျက်တော့ဘူးပေါ့၊ ဒီလိုပွဲမျိုးတွေ နှစ်စဉ်နှစ်တိုင်း ကျင်းပနေတာလည်း လူငယ်တွေအတွက် ပျော်စရာနဲ့အတူရောပြီး ယဉ်ကျေးမှုတွေထည့်ပေးရင်းနဲ့ ကျွန်တော်တို့ယဉ်ကျေးမှု မပျောက်နိုင်တော့ပါဘူး၊ အစွန့်ရှည်တည်တံ့နိုင်တာပေါ့။

အဆိုပါ ကရင်နှစ်သစ်ကူးပွဲတော်တွင် ပြည်ထောင်စုတိုင်းရင်းသားစွမ်းရည်ဖွံ့ဖြိုးမှု ဒီကရီကောလိပ်မှ တိုင်းရင်းသားများ၏ အမျိုးသားဒုံးအက၊ တိုင်းရင်းသားကျေးရွာမှ တိုင်းရင်းသား တိုင်းရင်းသူများ၏ ရိုးရာဝါးညှပ်အက၊ ကရင်ရိုးရာပျားဖွပ်အက၊ ချည်ဖြူဖွဲ့မင်္ဂလာသရုပ်ပြခြင်း၊ ပန်းတနော်ဒုံးအဖွဲ့၊ ကရင်ပြည်နယ်ကော့ပွန်းဒုံးအဖွဲ့၊ဝါးခယ်မ ပရိယတ္တိမဏ္ဍူဒုံးအဖွဲ့၊ တက္ကသိုလ်များ(ရန်ကုန်)ကရင်စာပေယဉ်ကျေးမှုဒုံးအဖွဲ့တို့မှ ရိုးရာအကများဖြင့်လည်းကောင်း၊ တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများဖြင့်လည်းကောင်းတင်ဆက်ခဲ့ပြီး နိုင်ငံကျော်လက်ဝှေ့ချန်ပီယံဟောင်း သမန်းကျားက လက်ဝှေ့သရုပ်ပြသခဲ့သည်။ နံနက်ပိုင်းတွင်လည်း ကရင်အမျိုးသား အလံတင်အခမ်းအနားကို ပဒိုးမူတ်၍ အမျိုးသားသီချင်းဖြင့် ကရင်အမျိုးသားအလံတော်လွှင့်တင်ခဲ့ကြောင်း သိရသည်။

# ကျွန်းလှမြို့၌ သီတဂူစက္ခုဒါနဆေးရုံတော်ကြီးဖွင့်လှစ် မျက်စိနှင့် သွားခံတွင်းဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေး



**နေပြည်တော် ဒီဇင်ဘာ ၂၁**

ကျွန်းလှမြို့ သီတဂူစက္ခုဒါနဆေးရုံတော် ဖွင့်ပွဲအခမ်းအနားကိုယနေ့နံနက် ၈ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့ရှိ အဆိုပါဆေးရုံတော်ကြီးဝင်းအတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ အမှူးပြုတော်မူသော ဆရာတော်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ မြို့မိ မြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ယင်းနောက် စစ်ကိုင်းမြို့ IBEC ဆရာတော် ဦးသောဘိတက သီတဂူစက္ခုဒါနဆေးရုံတော်နှင့်ပတ်သက်၍ လျှောက်ထားတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သည့် ပိဋကတ်သုံးပုံတွင် ဝိနယပိဋကတ်၊ မဟာဝါပါဠိတော်တွင် "ယောဘိက္ခဝေ မံ ဥပဋ္ဌဟေယျ သော ဂိလာနံ ဥပဋ္ဌဟေယျ" ဟု မြတ်စွာဘုရားရှင် မိန့်ကြားတော်မူခဲ့သည်နှင့်အညီ ကျေးဇူးတော်ရှင် သီတဂူဆရာတော်ဘုရားကြီးသည် မြန်မာနိုင်ငံ တစ်နံတစ်လျားလုံး ပြည်သူလူထုနှင့်လက်တွဲ၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေသည်ကို တွေ့မြင်ရပါသဖြင့် တပည့်တော်တို့ အစိုးရအဖွဲ့အနေဖြင့် ဝမ်းသာပီတိဖြစ်မိပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့ သီတဂူစက္ခုဒါနဆေးရုံတော်ကြီးကို တည်ဆောက်ပြီးစီးခဲ့ပြီး ယနေ့တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ရုံမက မျက်စိဝေဒနာရှင် ၇၀၀၀ ခန့်ကို စစ်ဆေးကုသနိုင်ပြီးဖြစ်သဖြင့် အလှူရှင်များ၏ကိုယ်စား ကြည်နူးပီတိဖြစ်ရပါကြောင်း၊ အထူးသဖြင့် သီတဂူစက္ခုဒါနဆေးရုံတော်ကြီး တည်ဆောက်ရာတွင် ကာယအား၊ ဉာဏအား၊ ဓနအားတို့ဖြင့် ပါဝင်ကူညီ လှူဒါန်းကုသိုလ်ပြုခဲ့ကြသည့်ပုဂ္ဂိုလ်များကိုလည်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း၊ အထူးသဖြင့် ဆေးရုံတော်ကြီး စတင်တည်ဆောက်ချိန်မှစ၍ သီတဂူဆရာတော်ကြီး၏ ဩဝါဒလမ်းညွှန်မှုဖြင့် နေ့မနား၊ ညမနားဦးစီးဆောင်ရွက်ပေးပါသော စစ်ကိုင်းမြို့ IBEC ဆရာတော် ဦးသောဘိတအား အထူးကျေးဇူးတင်ပါကြောင်းဖြင့် လျှောက်ထားသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ရွှေနဂါးမင်းကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးသူရိန်တို့က ကျေးဇူးတင်ဝမ်းမြောက်စကား လျှောက်ထားကြကာ ပြည်ထောင်စုဝန်ကြီးက ဆေးရုံတော်အတွက် ငွေပဒေသာပင်များ ပေးအပ်လှူဒါန်းခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

သီတဂူစက္ခုဒါနဆေးရုံတော်ကြီးအတွက် စေတနာရှင်ပြည်သူများက အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ကြရာ ငွေပဒေသာပင်အလှူငွေ ကျပ်သိန်းပေါင်း ၆၅၀၀ နှင့် ဆေးပဒေသာပင်အလှူငွေ ကျပ်သိန်းပေါင်း ၂၉၉၂ သိန်း လက်ခံရရှိ ခဲ့သည်။

ယင်းနောက် အစီအစဉ် ဒုတိယပိုင်းကို အဆိုပါဆေးရုံမျက်နှာစာ၌ ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဝင်းမြင့်၊ ဒေါက်တာမောင်မောင်ဌေး၊ ရွှေနဂါးမင်းကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးသူရိန်တို့က သီတဂူ စက္ခုဒါနဆေးရုံတော်ကြီးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် စစ်ကိုင်းမြို့ IBEC ဆရာတော်ဦးသောဘိတက သီတဂူစက္ခုဒါနဆေးရုံတော်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးတို့က သီတဂူစက္ခုဒါနဆေးရုံကမ္ပည်းမော်ကွန်းများအား စက်ခလုတ်နှိပ်၍ လည်းကောင်း ဖွင့်လှစ်ပေးကြပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် စစ်ကိုင်းမြို့ IBEC ဆရာတော် ဦးသောဘိတ၊ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ဆေးရုံအတွင်း မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ခွဲစိတ်ကုသပေးနေမှု အခြေအနေများ လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ဖွင့်လှစ်လိုက်သည့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ တည်ထောင်သော ကျွန်းလှမြို့ သီတဂူစက္ခုဒါနဆေးရုံတော်သည် အလျား ၁၂၈ ပေ၊ အနံ ၇၈ ပေရှိပြီး ခုတင် ၅၀ ဆံ့ ဆေးရုံတစ်ရုံဖြစ်ကာငွေကျပ်သိန်းပေါင်း ၆၅၀၀ ကျော် အကုန်အကျခံတည်ဆောက်ထားခြင်းဖြစ်ကြောင်းနှင့် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရက အမေရိကန်ဒေါ်လာ တစ်သိန်းနှစ်သောင်း တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့အပြင် အဆိုပါဆေးရုံ၌ မျက်စိအထူးကုဆရာဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဌေးဌေးရီ၊ ဒေါက်တာမို့မို့နှင့် ဒေါက်တာဖြူဖြူကင်းတို့ ဦးဆောင်သောအဖွဲ့၊ သွားဘက်ဆိုင်ရာ အထူးကုဆရာဝန်ကြီး ဒေါက်တာဌေးလွင် ဦးဆောင်သောအဖွဲ့၊ အင်္ဂလန်နိုင်ငံမှ အထူးကုဆရာဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာမြအောင်၊ ဒေါက်တာသိန်းမြင့်နှင့် ဒေါက်တာမိမိခင်တို့ ဦးဆောင်သောအဖွဲ့တို့က ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်မှ ၂၅ ရက်အထိ မျက်စိနှင့်သွား အခမဲ့ ခွဲစိတ်ကုသပေးလျက်ရှိရာ ဒီဇင်ဘာ ၁၈ ရက်တွင် ကျွန်းလှမြို့ ပိတောက်မြိုင်၊ ပျဉ်းမမြိုင်၊ အင်ကြင်းမြိုင်၊ ရှမ်းစုနှင့်သစ်ရာမြိုင်ရပ်ကွက်များမှ ပြည်သူများကိုလည်းကောင်း၊ ၁၉ ရက်တွင် အင်တိုင်းအုပ်စု၊ ညောင်ကိုင်အုပ်စု၊ အင်းတောင်းအုပ်စုတို့မှ ပြည်သူများကိုလည်းကောင်း၊ ၂၀ ရက်တွင် တန့်ဆည်မြို့နယ် ထန်းပင်အုပ်စုမှ ပြည်သူများကို လည်းကောင်း၊ ၂၁ ရက်တွင် ရေရှင်အုပ်စု၊ သစ်ချိုအုပ်စု၊ ချောင်းစောက်အုပ်စု၊ နောင်ကောက်အုပ်စု၊ မော်ကယ်အုပ်စု၊ သက္ကယ်ကျင်းအုပ်စု၊ ကုန်းစည်းအုပ်စု၊ လိပ်ဆင်းတောင်အုပ်စု၊ သရက်ပင်အုပ်စု၊ ပေကုန်းအုပ်စု၊ အင်လှအုပ်စု၊ ရေယိမ်းအုပ်စု၊ ထိန်တောအုပ်စုနှင့် ရှမ်းကုန်းအုပ်စုတို့မှ ပြည်သူများကိုလည်းကောင်း၊ ၂၂ ရက်တွင် ကျောက်အိုင်အုပ်စု၊ ကုက္ကိုကုန်းအုပ်စု၊ မကျီးအင်းအုပ်စု၊ တောင်ယာဆိပ်အုပ်စုနှင့် ရွာသီအုပ်စုတို့မှ ပြည်သူများကိုလည်းကောင်း၊ ၂၃ ရက်တွင် သစ်ရာမြိုင်၊ ရှမ်းစု၊ အင်ကြင်းမြိုင်ရပ်ကွက်များနှင့် တင်းထိန်ရံအုပ်စု၊ကျီးကုန်းအုပ်စုနှင့် လယ်လှအုပ်စုတို့မှ ပြည်သူများကိုလည်းကောင်း၊ ၂၄ ရက်တွင် ကန့်ဘလူမြို့နယ်၊ ကောလင်းမြို့နယ်၊ အင်းကော်မြို့နယ်၊ ပင်လည်ဘူးမြို့နယ်၊ ဝန်းသိုမြို့နယ်နှင့်အခြားမြို့နယ်များမှ ပြည်သူများကိုလည်းကောင်း၊ ၂၅ ရက်တွင် ပြသရန် ကျန်ရှိသူအားလုံးကိုလည်းကောင်း ကုသပေးသွားမည်ဖြစ်ကြောင်းနှင့် စုစုပေါင်း မျက်စိဝေဒနာရှင် ၇၀၀၀ ကျော်နှင့် သွားခံတွင်း ဝေဒနာရှင် ၅၀၀၀ ကျော်တို့ကို ကုသပေးသွားရန် စီစဉ်ထားရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းဆင်း

**နေပြည်တော် ဒီဇင်ဘာ ၂၁**

နေပြည်တော်စည်ပင်သာယာရေးကော်မတီ အိမ်ရာဝင်းအတွင်းရှိ ဓမ္မာရုံတွင် ပထမအကြိမ် အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းပြီးစီးမှု အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပရာ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ကျင်ခိုင်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဓမ္မကျောင်းတော်ဆင်း ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ ဓမ္မကျောင်းတော်ဆင်း ဆရာမ ဒေါ်သစ်သစ်ရှိန်က တိုင်းပြည်၏အနာဂတ်ကို ပိုင်ဆိုင်ထားကြသော လူငယ်လူရွယ်များ ဗုဒ္ဓဘာသာအခြေခံတရားတော်များကို သိရှိပြီး ယဉ်ကျေးလိမ္မာသော အမျိုးဘာသာ သာသနာကို စောင့်ရှောက်တတ်သော ပညာတတ်လူတော်လူကောင်းများ ဖြစ်လာစေရန် ကျောင်းသား ကျောင်းသူများအား ဆုံးမဩဝါဒစကားပြောကြားသည်။

ထို့နောက် အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းတွင် တက်ရောက်ကြသော သင်တန်းသား သင်တန်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြပြီး သင်တန်းသား သင်တန်းသူများက ဆရာမများအား ဂါရဝပြုကန်တော့ခဲ့ကြသည်။

ယနေ့ သင်တန်းပြီးဆုံးသွားသည့် ပထမအကြိမ် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို အောက်တိုဘာ ၅ ရက်မှ ဒီဇင်ဘာ ၂၁ ရက်အထိ မူလတန်း၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၀၇ ဦးအား အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်ပို့ချပေးခဲ့ပြီး နွေရာသီကျောင်းအားရက်များတွင်လည်း အခြေခံဗုဒ္ဓဘာသာသင်တန်းကို ဆက်လက်ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(၁၀၇)**

# ကျောင်းကျန်းမာရေးလုပ်ငန်းများ အလေးထားအကောင်အထည်ဖော်ဆောင်ရွက်ပေး

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ်တည်ဆောက်ရာတွင် ထူးချွန်ထက်မြက်ပြီး ကျန်းမာရေးနှင့် ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန်မှာ အလွန်အရေးကြီးလှပါသည်။ ကျန်းမာသန်စွမ်းသည့် အရင်းအမြစ်များ မွေးထုတ်နိုင်ရန်အတွက် ၁၉၉၉-၂၀၀၀ ပညာသင်နှစ်မှစပြီး ဩဂုတ်လ ဒုတိယပတ်ကို “ကျောင်းကျန်းမာရေးသီတင်းပတ်”အဖြစ် သတ်မှတ်ပြီး တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများနှင့် ပညာရေးကောလိပ်လေ့ကျင့်ရေးကျောင်းများတွင် နှစ်စဉ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ကျောင်းကျန်းမာရေး သီတင်းပတ်ဆောင်ရွက်ရသည့် ရည်ရွယ်ချက်များမှာ-

- ကျောင်းသားလူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေးအဆင့်အတန်းမြင့်မားတိုးတက်စေရန်၊
- ကျောင်းသားလူငယ်များတွင် မှန်ကန်သော ကျန်းမာရေးအသိပညာနှင့် အပြုအမူများကို နားလည်သဘောပေါက်၍ ကိုယ်တိုင်လိုက်နာ ဆောင်ရွက်တတ်စေရန်၊
- ကျန်းမာရေးနှင့် ညီညွတ်၍ သန့်ရှင်းသာယာသော ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင် ဖြစ်ထွန်းလာစေရန်၊
- ကျောင်းသားလူငယ်များတွင် တွေ့ကြုံခံစားနေရသော ရောဂါများကို ရှာဖွေကုသပေးရန်၊
- ကျောင်းသား ကျောင်းသူများ၏ အသက်အရွယ်အလိုက်ရှိသင့်သည့် အရပ်အမောင်း၊ ကိုယ်အလေးချိန်တို့ ရှိစေရန်၊
- ကျောင်းတွင်း အာဟာရ ဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊
- ကူးစက်ရောဂါအကြောင်း ဗဟုသုတရရှိ၍ ကာကွယ်တားဆီးရန်၊

ထိုရည်ရွယ်ချက်များ ပြည့်ဝစေရန်အတွက် အောက်ဖော်ပြပါ ကျောင်းကျန်းမာရေးလုပ်ငန်း(၅)ရပ်ဖြစ်သည့်-

- ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး၊
- ကျောင်းကျန်းမာရေးစစ်ဆေးရေးနှင့်ကုသရေး၊
- ကူးစက်ရောဂါကာကွယ်ရေး၊
- ကျောင်းကျန်းမာရေး ပညာပေးရေး၊
- ကျောင်းတွင်းအာဟာရ ဖွံ့ဖြိုးရေး စသည့်လုပ်ငန်းများကို ပညာရေးကောလိပ် လေ့ကျင့်ရေးကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရန်အတွက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ ပူးပေါင်းပြီး ကျောင်းပတ်ဝန်းကျင်ရှိ ချုံနွယ်များကို ရှင်းလင်းခြင်း၊ မြက်နုတ်ခြင်း၊ ပေါင်းသင်ခြင်း၊ အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်း၊ ကျောင်းခန်းအတွင်းအပြင် သန့်ရှင်းခြင်း၊ စာသင်ခန်းများ၏ မျက်နှာကြက်များ၊ မှန်တံခါးများ၊ ပြတင်းပေါက်တံခါးများကို ဖုန်သုတ်ခြင်း၊ အလင်းရောင်ကောင်းစွာရစေရန် အလင်းပိတ်နေသော သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်း၊ ကျောင်းဝင်းအတွင်းရှိ ချိုင့်ခွက်များအား မြေဖို့ခြင်း၊ သဲခင်းခြင်း၊ အမှိုက်ပုံးများ ထုံးဖြူးခြင်း၊ ကျောင်းရှေ့ကွန်ကရစ်လမ်းကိုအပတ်စဉ် ထုံးမှုန့်များဖြူးခြင်း၊ ရေစီးရေလာကောင်းအောင် ရေနုတ်မြောင်းတူးဖော်ခြင်း၊ ရေမြောင်းဆယ်ခြင်း၊ သုံးရေကန်များ၊ သောက်ရေကန်များ၊ သောက်ရေအိုးများကို သန့်ရှင်းရေးပြုလုပ်ခြင်း၊ သန့်ရှင်းသော သောက်သုံးရေများလုံလောက်စွာရရှိအောင်ဆောင်ရွက်ခြင်း၊ အိမ်သာအတွင်းအပြင် သန့်ရှင်းရေးပြုလုပ်ခြင်းအစရှိသည့် လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ကျန်းမာရေး စစ်ဆေးကုသရေးလုပ်ငန်းနှင့်ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ကျောင်းကျန်းမာရေးသီတင်းပတ် ကြီးကြပ်ရေးအဖွဲ့၊ ကျောင်းလုပ်ငန်းဆောင်ရွက်ရေးအဖွဲ့နှင့် ကျောင်းကျန်းမာရေးအဖွဲ့များ အဆင့်ဆင့်ဖွဲ့စည်းပြီး ကျောင်းသား ကျောင်းသူများ၏ တစ်ကိုယ်ရေသန့်ရှင်းမှု စစ်ဆေးခြင်း၊ ပေါင်ချိန်ခြင်း၊ အရပ်တိုင်းခြင်း၊ သွေးအုပ်စုခွဲပေးခြင်း၊ သန်ချဆေးတိုက်ကျွေးခြင်း၊ ဗီတာမင်အေဆေးပြားတိုက်ကျွေးခြင်း၊ ကျန်းမာရေးလိုအပ်ချက်ရှိသည့် ကျောင်းသား ကျောင်းသူများ၏ မိဘများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ အသက်အရွယ်အလိုက်ရှိသည့် အရပ်အမြင့်၊ ကိုယ်အလေးချိန်ကို မှတ်တမ်းတင်ထားခြင်း၊ အတန်းလိုက် ဂရပ်များဆွဲပြထားခြင်း အစရှိသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ကျောင်းသား ကျောင်းသူများမှ ကူးစက်ရောဂါမဖြစ်ပွားစေရန် ကြွက်ခိုအောင်းနိုင်သော နေရာများကိုရှင်းလင်းခြင်း၊ သောက်သုံးရေ သန့်ရှင်းရေးအတွက် ဆေးဖျန်းခြင်း၊ ရေသန့်ပိုးသတ်ဆေးမှုန့်များဖြင့် ပိုးလောက်လမ်းကင်းစင်အောင် ပြုလုပ်ခြင်း၊ ယင်လုံအိမ်သာသုံးစွဲရေး ပညာပေးခြင်း၊ အစာမစားမီ၊ စားပြီးနှင့် အိမ်သာအဆင်းတို့တွင် လက်ကိုစင်ကြယ်စွာဆေးနိုင်ရန် ဆပ်ပြာထားပေးခြင်း၊ ရေလောင်းအိမ်သာကိုစနစ်တကျသုံးစွဲတတ်စေရန်ဆောင်ရွက်ပေးခြင်း၊ ကျောင်းဈေးသည်များအား ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများကို ရောင်းချစေခြင်း အစရှိသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကျောင်းကျန်းမာရေး ပညာပေးရေးလုပ်ငန်းအနေဖြင့် သွေးလွန်တုပ်ကွေး ဝမ်းပျက်၊ ဝမ်းလျှော၊ ငှက်ဖျားရောဂါ ကာကွယ်ခြင်းဆိုင်ရာသိကောင်းစရာများ၊ တစ်ကိုယ်ရေ သန့်ရှင်းရေး၊ ကူးစက်ရောဂါအကြောင်းများ အစရှိသည့် ကလေးများတွင်အဖြစ်များသည့် ရောဂါအကြောင်းတွေကို ကျောင်းကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်းပြီး ဟောပြောပွဲများပြုလုပ်ပေးခြင်း၊ ကျောင်းသားကျောင်းသူများအား ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ ဂျာနယ်များ ဖတ်ရှုလေ့လာစေခြင်း၊ ကျန်းမာရေးပညာပေးပိုစတာ၊ ကာတွန်း၊ ကဗျာ၊ စာစီစာကုံးပြိုင်ပွဲများပြုလုပ်ခြင်း၊ နံရံကပ်စာစောင်များပြသထားခြင်း အစရှိသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးအတွက် ကျောင်းကျန်းမာရေးကြီးကြပ်မှုအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆရာ၊ မိဘပူးပေါင်း၍ ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးအဖွဲ့ဖွဲ့စည်းပြီး ထမင်းဘူးတွင် အာဟာရမျှတစွာပါဝင်စေရန် ကြပ်မတ်ဆောင်ရွက်ခြင်း၊ အကြံပေးလမ်းညွှန်ခြင်း၊ အာဟာရကျွေးမွေးခြင်း၊ မစားသင့်သော ဆိုးဆေးပါဝင်သော လက်လုပ် အချဉ်ထုပ်များအစားမြန်မာမုန့်များကို စားသုံးစေခြင်း၊ အသက်အရွယ်အလိုက် အရပ်နိမ့်သူ၊ ပေါင်ချိန်လျော့သူများအား အာဟာရပြည့်ဝသော အစားအစာများစားရန်ပြောကြားခြင်း၊ အစာအုပ်စု သုံးအုပ်စုမှ ပိုစတာများ၊ စားသုံးသင့်သော အာဟာရဇယားနှင့် အသက်အုပ်စုအလိုက် တစ်နေ့တာအတွက် အနည်းဆုံးလိုအပ်သောအစာပမာဏဇယားကိုချိတ်ဆွဲပြီး ကလေးများကိုယ်တိုင်မိမိတို့စားသုံးသော အစားအစာများကို လေ့လာစစ်ဆေးစေခြင်းအစရှိသည့် လုပ်ငန်းများကိုဆောင်ရွက်ပေးလျက်ရှိသည်။

အသက်အရွယ်အလိုက်ရှိသင့်သည့် အရပ်အမောင်းနှင့် အလေးချိန်ထက်လျော့နည်းနေသော ကျောင်းသား ကျောင်းသူများရှိပါကလည်း ကျန်းမာရေးထပ်မံစစ်ဆေးပေးခြင်း၊ စံချိန်မမီသည့် ကလေးမိဘများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဇယားရေးဆွဲ၍ စနစ်တကျ ကျွေးမွေးပြုစုခြင်း၊ အားဆေးတိုက်ကျွေးခြင်း၊ အလေးချိန်တိုးတက်လာမှု ရှိ/မရှိ ကို သုံးလတစ်ကြိမ် ကိုယ်အလေးချိန်တိုင်းတာစစ်ဆေးခြင်း၊ တိုးတက်မှုအခြေအနေတို့ကို စောင့်ကြည့်ပြီး လိုအပ်သလို ဆက်လက်ဆောင်ရွက်ပြီး ဆောင်ရွက်မှုမှတ်တမ်းနှင့် တိုးတက်မှုအခြေအနေကို ကျောင်းသား ကျောင်းသူများ၏ ကျန်းမာရေးမှတ်တမ်းတွင် ရေးသွင်းမှတ်တမ်းတင်ခြင်းများ ပြုလုပ်ပေးပြီး စံသတ်မှတ်ချက်များ ပြည့်မီအောင် ဆောင်ရွက်ပေးလျက်ရှိသည်။

ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်သည့်အတွက် ကျောင်းမှန်မှန်တက်ပြီး စာသင်ရက်မပျက်စေရန်၊ ကျန်းမာဖွံ့ဖြိုးဉာဏ်ရည်တိုးစေရန် အထက်ပါကျန်းမာရေးနှင့် သက်ဆိုင်သည့်လုပ်ငန်းများကို ကျောင်းတစ်ကျောင်းချင်း၊ ကျောင်းသား ကျောင်းသူ တစ်ဦးချင်းစီ လိုက်နာဆောင်ရွက်ရန်လိုသလို ဆရာ၊ မိဘနှင့် ပတ်ဝန်းကျင်ကလည်း ဝိုင်းဝန်းကူညီပံ့ပိုးရန် လိုအပ်သည်။ ကျောင်းကျန်းမာရေး သီတင်းပတ်ရောက်မှ ဆောင်ရွက်တာမျိုးမဟုတ်ဘဲ အမြဲတမ်းဆောင်ရွက်နေရန် တိုက်တွန်းအပ်ပါသည်။ ကျောင်းကျန်းမာရေး သီတင်းပတ်ရောက်လျှင် ကျောင်းကျန်းမာရေးလုပ်ငန်းများကို ပိုမိုအလေးထား ဆောင်ရွက်ရမည်။

ကျောင်းကျန်းမာရေး သီတင်းပတ်လုပ်ငန်းဆောင်ရွက်မှုများပြုလုပ်ခြင်းဖြင့် ကျောင်းသား ကျောင်းသူများကိုယ်တိုင် ကျန်းမာခြင်း၏တန်ဖိုးကို သိရှိနားလည်ပြီး အလေးထားလိုက်နာဆောင်ရွက်ခြင်းဖြင့် ကလေးတိုင်း ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသော နိုင်ငံ့သားကောင်းများ ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

(ပညာရေး)




# သဘာဝဓာတ်ငွေ့ပို့လွှတ်မှု ခေတ္တရပ်ဆိုင်းမည်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရတနာစီမံကိန်း၏ ထုတ်လုပ်ရေး Platform ပေါ်ရှိ ထုတ်လုပ်ရေးစက်ပစ္စည်း အစိတ်အပိုင်းပြုပြင်ခြင်းလုပ်ငန်းများအား ဒီဇင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ဆောင်ရွက်မည်ဖြစ်သဖြင့် အဆိုပါကာလအတွင်း ပြည်တွင်းသို့ သဘာဝဓာတ်ငွေ့ပို့လွှတ်မှု ခေတ္တရပ်ဆိုင်းထားရမည်ဖြစ်သည်။

ရတနာစီမံကိန်းမှ သဘာဝဓာတ်ငွေ့ပို့လွှတ်မှု ခေတ္တရပ်ဆိုင်းထားသည့်ကာလအတွင်း ဇောတိကစီမံကိန်းမှ သဘာဝဓာတ်ငွေ့ရယူ၍ ရန်ကုန်ဒေသရှိ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများသို့ သဘာဝဓာတ်ငွေ့ဖြန့်ဖြူးပေးသွားမည်ဖြစ်ပြီး ရန်ကုန်ဒေသအတွင်း လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ်ရရှိရေး လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ညှိနှိုင်းထားရှိပြီးဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

# ကျွန်းသီးတက်ခူးရာမှ ဓာတ်လိုက်သေဆုံး

**ပုသိမ် ဒီဇင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ မြို့သစ်ရပ်ကွက် အောင်ဇေယျလမ်းထိပ်၌ ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီခွဲခန့်က ကျွန်းသီးတက်ခူးရာမှ နဝမတန်း ကျောင်းသားတစ်ဦး ဓာတ်လိုက်သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ငါးသိုင်းချောင်းမြို့ လျှပ်စစ်မျုံးရုံးမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစိုးသူရက မြို့သစ်ရပ်ကွက် အောင်ဇေယျလမ်းထိပ်အနီး ဆန်းသစ်အောင် ဆီဆိုင်ရှေ့၌ ကျွန်းသီးတက်ခူးရာမှ ဓာတ်လိုက်သေဆုံးကြောင်း အကြောင်းကြားသဖြင့် သွားရောက်ကြည့်ရှုရာ ဆန်းသစ်အောင်ဆီဆိုင်ရှေ့ ငါးသိုင်းချောင်း-ရေကြည်ကားလမ်း မိုင်တိုင်အမှတ်(၅၆/၃)နှင့် (၅၆/၄)ကြား ဓာတ်တိုင်အနီး ကျွန်းပင်ပေါ်၌ လူငယ်တစ်ဦး ဓာတ်လိုက်သေဆုံးနေသည်ကို တွေ့ရှိ၍စုံစမ်းရာ ဓာတ်လိုက်သေဆုံးနေသောလူငယ်မှာ ငါးသိုင်းချောင်းမြို့ မြို့သစ်ရပ်ကွက် ရိုးကြီးလမ်းနေ မောင်မျိုးမင်းဆန်း အသက်(၁၅)နှစ် အထက-ငါးသိုင်းချောင်း နဝမတန်း(D)တွင် တက်ရောက်ပညာသင်ကြားနေသူဖြစ်ကြောင်း သိရှိရပြီး ၎င်းဓာတ်လိုက် သေဆုံးမှုနှင့်ပတ်သက်၍ သေမှုသေခင်း ရေးဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မင်းဇော်ဦး(ရေကြည်)



ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ တောင်ပိုင်းခရိုင်ရှိ 33KV သံလျင်-သုံးခွ-ခရမ်း ဓာတ်အားလိုင်းရှိ 33KV နှစ်ထပ် Pin Insulator များအား 33 KV သုံးထပ် Pin Insulator များဖြင့် လဲလှယ်ခြင်းလုပ်ငန်းကို ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းစေရေးအတွက် ဒီဇင်ဘာ ၂၁ ရက်က ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။ အောင်ဆွေ(ရွှေတံတား)

# ပြည်သူ့အသံ ပြည်သူ့အကြံ

**ခင်မောင်ထွေး**

နိုင်ငံတော်၏ စီးပွားရေးကို အဓိကအထောက်အကူပြုနေသည့် တိုင်းဒေသကြီးခြောက်ခုအနက် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့သည် ထိပ်ဆုံးက ပါဝင်သည်။

မြန်မာနိုင်ငံတွင် မိုးစပါးနှင့်နွေစပါးစိုက်ဧကသန်း ၂၀ ရှိသည့်အနက် ဧရာဝတီ၌ ၄ ဒသမ ၉၀ သန်းရှိသောကြောင့် တစ်နိုင်ငံလုံးစပါးစိုက်ဧက၏ လေးပုံတစ်ပုံ (၂၅ ရာခိုင်နှုန်း)ခန့်ရှိကြောင်း သက်ဆိုင်ရာသတင်းထုတ်ပြန်ချက်များအရ သိရသည်။ တောင်သူလယ်သမားအရေအတွက်မှာလည်း တိုင်းဒေသကြီးရှိ လူဦးရေ၏ ၇၄ ရာခိုင်နှုန်းရှိရာ ဧရာဝတီက စိုက်ပျိုးမွေးမြူရေးကဏ္ဍဖြင့် နိုင်ငံတော်၏ စီးပွားရေးကို အဓိကအထောက်အကူပြုပေးလျက်ရှိသည်။

သို့ဖြင့် ယခုအပတ်ပြည်သူ့အသံ ပြည်သူ့အကြံကဏ္ဍတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ တောင်သူလယ်သမားအချို့၏ ပြည်သူ့အသံ ပြည်သူ့အကြံပြုချက်များကိုကောက်နုတ်ရွေးချယ်တင်ပြလိုက်ရပါသည်။

**ဦးစိုးနိုင်**
**ဥက္ကဋ္ဌ**
**ပြည်သူ့လွှတ်တော်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပတ်သက်ရင် နိုင်ငံတော်နဲ့လွှတ်တော်က အင်မတန် အလေးအနက်ထားတယ်။ နိုင်ငံရဲ့ ၇၀ ရာခိုင်နှုန်းက လယ်လုပ်သူတွေ လယ်သမားမိသားစုတွေ ဖြစ်ပါတယ်။ အစိုးရသစ်လက်ထက်မှာ လယ်သမားတွေနဲ့ ပတ်သက်ပြီး လယ်ယာမြေဥပဒေ၊ မြေလွတ်မြေရိုင်းနဲ့ ဆိုင်တဲ့ဥပဒေ၊ နည်းဥပဒေတွေလုပ်တယ်။

လယ်သမားတွေရဲ့အကျိုးကို မျှော်လုပ်တာပါ။ ယခင်ဥပဒေအရ ဒီလယ်ယာမြေတွေကို လယ်သမားတွေက ဘာမှလုပ်လို့မရဘူး။ အခုဆို ရောင်းနိုင်တာတို့၊ ပေါင်နိုင်တာတို့၊ ငှားတာတို့၊ လယ်လယ်ချင်းလဲတာတို့ ဒီလိုအခွင့်အရေးတွေ ရှိတယ်။ မြေလွတ်၊ မြေလပ် မြေရိုင်းနဲ့ ပတ်သက်ရင်လည်း လယ်သမား အသေးလေးကစပြီး တကယ့်စီးပွားဖြစ်လုပ်နိုင်တဲ့သူအထိ မြေလွတ်မြေရိုင်းတွေကိုလျှောက်ပြီး လုပ်ပိုင်ခွင့်ရှိတယ်။

ယခင်က အကြောင်းအမျိုးမျိုးကြောင့် သိမ်းဆည်းခံရတဲ့လယ်ယာမြေတွေနဲ့ပတ်သက်လို့ လယ်သမားတွေ ပြန်တောင်းဆိုနေတာတွေကိုလည်း အစိုးရကအလေးတယူထားပြီး ဖြေရှင်းနေတယ်။ ဟိုတုန်းကတော့ လုပ်ငန်းလုပ်နည်းဥပဒေတွေ အဆင့်ဆင့်ရှိတာပေါ့။ အခုနောက်ဆုံးဆိုရင် အမျိုးသားမြေယာစီမံခန့်ခွဲမှု ဗဟိုကော်မတီကို ဒုတိယသမ္မတ ဦးဆောင်ပြီးဖွဲ့တယ်။ မြေယာမူဝါဒကို ထိထိရောက်ရောက်အသုံးချပြီး လယ်သမားတွေအတွက် လုပ်နိုင်အောင်ဆိုပြီး နောက်ထပ်ကော်မတီဆန်ဆန်လေးခုထပ်ပြီး ဆောင်ရွက်ပေးတာရှိတယ်။ မြေယာဆိုတာကလည်း အမျိုးအစားတွေအများကြီးရှိတယ်။ အဲဒါတွေကို အခုနောက်ဆုံးအခြေအနေနဲ့ညီအောင် အစိုးရဘက်ကလည်း တာဝန်ရှိသူတွေ ဆောင်ရွက်နေတယ်။ မကြာခင် အကြံပြုချက်တွေနဲ့ ပြည့်စုံတဲ့ဥပဒေတွေကိုလည်း လွှတ်တော်ထဲမှာ ဆွေးနွေးပြီးတော့ နိုင်ငံတော်အတွက် အင်မတန်အကျိုးရှိတဲ့ မြေအသုံးချရေးမူဝါဒနဲ့ဆိုင်တဲ့ ဥပဒေတွေ လုပ်ထုံးလုပ်နည်းတွေထွက်လာဖို့ ရှိတယ်။

ဘာကိုရည်ရွယ်သလဲဆိုရင် ယနေ့ဖြစ်နေတဲ့ လယ်သမားတွေရဲ့ အခက်အခဲတွေကို ဥပဒေနဲ့အညီ ရှင်းပေးချင်လို့၊ ဥပဒေနဲ့အညီ ရှင်းပေးမှပဲ ရေရှည်ကောင်းမယ်။ လယ်ယာကဏ္ဍတိုးတက်ဖို့ အခုနောက်ဆုံး တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းနိုင်ခဲ့ပြီ။

လိုအပ်တဲ့ချေးငွေကို ထိထိရောက်ရောက်ပေးနိုင်အောင် ရှိပြီးသားဥပဒေတွေအပြင် ထိထိရောက်ရောက်ပေးနိုင်အောင် စဉ်းစားဆောင်ရွက်နေတာတွေလည်း ရှိတယ်။ လွှတ်တော်အပိုင်းရော အစိုးရအပိုင်းရော အတူတူပါပဲ။ အစိုးရကလည်း စဉ်းစားတယ်၊ လွှတ်တော်အပိုင်းကလည်း အကြံပြုတယ်။ ပြီးရင်ဥပဒေတို့ နည်းဥပဒေတို့ ပေါ်လာတာပေါ့၊ အဲဒါတွေကို လယ်သမားကြားမှာ လက်တွေ့ကျင့်သုံးမှာပေါ့။ နောက်ဆိုရင် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားရင် အထောက်အကူပေးတဲ့ကိစ္စတို့၊ အခြေခံကျတဲ့ ၁၀ ဧက၊ ၁၅ဧက အဲဒီလိုလူတွေကိုလည်း ထိထိရောက်ရောက်ပေးနိုင်အောင်တို့၊ နောက်စိုက်ပျိုးရေးအပြင် မွေးမြူရေးကိစ္စတွေပါ ပေးနိုင်အောင်တို့ အဲဒီကိစ္စတွေကို အခုဆောင်ရွက်နေတယ်။

လယ်သမားနဲ့ပတ်သက်ရင်တော့ ဦးစားပေးတစ်ပဲ။ မြန်မာနိုင်ငံမှာ စိုက်ရေးပျိုးရေးထက် အရေးကြီးတာ ဘာမှမရှိဘူး။ လွှတ်တော်အပိုင်းကရော၊ အစိုးရအပိုင်းကရော၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအပိုင်းကရော လုပ်နေတယ်။ အားလုံးက တက်ညီလက်ညီနဲ့ပူးပေါင်းပါဝင်ပြီး ဦးတည်ကြိုးစားနေတယ်။

ဧရာဝတီတိုင်းဒေသကြီးကတော့ သူ့နယ်မြေနဲ့ပြောမယ်ဆိုရင် ဟိုးအပေါ်ဘက်ခြမ်း ဟင်္သာတတို့ မြန်အောင်တို့ကျတော့ ကုန်းတွင်းပိုင်းပေ့ါ၊ အောက်ဘက်က ဖျာပုံ၊ ဘိုကလေး၊ လပွတ္တာတို့အခြမ်းကတော့ ပင်လယ်ဘက်ပေ့ါ၊ ဟိုဘက်ဆိုလည်း ရေနက်ကွင်းစိုက်တာတို့၊ ရေငန်စိုက်တာတို့ ဒီဘက်ဆိုလည်း ကုန်းပေါ်စိုက်တာပေ့ါ၊ ဒီလိုတွေရှိတယ်။ အထူးသဖြင့်က သူ့ဒေသနဲ့ကိုက်ညီတဲ့မျိုး၊ သူ့ဒေသနဲ့အထွက်နှုန်းကောင်းမယ့် ဆန်စပါးပေ့ါ၊ ဒါကို နည်းစနစ်မှန်ကန်စွာနဲ့ လုပ်ဖို့လိုတယ်။

ထွက်လာတဲ့ ဆန်စပါးတွေကိုလည်း လွတ်လွတ်လပ်လပ် ရောင်းဝယ်မယ့်ဈေးကွက်ပေ့ါ၊ ဧရာဝတီတိုင်းဒေသကြီးဆို ရန်ကုန်လည်းပို့လို့ရတယ်။ တနင်္သာရီလည်း ပို့လို့ရတယ်။ သယ်ယူပို့ဆောင်ရေး စရိတ်တွေနည်းအောင် အဲဒီလိုဝိုင်းပြီးလုပ်ကြမယ်ဆိုရင် နိုင်ငံရဲ့စပါးကျီဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီးအတွက်လည်း ကောင်းမယ်။ တစ်နိုင်ငံလုံးအတွက်လည်း ကောင်းမယ်။ ဝိုင်းလုပ်ဖို့ပဲလိုတယ်။

**ဦးစိုးမြင့်**
**ဖရဲချောင်းကျေးရွာအုပ်စု**
**မြောင်းမြမြို့နယ်**

စိုက်စရိတ်တွေကတော့ အကုန်နီးပါးမဆပ်ကြရသေးဘူး။ ကြိုးစားနေကြတယ်။ ကျွန်တော်တို့ဆီက လယ်သမားတွေက ကိုယ့်ဝမ်းစာအတွက်ပဲများတယ်။ လယ်ခွင်စိုက်ကျယ်ကျယ်မှ မရှိတာ။ လေးငါးဧကသမားတွေများတယ်။ အခု အကုန်ပြီးလို့ ဆောင်းပြန်ချပြီ။ သူ့ဟာနဲ့သူ အဆင်ပြေတယ်။ ကျွန်တော်တို့ဆီက မိုးဘက်တစ်ဧက တစ်သိန်းနဲ့ထုတ်ထားတယ်။ အခု ဆောင်းဘက်ကို အုပ်ချုပ်ရေးမှူးတွေကထုတ်ဖို့ အစီအစဉ်ဆွဲနေတယ်။ ကျွန်တော်တို့ဘက်က ဆောင်းလည်းစပါးပဲ စိုက်တယ်။ ဝါးခယ်မဘက်ကတော့ ပဲတို့၊ ပြောင်းတို့၊ နှမ်းတို့စိုက်တယ်။ ဒီနှစ်ကျွန်တော်တို့ မြောင်းမြမှာ စပါးအထွက်မလျော့ဘူး။ တိုးတယ်။ စပါးဈေးလည်း ဒီနှစ်တိုးတော့ မဆိုးဘူးလို့ ပြောရမယ်။

**ဦးသိန်းစိုး**
**မရဲပျားမွတ်ကျေးရွာအုပ်စု**
**ဖျာပုံမြို့နယ်**

ကျွန်တော် လယ် ၁၃ ဧက စိုက်ပါတယ်။ ဒီနှစ်ဆင်းသွယ်လတ်နဲ့ ဘေးကြားအနည်းအကျဉ်း စိုက်ပါတယ်။ စပါးဈေးအခြေအနေကတော့ အရင် ခါတိုင်းနှစ်တွေထက်စာရင် အများကြီးကောင်းပါတယ်။ ရာသီဥတုကြောင့် ပထမပိုင်းမှာ အပျက်အစီးအနည်းအပါးရှိတယ်။ ရိတ်တုန်းတန်းလန်း စက်နဲ့ခြွေနေတုန်းမှာ မိုးရွာလိုက်တဲ့အတွက် ခဏရပ်ပစ်လိုက်ရတယ်။ လေးငါးရက်နောက်ပိုင်းမှ ကောင်းသွားတယ်။ ကျွန်တော်က ကိုယ်ပိုင်စက်လှေ့ရှိတော့ ဘိုကလေးမှာ ဈေးကောင်းရင် ဘိုကလေး၊ ကျိုက်လတ်မှာ ဈေးကောင်းရင် ကျိုက်လတ်မှာရောင်းတယ်။

ကျွန်တော်အကြံပြုချင်တာက လယ်ကို မိရိုးဖလာလုပ်နေတာထက်စာရင် စပါး အထူးအထွက်တိုးအောင် ပိုပြီးပံ့ပိုးဆောင်ရွက်ပေးစေချင်ပါတယ်။ အထွက်တိုးရင် ကျွန်တော်တို့ လယ်သမားဘဝပိုပြီး သာယာဝပြောလာမယ်။ မျိုးသန့်တို့ ဘာတို့ကတော့ အခက်အခဲမရှိတော့ပါဘူး။ စိုက်ပျိုးရေးဌာနက ကျွန်တော်တို့ဖျာပုံမှာရော ကျိုက်လတ်နဲ့ ဘိုကလေးမှာပါ ရောင်းပေးနေတယ်။ ဒီနှစ်မှာ အဆိုးဆုံးကတော့ အလုပ်သမားရှားပါးတဲ့ ပြဿနာက အခက်အခဲရှိတယ်။ ကျွန်တော်တို့ ဖျာပုံမြို့နယ် မြောက်ခြမ်းက မိုးစပါးရိတ်တဲ့အခါ စက်ဆင်းလို့ မရဘူး။ မြေကျွံတယ်။ လူအားနဲ့ရိတ်ရတဲ့အခါကျတော့ အချိန်ကြန့်ကြာတာပေ့ါလေ။ နောက်တစ်ခုက စပါးဈေးက အခု လက်ရှိအနေအထားထက် မကျသွားဘူးဆိုရင် ကျွန်တော်တို့ လယ်သမားတွေအတွက် တွက်ချေပိုကိုက်တာပေ့ါ။

**ဦးတင့်လွင်**
**ပင်လယ်တိမ်ကျေးရွာ**
**ဘိုကလေးမြို့နယ်**

ကျွန်တော် လယ်ဧက ၂၀ စိုက်ပါတယ်။ ကျွန်တော်တို့ဘက်က ရေငန်ဖြစ်တဲ့အတွက် သီးထပ်မရတဲ့အခါကျတော့ ဘေးကြားလေးရယ်၊ သက်လတ်ခွန်နီတို့၊ မနောတို့စိုက်ပါတယ်။ ကျွန်တော်တို့ဆီမှာလည်း ရိတ်သိမ်းချိန်မှာ ကောက်ရိတ်သမားအခက်အခဲတော်တော်များများ ကြုံပါတယ်။ ရိတ်သိမ်းချိန်မှာ အလေအလွင့်လေးတွေ အနည်းငယ်ကြုံတာပေ့ါ၊ စပါးရိတ်တဲ့ အမျိုးသမီးအတော်များများက ရန်ကုန်တက်ပြီး စက်ရုံတွေမှာ အလုပ်သွားလုပ်ကြတယ်။ ဒါကြောင့် အထက်ဘက် (ဇလွန်၊ဟင်္သာတ)က ဆင်းတဲ့ ကောက်ရိတ်သမားတွေကိုပဲ အတင်းရှာဖွေပြီး ရိတ်ရတယ်။ ဒီနှစ် စပါးဈေးကတော့ ကျွန်တော်တို့ဘက်မှာလည်း မဆိုးပါဘူး။ ဒီထက်မကျဘဲ ရှေ့ဆက်ပြီး စပါးဈေးတိုးသွားမယ်ဆိုရင် ကျွန်တော်တို့ တောင်သူလယ်သမားတွေအတွက် ငွေရေးကြေးရေးကအစ အစစအရာရာ အဆင်ပြေတာပေ့ါ။

စိုက်ပျိုးစရိတ်ချေးငွေကတော့ တစ်ဧက တစ်သိန်းနှုန်းနဲ့ ၁၀ ဧကအတွက် ၁၀ သိန်းချေးထားတယ်။ လယ်ထွက်စပါးနဲ့ ဒီချေးနှုန်းနဲ့ဆိုပြန်လည် ပေးဆပ်နိုင်ပါတယ်။ ဝမ်းစာ၊ မျိုးစပါး အပါအဝင် အနည်းအပါးတော့ပိုလျှံတာပေ့ါ၊ ခါတိုင်းနှစ်တွေကတော့ မကျန်ပါဘူး။ ခါတိုင်းနှစ်က စိုက်ဘဏ်ချေးငွေကာလ အချိန်ရောက်လို့ရှိရင် အောက်လက်ကုန်သည်တွေက စပါးဈေးထိုးကျသွားလေ့ရှိတယ်။ နှစ်ရာရောင်းရမယ့်နေရာ နှစ်ရာ့ငါးဆယ်မျိုး၊ နှစ်ရာ့ခုနစ်ဆယ်မျိုးတင်ပြီး ပိုရောင်းပေးရတယ်ပေ့ါနော်။ အဲဒီလိုမျိုးဆို ကျွန်တော်တို့တောင်သူတွေအတွက် အခက်အခဲတွေ့ရတာပေ့ါ၊ ဒီနှစ်မှာ ကြမ်းခင်းဈေး ခြောက်သိန်းခွဲလောက်ပေါက်နေတဲ့အခါကျတော့ ဒီဈေးက ဒီထက်မကျဘဲဆိုရင် တော်တော်လေးသက်သာသွားမယ်။

အကြံပြုချင်တာကတော့ အခုအထွက်နှုန်းတွေထက် ပိုပြီးကောင်းမွန်အောင် စိုက်ပျိုးရေးပညာရှင်တွေအနေနဲ့ ကျွန်တာ်တို့ ကျေးရွာတောင်သူလယ်သမားတွေဆီလာပြီး နည်းပညာပေး ပို့ချပေးရင် ပိုကောင်းမယ်လို့ ထင်ပါတယ်။

**ဦးသိန်းစိုး**
**ကမကလူကျေးရွာ**
**ဘိုကလေးမြို့နယ်**

ကျွန်တော်က ကိုယ်ပိုင်လယ် ၅၀၊ အမေပိုင်တဲ့လယ် ၅၀ နဲ့ဆိုရင် ဧက ၁၀၀ လုပ်ပါတယ်။ လယ်ထွန်စက်နဲ့ပဲ လုပ်တော့ အလုပ်သမား(၇)ယောက်ပဲ ငှားရတယ်။ ဒီနှစ်ရာသီဥတုက ရွာသင့်တဲ့အချိန်မရွာဘဲ မရွာသင့်တဲ့အချိန် မိုးရွာတယ်။ ကျွန်တော်တို့က တာတွင်းဖြစ်တယ်။ နိုင်ငံတော်က ဒီနှစ်တာကြီးကိုပတ်ပေးမယ်လို့ စီမံချက်ထွက်ထားတယ်။ တာကြီးပတ်ပြီးသွားရင် ကျွန်တော်တို့က ရွှေဖြစ်ပြီပေ့ါ၊ သူဌေးဖြစ်ပြီ။ အဲဒါကြီးကိုဖြစ်စေချင်တယ်။ စီမံကိန်းကမစသေးဘူး။ စီမံချက်ထွက်ပြီလို့ပဲပြောတယ်။ အခု လူကြီးတွေလိုက်ကြည့်နေတယ်။ ဒီနှစ် ကျွန်တော် ဘေးကြား ၄၀၊ ခွန်နီ ၆၀ စိုက်တယ်။ ဒါပေမယ့် ဘေးကြား ၄၀ က ၃၀ သေသွားတယ်။ အချိန်မဟုတ် မိုးရွာလိုက်တယ်။ ရွာတဲ့အချိန် ကျွန်တော်တို့ကလည်း တာတွင်းဆိုတော့ ရေကထုတ်လို့မရဘူး။ မနိုင်တော့ဘူး။ အဲဒီတာကြီးပတ်ထားရင် လိုချင်သလောက်ထုတ်၊ ပြန်ပြီးတော့သွင်းရတယ်။ အခုရေလျှော့လို့မရတဲ့အတွက် ကျွန်တော့်လယ် ၃၀ သေသွားတယ်။ အဲဒါနဲ့ ခွန်နီပဲ ပြန်ကျဲရတယ်။ ဒီနှစ်စပါးလည်း အထွက်နည်းနည်းဆုတ်တယ်။ မနှစ်က ၅၅ တင်းထွက်တယ်။ ဒီနှစ် ဘေးကြားကို ခြွေလိုက်တော့ ၄၀ ပဲထွက်တယ်။ ၁၅ တင်းလောက်လျော့သွားတယ်။ ခွန်နီ အထွက်ကိုပဲ စောင့်ကြည့်ရတော့မယ်။ ဒီနှစ်တော့ နည်းနည်းပဲမြတ်မယ်။ ၁၀ သိန်းရင်းမှ တစ်သိန်းပေ့ါ၊ ဒါပေမယ့် စပါးကို ကျွန်တော်တို့ စိုက်ချင်တဲ့အချိန် စိုက်ရမယ်။ ရိတ်ချင်တဲ့အချိန် ရိတ်ရမယ်ဆိုရင် ကျွန်တော်တို့ရအောင်လုပ်နိုင်တယ်။ နှစ်တိုင်း ရေကျော်နေတော့ တာပတ်နိုင်မယ်ဆိုရင် ကျွန်တော်တို့ဘက်က ဧက နှစ်သောင်းကျော် သုံးသောင်း၊ အကုန်အဆင်ပြေသွားမယ်။ တာက ကျွန်တော်တို့နောက်က ပတ်သွားတာ တစ်ကွင်းလုံး တစ်ကျွန်းလုံးပဲ။ ကျွန်တော်တို့က ဒေါင့်ကြီးအပိုင်ဆိုတော့ ဒေါင့်ကြီးတာလို့လည်းခေါ်တယ်။ ကျွန်တော်တို့ လယ်သမားတွေအကုန်လုံး တာကိုပြင်ပေးဖို့ အတော်လိုလားနေတယ်။

**ဦးရဲမြင့်**
**ပျာကတတ်ကျေးရွာအုပ်စု**
**ဟင်္သာတမြို့နယ်**

ကျွန်တော်က ၁၆ ဧကစိုက်ပါတယ်။ ပုလဲသွယ် ၆ ဧက၊ ဆင်းသွယ်လတ် ၂ ဧကနဲ့ ရွှေဝါ ဆန် ၈ ဧက စိုက်ပါတယ်။ စပါးဈေးက ၃၆၀၀၀၀၊ ၃၇၀၀၀၀ ဆိုတော့ သိပ်မဆိုးပါဘူး။ ဒါပေမယ့် ကျွန်တော်တို့က စပါးဈေးလေးသိန်းလောက်မီမှ ကိုက်မှာ။ ကျွန်တော်တို့အတွက် အခုအချိန်မှာ အလိုအပ်ဆုံးက ဓာတ်မြေဩဇာပါပဲ။ အချိန်မီသုံးစွဲနိုင်ဖို့ရယ်၊ နောက် လယ်ယာစိုက်ပျိုးရေးဘဏ်ကနေထုတ်တဲ့ ငွေကြေးကို အချိန်မီရရှိဖို့ရယ်၊ ဓာတ်မြေဩဇာသုံးစွဲတဲ့အခါမှာ နိုင်ငံတော်အစိုးရကနေ ဟိုတုန်းကလို သူ့ဈေးနှုန်းနဲ့သူ ထုတ်ပေးနိုင်မယ်ဆိုရင် မြန်မြန်ဆန်ဆန် လွယ်လွယ်ကူကူနဲ့ပြည့်စုံအောင် သုံးနိုင်မှာပါ။ အခု ကျွန်တော်တို့မှာ ကုန်သည်တွေနဲ့ဆက်သွယ်ပြီး လုပ်ရတဲ့အခါကျတော့ တစ်ခါတလေမှာ လယ်သမားတွေအတွက် ငွေရေးကြေးရေး နည်းနည်းခက်ခဲတဲ့အချိန်လေးမှာဆိုရင် အတိုးငွေတွေ ပေးပြီးဝယ်ရပါတယ်။ စိုက်ဘဏ်ကလည်း ဓာတ်မြေဩဇာလိုအပ်ချက်နဲ့ တစ်ပြိုက်နက်တည်း မချေးနိုင်သေးပါဘူး။ နောက်ကျတယ်။ ဒီနှစ် ဟင်္သာတမှာ ရာသီဥတုကောင်းပါတယ်။

**ဦးတင်ခဲ**
**ဒူးယားကျေးရွာအုပ်စု**
**ဟင်္သာတမြို့နယ်**

ကျွန်တော်က ခုနစ်ဧက စိုက်ပါတယ်။ ဆင်းသုခမျိုးပဲစိုက်ပါတယ်။ မိုးချေးငွေကို တောင်သူလယ်သမားတွေ လုံလောက်အောင် ဘဏ်ကနေ ထုတ်ပေးမယ်ဆိုရင် အကုန်အဆင်ပြေတာပေ့ါဗျာ။ အခုက သူများဆီမှာ အတိုးနဲ့ဆွဲပြီးသုံးရတဲ့အခါကျတော့ စပါးဈေးများ အကယ်၍ ကသိကအောက်ဖြစ်ခဲ့မယ်ဆိုရင် ပိုဆိုးတယ်။ ဒါတောင် စပါးဈေးက အခု ၃၆၅၀၀၀ ကျပ်ဆိုတော့ နည်းနည်းတော်သေးတယ်။ ဒါထက် တိုးလာမယ်ဆိုရင် ပိုပြီးအဆင်ပြေနိုင်တာပေ့ါဗျာ။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်က တောင်သူလယ်သမား နှီးနှောဖလှယ်ပွဲကို ကျွန်တော်တို့ ဒူးယားကျေးရွာမှာလုပ်တော့ ကျွန်တော်အသက်(၁၂)နှစ်ရှိပြီ။

တောင်သူလယ်သမားတွေဘဝ ထိထိရောက်ရောက်ပြောင်းလဲဖို့ဆိုရင် ဘဏ်ကနေ ငွေရေးကြေးရေးတွေကို ထုတ်ပေးမယ်။ စက်ပစ္စည်း ကိရိယာတွေကိုလည်းအချိန်မီပေးရမယ်။ ပေးတဲ့စက်ပစ္စည်းကိရိယာတွေကိုလည်း တစ်နှစ်တည်း တောင်သူလယ်သမားတွေက မဆပ်နိုင်တော့ အရစ်ကျလေးဆပ်ရမယ်ဆိုရင် ပိုပြီးအဆင်ပြေမယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ဆီမှာ နွားဆိုတာမရှိတော့ဘူးဗျ။ စက်ပစ္စည်းကိရိယာနဲ့ပဲ သုံးနေရတာ၊ စက်ပစ္စည်းကိရိယာ ပြေပြေလည်လည်ရှိမယ်၊ စိုက်စရိတ်တွေရှိမယ်ဆိုရင် တောင်သူလယ်သမားတွေ ပိုပြီးအဆင်ချောပြီ။ စပါးဈေးကလည်း တည်ငြိမ်နေမယ်ဆိုရင် ပိုကောင်းမယ်။ စပါးဈေးက အတက်အကျများနေရင် တောင်သူလယ်သမားက စမ်းတဝါးဝါးလုပ်နေရတယ်။

# ATM ငွေထုတ်စက်များမှ ငွေလိမ်လည်ထုတ်ယူသူ နိုင်ငံခြားသားငါးဦးအား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အချို့ရှိ ပုဂ္ဂလိကဘဏ်များ၏ ATM ငွေထုတ်စက်များတွင် နိုင်ငံခြားသားအချို့က ငွေထုတ်ကတ်အတု အသုံးပြု၍ ငွေများလိမ်လည်ထုတ်ယူနေကြောင်း ပြည်သူများ၏ သတင်းပေးချက်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာဘဏ်မှ တာဝန်ရှိသူများက စောင့်ကြည့်ဖော်ထုတ်ဖမ်းဆီးခဲ့ရာ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၂ ရက်တွင် နိုင်ငံခြားသားတစ်ဦးက ငွေထုတ်ကတ်အတုဖြင့် ငွေထုတ်ယူနေစဉ် ဖမ်းဆီးရမိခဲ့သည်။ စစ်ဆေးဖော်ထုတ်ချက်များအရ ၎င်းနှင့်အတူ အခြားနိုင်ငံခြားသား လေးဦးတို့ ပူးပေါင်းပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိကဘဏ် ခြောက်ခု၏ ငွေစာရင်းများ(Account) များနှင့် မြန်မာနိုင်ငံ ပုဂ္ဂလိကဘဏ်တို့နှင့် ချိတ်ဆက်ထားသည့် VISA ကုမ္ပဏီတို့မှ ဆုံးရှုံးခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ATM ငွေထုတ်စက်များသည် သက်ဆိုင်ရာနိုင်ငံခြားငွေကြေးအဖွဲ့အစည်းများမှ တာဝန်ယူ တပ်ဆင်ပေးသော စက်များသာဖြစ်ပြီး အဆိုပါဖြစ်စဉ်များနှင့် ပတ်သက်၍ ဘဏ်များ၏ အားနည်းချက်ကြောင့်မဟုတ်ဘဲ ATM ငွေထုတ်စက်များ၏ အားနည်းချက်ကြောင့်ဖြစ်ရာ အဆိုပါအားနည်းချက်များအပေါ် အခွင့်ကောင်းယူပြီး နည်းပညာကျွမ်းကျင်သည့် နိုင်ငံခြားသားပြစ်မှုကျူးလွန်သူများက ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့ရာတွင် ပြည်သူများ၏ သတင်းပေးဆောင်ရွက်မှုအရ



၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၂ ရက်တွင် ပုဂ္ဂလိကဘဏ်များ၏ ATM ငွေထုတ်စက်မှ ငွေထုတ်ယူခဲ့သည့် အင်္ဂလန်နိုင်ငံသား Mr. Niranjan Rasalingam အား တွေ့ရစဉ်။



၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၂ ရက်တွင် ပုဂ္ဂလိကဘဏ်များ၏ ATM ငွေထုတ်စက်မှ ငွေထုတ်ယူခဲ့သည့်ဖြစ်စဉ်မှ ပူးပေါင်းပါဝင်ခဲ့သည့် အိန္ဒိယနိုင်ငံသားများ (ဝဲမှယာ) Mr.Mathiyalagan Rajkuman၊ Mr.Pandian Balu၊ Mr. Muthaiya Dinesh Kumar နှင့် တရားခံပြေး Mr.Sajagan Mohamed Arif တို့အား တွေ့ရစဉ်။

ATM ငွေထုတ်စက်များမှ ၅၈ ကြိမ် ထုတ်ယူခဲ့ကြောင်း ဖော်ထုတ်ရရှိခဲ့သည်။ ပြစ်မှုကျူးလွန်သူ နိုင်ငံခြားသား လေးဦးအား ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ငွေထုတ်ကတ်အတု ၃၅ ကတ်၊ Memory Card နှစ်ခု၊ iPad တစ်ခု၊ Laptop ကွန်ပျူတာ တစ်ခုနှင့် မြန်မာငွေကျပ် ၂၅၂ သိန်းကျော်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကျန်တစ်ဦးမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။

ပြစ်မှုကျူးလွန်သူများသည် ပြည်ပမှ ငွေထုတ်ကတ် ကုတ်နံပါတ်များကို နည်းပညာဖြင့် ရယူခဲ့ပြီး ငွေထုတ်ကတ်အတုပြုလုပ်ကာ မြန်မာနိုင်ငံအတွင်းရှိ ATM ငွေထုတ်စက်များမှ ငွေများလိမ်လည်ထုတ်ယူခဲ့ကြခြင်းဖြစ်ကြောင်း၊ ယင်းငွေထုတ်ကတ်အတုများဖြင့် ထုတ်ယူခဲ့ကြသော ငွေများမှာ မြန်မာနိုင်ငံသား ငွေစုရှင်များ၏ အစုရှယ်ယာများနှင့် ပုဂ္ဂလိကဘဏ်အသီးသီးတို့မှ ထိခိုက်နစ်နာမှုမရှိဘဲ စိစစ်ဆဲအခြားနိုင်ငံခြားသားများ၏



၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် ATM ငွေထုတ်စက်အနီး ငွေထုတ်ယူရန်ကြံစည်ခဲ့သည့် ဘူလ်ဂေးရီးယားနိုင်ငံသား Mr.Dimo Velinov Ivanov အား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာဘဏ်များမှ တာဝန်ရှိသူများ ပူးပေါင်းစုံစမ်းဖော်ထုတ်ခဲ့ကြောင်း၊ ပြစ်မှုကျူးလွန်ခဲ့သူများမှ ဖမ်းဆီးရမိသူများဖြစ်သည့် အင်္ဂလန်နိုင်ငံသား Mr. Niranjan Rasalin gam၊ အိန္ဒိယနိုင်ငံသား Mr.Mathiyalagan Rajkumar၊ Mr.Pandian Balu နှင့် Mr. Muthaya Dinsh Kumar တို့ လေးဦးနှင့် တရားခံပြေး အိန္ဒိယနိုင်ငံသား Mr.Sajagan Mohamed Arif တို့အပေါ် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ သက်ဆိုင်ရာရဲစခန်းများ၌ ပြစ်မှုဆိုင်ရာ ဥပဒေ၊အီလက်ထရွန်နစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေနှင့် ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး(လတ်တလော ပြဋ္ဌာန်းချက်များ) အက်ဥပဒေတို့အရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အလားတူ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အတွင်း ပုဂ္ဂလိကဘဏ်တစ်ခု၏ ATM ငွေထုတ်စက်အနီး၌ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များသည် တာဝန်ရှိသူများနှင့်အတူ စောင့်ကြပ်ကြည့်ရှုလျက်ရှိစဉ် နိုင်ငံခြားသားတစ်ဦးအား မသင်္ကာဖွယ်ရာတွေ့ရှိသဖြင့် ခေါ်ယူစစ်ဆေးခဲ့ရာ ATM ငွေထုတ်စက်တွင် ငွေထုတ်ကတ်အတုဖြင့် ငွေထုတ်ယူနိုင်ရန် ကြံစည်နေကြောင်းစစ်ဆေးတွေ့ရှိရသဖြင့် အရေးယူဆောင်ရွက်ခဲ့သည်။ ယင်းဖြစ်စဉ်တွင် ပြစ်မှုကျူးလွန်သူ နိုင်ငံခြားသားမှာ ဘူလ်ဂေးရီးယားနိုင်ငံသား Mr.Dimo Velinov Ivanov ဖြစ်ပြီး ၎င်းနှင့် အတူ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် Memory Card တစ်ခုစီပါဝင်သော ဆားကစ်နှစ်ခု၊ ဘက်ထရီအသေး နှစ်ခု၊ ကပ်ခွာပြုလုပ်နိုင်သည့် သတ္တုပြား နှစ်ခု၊ Megnetic Card Skinner/Reader တစ်ခု၊ Dimo Ivanov အမည်ပါ Visa Card တစ်ခု၊ Master Card တစ်ခုတို့နှင့်အတူ လက်ကိုင်ဖုန်းတစ်လုံး၊ ဘက်စုံသုံးဓားတစ်ချောင်း၊ မြန်မာငွေ ကျပ် ၁၇၁၀၀ ကျပ်၊ အမေရိကန်ဒေါ်လာ ၁၀၀ တန် တစ်ရွက်တို့ကို ဖမ်းဆီးရမိခဲ့ပြီး ၎င်းအား ပြစ်မှုဆိုင်ရာဥပဒေ၊ အီလက်ထရွန်နစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေနှင့် ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး(လက်တလောပြဋ္ဌာန်းချက်များ)အက်ဥပဒေတို့အရ အရေးယူဆောင်ရွက်လျက်ရှိသည်။ သတင်းဆက် စိစစ်ဖော်ထုတ်ခဲ့ရာ ၎င်းနှင့် အတူပြစ်မှုကျူးလွန်ရန် အတူပါဝင်ကြံစည်ဆောင်ရွက်ခဲ့သူ ဘူလ်ဂေးရီးယားနိုင်ငံသား Mr.Shmandurov Andan Jvinov က ပါဝင်ပတ်သက်မှုရှိကြောင်း ဖော်ထုတ်သိရှိရပြီး တိမ်းရှောင်ထွက်ပြေးလျက်ရှိကြောင်း စိစစ်သိရှိရသည်။

သို့ပါ၍ အထက်ဖြစ်စဉ်နှစ်ခု ကျူးလွန်ခဲ့ရာတွင် ပြည်သူများ၏ သတင်းပေးချက်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာဘဏ်များမှ တာဝန်ရှိသူများ၏ ပူးပေါင်းစုံစမ်းဖော်ထုတ်ခဲ့မှုကြောင့် ပြစ်မှုကျူးလွန်သူအင်္ဂလန်နိုင်ငံသားတစ်ဦး၊ အိန္ဒိယနိုင်ငံသား သုံးဦးနှင့် ဘူလ်ဂေးရီးယားနိုင်ငံသား တစ်ဦး စုစုပေါင်းနိုင်ငံခြားသား ငါးဦးအား ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး နိုင်ငံခြားသား တရားခံနှစ်ဦးမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။



ပြစ်မှုကျူးလွန်သူများအသုံးပြုခဲ့သည့် ATM ငွေထုတ်ကတ်အတုများကိုတွေ့ရစဉ်။



၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် ATM ငွေထုတ်စက်အနီး ငွေထုတ်ယူရန်ကြံစည်ခဲ့သည့် ဖြစ်စဉ်မှ တိမ်းရှောင်ထွက်ပြေးလျက်ရှိသည့် ဘူလ်ဂေးရီးယားနိုင်ငံသား Mr.Shmandurov Andan Jvinov။

ATM ငွေထုတ်စက်စနစ်များသည် မြန်မာနိုင်ငံ ပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံခြားကုမ္ပဏီဖြစ်သည့် VISA ကုမ္ပဏီတို့ပူးပေါင်းဆောင်ရွက်သည့် ငွေထုတ်စနစ်ဖြစ်ပြီး ATM စက်နှင့် နည်းပညာရပ်များကို သက်ဆိုင်ရာ VISA ကုမ္ပဏီမှ တာဝန်ခံတပ်ဆင်ခဲ့ခြင်းဖြစ်ကြောင်း၊ အရည်အသွေးနှင့် လုံခြုံမှုအားနည်းသော ATM စက်နှင့် နည်းပညာရပ်များ၏ အားနည်းချက်များကို ဖော်ထုတ်သုံးသပ်ပြီး နောင်အလားတူ ထပ်မံမဖြစ်ပွားစေရေးအတွက် မြန်မာနိုင်ငံပုဂ္ဂလိကဘဏ်တို့နှင့် ချိတ်ဆက်ထားသည့် VISA ကုမ္ပဏီမှ ခေတ်မီ ATM ငွေထုတ်စက်များဖြင့် အစားထိုးလဲလှယ်နိုင်ရေးနှင့် လုံခြုံမှုစနစ်ပိုမိုကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့(INTERPOL)၊ သက်ဆိုင်ရာနိုင်ငံများ၊ ကုမ္ပဏီများနှင့် ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများ ပူးပေါင်း၍ သတင်းဆက်တရားခံများအား စုံစမ်းဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

# ကလပ်အသင်းများ ကမ္ဘာ့ဖလား ရီးယဲလ်မက်ဒရစ်ဆွတ်ခူး

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းသည် မိုနာကိုမြို့ရှိ မာရာကက်ရှ်အားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ကလပ်အသင်းများ ကမ္ဘာ့ဖလားနောက်ဆုံးဗိုလ်လုပွဲတွင် အာဂျင်တီးနားမှ တောင်အမေရိကချန်ပီယံ ဆန်လော်ရန်ဆိုအား နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ကလပ်အသင်းများကမ္ဘာ့ဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။



ရီးယဲလ်မက်ဒရစ်အသင်းသည် ယခုကလပ်အသင်းများ ကမ္ဘာ့ဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ၂၀၁၄ ခုနှစ်၏ လေးကြိမ်မြောက်ဖလားဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ရီးယဲလ်မက်ဒရစ်အသင်းသည်၂၀၁၄ ခုနှစ်အတွင်းတွင် ချန်ပီယံလိဂ်ဖလား၊ ကိုပါဒယ်ရေးဖလားနှင့် စပိန်စူပါဖလားတို့ကို ဆွတ်ခူးထားပြီးဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ယခုဆန်လော်ရန်ဇိုအသင်းနှင့် ပွဲစဉ်တွင် စီရိုနယ်လ်ဒို၊ ဘင်ဇီမာ၊ ဘေးလ်၊ ရိုဒရီဂွက်ဇ်၊ အစ္စကို၊ မာဆယ်လို၊ ရာမို့စ်၊ ကာဗာဂျယ် စသည့် ကစားသမားများကို ပွဲထွက်ကစားစေခဲ့ပြီး ပထမပိုင်းပွဲကစားချိန် ၃၇ မိနစ်တွင် နောက်တန်းကစားသမား ဆာဂျီယိုရာမို့စ်က ရီးယဲလ်မက်ဒရစ်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးခဲ့ကာ ဒုတိယမြောက်ဂိုးကို ဒုတိယပိုင်း ပွဲကစားချိန် ၅၁ မိနစ်တွင် တိုက်စစ်မှူး ဂါရတ်ဘေးလ်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ယင်းပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်း အနိုင်ရရှိခဲ့ပြီးနောက် ပြိုင်ပွဲအရပ်ရပ်တွင် ၂၂ ပွဲဆက်တိုက်နိုင်ပွဲ ရရှိခဲ့ပြီး ၎င်းတို့၏ စပိန်စံချိန်ကိုလည်း တင်နိုင်ခဲ့ပြီဖြစ်သည်။ ထို့ပြင် ကလပ်အသင်းများ ကမ္ဘာ့ဖလားရရှိခဲ့ခြင်းသည် ရီးယဲလ်မက်ဒရစ်အသင်း၏ ပထမဆုံးသော မော်ရိုကိုအောင်ပွဲလည်း ဖြစ်လာခဲ့သည်။

**(နိုင်လင်းကြည်)**

# ကရင်တိုင်းရင်းသားတို့၏ နှစ်သစ်ကူးပွဲတော် သထုံတွင် စည်ကားစွာကျင်းပ

**သထုံ ဒီဇင်ဘာ ၂၁**

ကရင်သက္ကရာဇ် ၂၇၅၄ ခုနှစ် ပြာသိုလဆန်း ၁ ရက်တွင် ကျရောက်သည့် ကရင်တိုင်းရင်းသားတို့၏ (၇၇)နှစ်မြောက်ရိုးရာနှစ်သစ်ကူးပွဲတော်ကို မွန်ပြည်နယ် သထုံမြို့နယ် ဒေးဗရိန်းကျေးရွာတွင် ယနေ့နံနက်က စည်ကားစွာကျင်းပခဲ့သည်။ နံနက် ၅ နာရီတွင် ကရင်တိုင်းရင်းသားအလံတော်လွှင့်တင်ပွဲကို ကျင်းပခဲ့ပြီး နံနက် ၇ နာရီမှစတင်ကာ နှစ်သစ်ကူး မင်္ဂလာအခမ်းအနားကို ကျင်းပရာ ရှေးဦးစွာသဘာပတိ ဦးခင်မောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး မွန်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် သီရိပျံချီ ဦးအုန်းမြင့်က ပေးပို့သည့် နှစ်သစ်ကူးသဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က ဖတ်ကြားသည်။

ယင်းနောက် မွန်ပြည်နယ် ကရင်တိုင်းရင်းသားရေးရာဝန်ကြီး၏ နှစ်သစ်ကူးသဝဏ်လွှာကို မြို့နယ် ကရင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ ဦးစောညဏ်ဝင်းကလည်းကောင်း၊ ရန်ကုန်မြို့ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ဗဟိုကော်မတီမှ ပေးပို့သည့်သဝဏ်လွှာကို တာဝန်ရှိသူတစ်ဦးကလည်းကောင်း ဖတ်ကြားပြီး ကရင်နှစ်သစ်ကူးနေ့ဖြစ်ပေါ်လာခဲ့ပုံတို့ကို ပိုးကရင်၊ စကောကရင်နှင့် မြန်မာဘာသာတို့ဖြင့် ရှင်းလင်းပြောကြားကြကာ နှစ်သစ်ကူးပွဲတော်ကျင်းပခွင့်ရရှိခြင်းနှင့်ပတ်သက်၍ အငြိမ်းစားဗိုလ်မှူးချုပ် သူရဦးစိန်သောင်းက ဒေသခံများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါနှစ်သစ်ကူးပွဲတော်တွင် အသက်(၈၀)နှင့်အထက် သက်ကြီးဘိုးဘွား ၂၆ ဦးတို့အား လျှုဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့ကြပြီး ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းကို ထူးချွန်စွာဖြင့်အောင်မြင်ခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်ခဲ့ကြသည်။ သထုံမြို့နယ်အတွင်းရှိ ကရင်တိုင်းရင်းသားများနေထိုင်ရာ ကျေးရွာများမှ ကိုယ်စားပြုယိမ်းအဖွဲ့များက ရိုးရာယိမ်းအကများကို ဒီဇင်ဘာ ၂၀ ရက်မှ စတင်ယှဉ်ပြိုင်ခဲ့ကြပြီး ၂၁ ရက်ညတွင် ပြိုင်ပွဲဝင် ရိုးရာယိမ်းအဖွဲ့များအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# လေဗာကူဆင်ကွင်းလယ်လူ ခရမ်မာအား ခေါ်ယူရန် အာဆင်နယ်ပြင်ဆင်

အင်္ဂလန်ပရီမီယားလိဂ်ကလပ် အာဆင်နယ်အသင်းသည် လာမည့် ဇန်နဝါရီ ကာလအတွင်း အသင်း၏ကွင်းလယ်ကို အားဖြည့်ရန်အတွက် လေဗာကူဆင်အသင်း၏ ဂျာမနီ ကွင်းလယ်ကစားသမား ခရစ်စတိုဖာ ခရမ်မာအား ခေါ်ယူရန် စီစဉ်နေကြောင်း သိရသည်။ အာဆင်နယ်အသင်းမှာ ခရမ်မာအား ခေါ်ယူရန် ကာလရှည်စိတ်ဝင်စားလာခြင်းဖြစ်ပြီး ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလက ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ လက်ရှိအချိန်တွင် ခရမ်မာမှာ လေဗာကူဆင် အသင်းမှ မိုချန်ဂလာဘတ် အသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ရောက်ရှိလာခဲ့သူဖြစ်ပြီး ပရီမီယာလိဂ်တွင် ကစားရန် စီစဉ်နေကြောင်း သတင်းများထွက်ပေါ်နေခြင်းဖြစ်သည်။ ထို့ပြင် အာဆင်နယ်နည်းပြဖြစ်သူ အာစင်ဝင်းဂါးမှာ လာမည့်ဆောင်းရာသီ အပြောင်းအရွှေ့ကာလအတွင်း ထိပ်တန်းအဆင့်ကွင်းလယ်လူတစ်ဦးကို မဖြစ်မနေခေါ်ယူအားဖြည့်ရန် ဆန္ဒရှိနေပြီး ဘွန်ဒက်လီဂါတွင် ခြေစွမ်းပြသနေသည့် ခရမ်မာအား ပစ်မှတ်ထားလာခဲ့ခြင်းဖြစ်သည်။ အာဆင်နယ်အသင်းမှာ ခရမ်မာအတွက်ပေါင်သန်း ၂၀ ခန့် အသုံးပြုရန် အသင့်ရှိနေပြီး လက်ရှိအချိန်တွင် ၎င်းအား ဘိုင်ယန်မြူးနစ်၊ ဒေါ့မွန်နှင့် လီဗာပူးအသင်းတို့ကလည်း အပြိုင်စောင့်ကြည့်နေကြောင်း goal.com က ဖော်ပြခဲ့သည်။ အာဆင်နယ်အသင်းအနေဖြင့် ခရမ်မာအားလေဗာကူဆင်အသင်းမှ ရောင်းချရန် ဆန္ဒမရှိသည့်တိုင် လာမည့်ဆောင်းရာသီကာလတွင် အသင်းသို့အရောက်ခေါ်ယူသွားရန် ပြင်ဆင်နေပြီး စာချုပ်လျော်ကြေးအပါအဝင် ပေါင်သန်း ၃၀ ခန့်အသုံးပြုသွားရန် စီစဉ်နေကြောင်း ဗြိတိန်မီဒီယာများက ဖော်ပြခဲ့ကြသည်။



**ကိုရဲ**

**တိုင်းပြည်စီးပွား ဖွံ့ဖြိုးတိုးတက်ရေး သမဝါယမဖြင့် ဆောင်ရွက်ပေး**



# ပြည်ထောင်စုလွှတ်တော်
## ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ
## ဝန်ထမ်းအလိုရှိသည်
### (ပြည်တွင်း၌သာခန့်ထားရန်)

၁။ စီးပွားရေးပညာ ကျွမ်းကျင်ပြီး အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူ ဝန်ထမ်း (၄)ဦး အလိုရှိသည်။

(က) B.Com, M.Com ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ (အလားတူဘွဲ့များကို နိုင်ငံခြား တွင် သင်ကြားအောင်မြင်ပြီးသူများလည်း လျှောက်ထားနိုင်သည်။)

(ခ) အသက်(၃၅)နှစ်အောက် မြန်မာနိုင်ငံသားဖြစ်ရမည်။

(ဂ) လုပ်ငန်းအတွေ့အကြုံရှိသူများ ဦးစားပေးစဉ်းစားမည်။

(ဃ) အင်္ဂလိပ်ဘာသာ Four Skills ကျွမ်းကျင်သူဖြစ်ရမည်။

(င) ကွန်ပျူတာနှင့်အင်တာနက် ကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။

(စ) နှစ်စဉ်စာချုပ် ချုပ်ဆိုငှားရမ်းခန့်ထားမည်။

၂။ လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်းနှင့်အတူ မျှော်မှန်းလစာ ဖော်ပြ၍ Jointpac.mmp@gmail.comသို့ ၂၆-၁၂-၂၀၁၄ရက် နောက်ဆုံးထားပြီး e-mail ဖြင့် ပေးပို့လျှောက်ထားနိုင်သည်။

၃။ ကိုယ်ရေးရာဇဝင်အချက်အလက်များအပေါ် မူတည်၍ သင့်တော်မည့်သူများကို လူတွေ့စစ်ဆေးရန် e-mail ဖြင့် အကြောင်းကြားမည်။

၄။ အသေးစိတ်သိလိုပါက ၀၆၇-၅၉၀၂၈၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်သည်။













# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## နေပြည်တော်ကောင်စီ လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ်(၁/၂၀၁၄)
ရက်စွဲ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန နေပြည်တော်ကောင်စီနယ်မြေတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်။

| ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|
| လက်ထောက်ဆရာဝန် | (၃၃)နေရာ | ဆေးပညာဘွဲ့(M.B.B.S) (၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအထိ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။) |
| သွားဘက်ဆိုင်ရာဆရာဝန် | (၇)နေရာ | ဆေးပညာဘွဲ့(B.D.S) (၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအထိ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။) |

၂။ လျှောက်ထားသူသည်

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုခြင်းခံထားရသည့် (M.B.B.S)ဘွဲ့နှင့် (B.D.S)ဘွဲ့ရရှိသူ ဖြစ်ရမည်။

(ဂ) ၂-၁-၂၀၁၅ ရက်တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ဃ) ကျန်းမာရေးကောင်းမွန်ပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်း နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာများကို နေပြည်တော်ကောင်စီရုံး၌ ဝယ်ယူလျှောက်ထားနိုင်ပြီး ၂-၁-၂၀၁၅ရက်အရောက် လူကိုယ်တိုင်(သို့) စာတိုက်မှတစ်ဆင့် နေပြည်တော်ကောင်စီရုံးသို့ ပေးပို့လျှောက်ထားရမည်။ နေပြည်တော်ကောင်စီ စာစစ်ဌာန၌သာ ရေးဖြေစာမေးပွဲကို ဖြေဆိုခွင့်ပြုမည်ဖြစ်သည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၄။ စာမေးပွဲဝင်ကြေး ငွေ ၅၀၀ိ/-အား နေပြည်တော်ကောင်စီ ငွေစာရင်းအမှတ်MD-012586သို့ ပေးသွင်းရမည်။

၅။ လျှောက်လွှာတွင်ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀၀ိ/-ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေနှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန် လိုအပ်ချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၃-၃-၂၀၁၄ ရက်စွဲပါ စာအမှတ်-၂၂၁/ရွေးချယ်ရေး(အဓိက)/၂၀၁၄ဖြင့် ထုတ်ပြန်ထားသော ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၆။ ရေးဖြေစာမေးပွဲကို နေပြည်တော်ကောင်စီ စာစစ်ဌာနတွင် ကျင်းပမည်။ ၃၁-၁-၂၀၁၅ရက် နံနက် ၉ နာရီတွင် မြန်မာစာနှင့် အထွေထွေဗဟုသုတဘာသာများကိုလည်းကောင်း၊ ၁-၂-၂၀၁၅ရက် နံနက် ၉ နာရီတွင် အင်္ဂလိပ်စာဘာသာကိုလည်းကောင်း ဖြေဆိုရမည်။

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ၂၆-၁-၂၀၁၅ရက်မှစ၍ နေပြည်တော်ကောင်စီရုံးတွင် ထုတ်ပေးမည်။

၈။ လက်ထောက်ဆရာဝန်/သွားဘက်ဆိုင်ရာ ဆရာဝန်ရာထူးအတွက် လျှောက်ထားသူဦးရေသည် လစ်လပ်ရာထူးအရေအတွက်ထက် နည်းနေလျှင်ဖြစ်စေ၊ တူညီနေလျှင်ဖြစ်စေ၊ ပိုမိုသည့်တိုင်အောင် ကွာခြားချက်များပြားခြင်းမရှိလျှင်ဖြစ်စေ၊ ထိုရာထူးအတွက် ရေးဖြေစာမေးပွဲစစ်ဆေးခြင်း၊ မပြုလုပ်ဘဲ လျှောက်ထားသူများကို အကြောင်းကြားခေါ်ယူကာ လူတွေ့စစ်ဆေးရွေးချယ်ခြင်း ဆောင်ရွက်ပါမည်။

၉။ အခြားစုံစမ်းမေးမြန်း လိုအပ်ချက်ရှိပါက နေပြည်တော်ကောင်စီရုံး၊ ဖုန်းနံပါတ်-၀၆၇-၅၅၀ ၁၃၇သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၁၀။ လျှောက်လွှာတင်သွင်းသူများ လိုက်နာရန်လမ်းညွှန်ချက်စာစောင်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Websiteဖြစ်သော ucsb.imis.com.mmနှင့်www.ucsb.gov.mmတွင်လည်း ဖော်ပြထားပါသည်။

နေပြည်တော်ကောင်စီ















# မကွေးမြို့ ဒေသထွက်ကုန်များ ဈေးကွက်ကောင်းမွန်၍ ရန်ကုန်၊မန္တလေးကုန်စည်ဒိုင်ကြီးများသို့ တင်ပို့ရောင်းချမှု အဆင်ပြေ



**မကွေး ဒီဇင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်း ရာသီကုန် သီးနှံများဖြစ်သည့် မြေပဲ၊ ပဲတီစိမ်း၊ ပဲနောက်နှင့် သီးနှံပေါ်စဖြစ်သည့် ပဲစင်းငုံ စသည့် ဒေသထွက်ကုန်များမှာ မကွေးသီးနှံ ဈေးကွက်အတွင်း အရောင်းအဝယ် ကောင်းမွန်လျက်ရှိပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့် ရန်ကုန်၊ မန္တလေးမြို့ကြီးများရှိ ကုန်စည်ဒိုင်ကြီးများသို့ တင်ပို့ရောင်းချရာ၌ နေ့စဉ် ဈေးကွက်များသိရှိနိုင်သည့် အလိုအလျောက် ဖြေကြားစက်များ တပ်ဆင်ထားမှုကြောင့် ကုန်သည်ပွဲစားများနှင့် ဒေသခံတောင်သူကြီးများအတွက် အဆင်ပြေမှုများရှိကြောင်း သိရသည်။

"အောက်တိုဘာ၊ နိုဝင်ဘာလတွေမှာ မြေပဲလှိုင်လှိုင်ပေါ်ပါတယ်။ နယ်စုံက ဝင်တဲ့ကုန်က တစ်ရက်ကုန်ချိန် (တင်း) သုံးသောင်း၊ လေးသောင်းလောက်ရှိတယ်။ မြေပဲကတော့ တစ်နှစ် နှစ်ကြိမ်ထွက်တာပါ။ မေလ၊ ဇွန်လမှာလည်း မြေပဲအခြေအနေ ကောင်းခဲ့ပါတယ်။ ခုလက်ရှိဈေးကွက်က ၂၅ ပေါင် (တစ်တင်း) ကို အစို ကျပ် ၅၀၀၀၊ အခြောက် ကျပ် ၁၀၀၀၀၊ မြေပဲဆန် ပင်ပြန့် ကျပ် ၁၈၀၀၊ လုံးဆန်အဖြူ ကျပ် ၂၅၀၀၊ လုံးဆန်အနီ ကျပ် ၂၆၀၀ ပေါက်ဈေးရှိတယ်။ ဈေးအတက်အကျ အနည်းငယ်တော့ရှိပါတယ်။ လှိုင်ချိန်တုန်းက ကျွန်တော့်ပွဲရုံမှာ တင်း ၇၀၀၀ နဲ့ ၈၀၀၀ ကြားအဝင်ရှိပေမယ့် ခုကတော့ တစ်ရက်ကုန်ချိန် ၁၀၀၀ လောက်ပဲဝင်တယ်၊ ရောင်းဈေးဘယ်လောက်ပဲဖြစ်ဖြစ် ပွဲခက ၂၅ ပေါင်တစ်တင်းကို ကျပ် ၂၅၀ ပါ၊ ဆက်သွယ်ရေးနည်းပညာတွေ တိုးတက်လာတော့ ဈေးကွက်မှာဘယ်လောက်ပေါက်လဲဆိုတဲ့အပေါ်မှာမူတည်ပြီး ရောင်းကြဝယ်ကြရတာပါ။ နာမည်ပျက်လို့မရပါဘူး" ဟု သမာဓိပွဲရုံမှ ကိုမင်းဇော်ဦးက ပြောသည်။

ပဲတီစိမ်းနှင့် ပဲနောက်တို့မှာ ရေသွင်းစိုက်နိုင်လျှင် ဖြစ်ထွန်းကြသည့်အတွက် ရာသီမရွေးဒေသအသီးသီးမှ ထွက်ပေါ်လေ့ရှိပြီး မကွေးဒေသတွင်မူ ဇူလိုင်လတွင် တစ်ကြိမ်၊ အောက်တိုဘာလတွင်တစ်ကြိမ် ဈေးကွက်အတွင်းအရောင်းအဝယ်ကောင်းမွန်ကြောင်း၊ ၁၉ ပိဿာသတ်မှတ်ဈေးအရ ပဲတီစိမ်း၊ ပဲနောက်ဈေးမှာ လက်ရှိ ကျပ် ၃၄၀၀၀ နှုန်းဖြစ်ပြီး သီးနှံလှိုင်ချိန်ကာလများက တစ်ရက်ကုန်ချိန် ၃၀၀၀ ဝန်းကျင် တင်ပို့ရောင်းချရကြောင်း၊ ယခုလက်ရှိတွင် တစ်ရက်ကုန်ချိန် တင်း ၃၀၀ ခန့်သာ လာရောက်ရောင်းချမှုရှိပြီး စုဆောင်းရသမျှ ရန်ကုန်ဈေးကွက်သို့သာ တင်ပို့ကြောင်း၊ ဥရောပ၊ တရုတ်နှင့် အိန္ဒိယ ဈေးကွက်ရှိသည့်အတွက် ဈေးကွက်အခွင့်အလမ်း ပိုလာသော်လည်း ရာသီဥတု၊ မိုးလေဝသမမှန်၍ အခြားနှစ်များနှင့်နှိုင်းယှဉ်လျှင် အထွက်နှုန်း ၃၀ ရာခိုင်နှုန်းခန့် လျော့ကျခဲ့ကြောင်း ပြည်ကျော်ပွဲရုံပိုင်ရှင် ဦးမျိုးညွန့်က လက်ရှိဈေးကွက်အခြေအနေအား ပြောပြသည်။

မကွေးမြို့တွင် ပဲစင်းငုံရာသီပေါ်စအချိန်၌ ပိဿာ ၂၀ တစ်အိတ်လျှင် ကျပ် ၂၃၉၀၀ ဈေးပေါက်လျက်ရှိပြီး တစ်မြို့လုံးအနေအထားအရ ၃၀ ပိဿာ ၅၀ ကျပ်သားဝင် အိတ် ၁၅၀၀ ခန့် နေ့စဉ်ဝင်ရောက်မှုရှိကြောင်း၊ ယခင်နှစ်များက ရာသီလှိုင်ချိန်တွင် တစ်ရက် အိတ် ၅၀၀၀ ခန့် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့ရကြောင်း၊ ကုလားပဲ၊ ပဲကြီး၊ ပဲလွန်း ဒေသထွက်ကုန်သီးနှံများ ၂၀၁၅ ဇန်နဝါရီလတွင် ပေါ်ရန်ကျန်သေးကြောင်း၊ မကွေးဒေသကျေးလက်များတွင် ခေတ်ပညာတတ်များ ပေါ်များလာသကဲ့သို့ ဆက်သွယ်ရေးနည်းပညာ ပြိုင်ဆိုင်မှုများနှင့်အတူ လိုအပ်သည့် သတင်းအချက်အလက်များရရှိရန် ပိုမိုလွယ်ကူလာကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးနှင့် ကုန်စည်ဒိုင်တို့ပူးပေါင်းဆောင်ရွက်မှုဖြင့် ရန်ကုန်၊ မန္တလေး၊ မူဆယ်၊ ပြည်၊ ဟင်္သာတ၊ မုံရွာ၊ ပုသိမ် ကုန်စည်ဒိုင်ကြီးများတွင် လယ်ယာထွက်ကုန် နေ့စဉ်ပေါက်ဈေးနှုန်းများ သိရှိလိုပါက အလိုလျောက်ဖြေကြားစက်သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း မကွေးကုန်သည်များအဝန်းအဝိုင်းမှ သိရသည်။

သတင်းအချက်အလက် နည်းပညာကို ဒေသခံပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုအသုံးချနိုင်လာပါက ကုန်စည်တင်ပို့ရောင်းချမှုများ၌ အထောက်အပံ့ကောင်း များစွာရရှိမည်ဖြစ်သည်။

**ဇေယျာတု(မကွေး)**

# ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး ဆင့်ပွားသင်တန်း ဖွင့်လှစ်

**ကလေး၊ ဒီဇင်ဘာ ၂၁**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၏ စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်အတွင်းရှိ ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး ဆင့်ပွားသင်တန်းကို ဒီဇင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ ကလေးခရိုင်ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနရုံးတွင် ဖွင့်လှစ်ခဲ့ရာ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်မောင်းက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ကလေးခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးတင်ထွန်းနိုင်အား မေးမြန်းရာတွင် "ဝန်ထမ်းတွေ စွမ်းဆောင်ရည်မြင့်မားပြီး လုပ်ငန်း တိုးတက်ဆောင်ရွက်နိုင်ဖို့အတွက် မိမိဌာနရဲ့ ရည်မှန်းချက်လုပ်ငန်းတာဝန်တွေ အောင်မြင်အောင်ဆောင်ရွက်တဲ့နေရာမှာ အရည်အချင်းရှိတဲ့ ဝန်ထမ်းတွေဖြစ်လာစေဖို့ အဓိကရည်ရွယ်ပြီး အခုလို ဆင့်ပွားသင်တန်းဖွင့်လှစ်ပို့ချရခြင်းဖြစ်ပါတယ်" ဟု ပြောသည်။

အဆိုပါသင်တန်းတွင် သင်တန်းနည်းပြဆရာငါးဦးက ရှင်းလင်းပို့ချပေးခဲ့သည်။ အသေးစားနှင့်အလတ်စား စက်မှုလက်မှုလုပ်ငန်းများ (SME) ဘာသာရပ်နှင့်ပတ်သက်၍ စက်မှုကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမောင်ချိုက SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသောလုပ်ငန်းများနှင့် စပ်လျဉ်းပြီး ရှင်းလင်းပို့ချခဲ့သည်။

ယင်းဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး ဆင့်ပွားသင်တန်းကို ကလေးခရိုင်လက်အောက်ရှိ ကလေး၊ ကလေးဝ၊ မင်းကင်း၊ မော်လိုက်၊ ဖောင်းပြင်၊ ဟုမ္မလင်းနှင့် တမူးမြို့နယ်တို့မှ ဝန်ထမ်း ၁၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား(ပြန်/ဆက်)**

## မှုခင်းကျဆင်းရေး ဂန့်ဂေါမြို့နယ်တွင် ဆွေးနွေး

**ဂန့်ဂေါ၊ ဒီဇင်ဘာ ၂၁**

ဂန့်ဂေါမြို့နယ်တွင် မှုခင်းကျဆင်းရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ လူငယ်အဖွဲ့များ၊ သတင်းမီဒီယာများ တွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၉ ရက်က ဂန့်ဂေါခရိုင် ရဲတပ်ဖွဲ့မှူးရုံးတွင် ပြုလုပ်ရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှမင်းက အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေက မှုခင်းကျဆင်းရေးအတွက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသည့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးမိုးလှိုင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးနိုင်ဦး၊ မြို့နယ်စည်ပင်သာယာအဖွဲ့ဥက္ကဋ္ဌ ဦးသောင်းမြို့၊ ရဲတပ်ဖွဲ့စခန်းမှူး(ငြိမ်း) ဦးရာတင်နှင့် တက်ရောက်လာကြသူများက မှုခင်းအသိပညာပေးရေး၊ လောင်းကစားကင်းစင်ရေး၊ ယာဉ်တိုက်မှုလျော့နည်းရေးတို့အပါအဝင် မှုခင်းကျဆင်းရေးနှင့် ပတ်သက်သည်တို့ကို တင်ပြဆွေးနွေးကြကြောင်း သိရသည်။

**(၄၆၅)**


## တတိယအကြိမ်(၁၉၉၃-၂၀၀၀) MGTI Civil ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

(၁၉၉၃-၂၀၀၀) မြို့ပြကျောင်းသားဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မန္တလေးတောင်ခြေရှိ ရွှေကျောင်တိုက်မကြီး၌ ၄-၁-၂၀၁၅ရက်(တနင်္ဂနွေနေ့) (လွတ်လပ်ရေးနေ့)တွင် ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသား/ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ပူဇော်ကန်တော့ကြပါရန် ဖိတ်ကြားအပ်ပါသည်။ (ဖိတ်စာသီးခြားမပို့ပါ)

မိတ်ဆုံညစာစားပွဲကို ၄-၁-၂၀၁၅ ရက် ညနေ ၆ နာရီမှ ၉ နာရီအထိ မန္တလေးကန်တော်ကြီး Smart Garden တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ (ညစာစားပွဲလက်မှတ်တစ်စောင်လျှင် ၁၀၀၀၀ိ/-သတ်မှတ်ထားပါသည်။

အသေးစိတ်အစီအစဉ်များကို အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်မေးမြန်းလျှုဒါန်းနိုင်ပါသည်။

| | | | | | |
|---|---|---|---|---|---|
| ၁။ ကိုအေးမင်း | (၁၉၉၃) | ၀၉-၂၀၀၇၈၂၅ | ၇။ ကိုကျော်သီဟ(ဝိုင်းကြီး) | (၁၉၉၇) | ၀၉-၉၁၀၀၇၄၈၀ |
| ၂။ မနန်းလောဝ်ခမ်း | (၁၉၉၃) | ၀၉-၅၁၇၇၄၈၇ | ၈။ မဌေးဌေးဝင်း | (၁၉၉၈) | ၀၉-၂၀၃၁၉၂၇ |
| ၃။ မခင်မို့မို့လွင် | (၁၉၉၃) | ၀၉-၄၂၁၁၃၉၃၂၄ | ၉။ ကိုထွန်းအောင်ကျော် | (၁၉၉၉) | ၀၉-၄၂၁၁၆၈၀၇၉ |
| ၄။ ကိုသန်းဆွေ | (၁၉၉၄) | ၀၉-၄၃၀၆၂၈၀၂ | ၁၀။ မချိုချိုမြင့် | (၂၀၀၀) | ၀၉-၂၀၃၉၄၀၀ |
| ၅။ မမေသင်းစိုး | (၁၉၉၅) | ၀၉-၅၁၄၆၇၀၅ | ၁၁။ နန်းကေသီလှိုင် | (၂၀၀၀) | ၀၉-၄၀၂၅၂၅၅၆ |
| ၆။ မသွဲ့သွဲ့ကို | (၁၉၉၆) | ၀၉-၄၀၂၅၈၇၃၈၆ | ၁၂။ ကိုခန့်ကျော်သူ | (၂၀၀၀) | ၀၉-၂၀၀၂၃၄၇ |



### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)တိုးချဲ့၊ မြေကွက်အမှတ်(၃၆၄)၊ မြေကွက်တည်နေရာအမှတ်(၃၆၄)၊ မြို့သစ်၊ ငုရွှေဝါလမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ (ဒေါ်ခင်စန်း၊ ဦးပြုံးချို)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးပြုံးချိုမှာ ၂၇-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွား ပါသဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်မြင့်အေး[၁၂/မရက(နိုင်)၀၄၈၈၅၃]နှင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ခင်စန်းထံမှ G/P-၃၀၀၇၅/၁၄(၁၁-၁၁-၂၀၁၄)ရရှိသူ ဦးစိုးမိုးကျော်[၁၂/မရက(နိုင်)၁၂၂၉၅၈]တို့ပူးတွဲလျက် ဒေါ်မြင့်အေးမှာ တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ G/P၊ ကျမ်းကျိန်လွှာ၊ နှစ်(၆၀)ဂရန်တို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထား များဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂တောင်၊ မြေကွက်အမှတ်(၁၁၄၇/ခ)၊ မြေကွက်တည်နေရာအမှတ်(၁၁၄၇/ခ)၊ သုမနလမ်း၊ ၂တောင်ရပ်ကွက်၊ သာကေတမြို့နယ်။ (ဦးအေးမောင်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအေးမောင်(ဖခင်)နှင့် ဒေါ်ရင်ကြည်(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ၁။ဦးဝင်းမြင့်[၁၂/သကတ(နိုင်)၀၁၆၅၃၈]၊ ၂။ဦးစန်းယု[၁၂/သကတ (နိုင်)၁၇၇၀၁၂]၃။ဒေါ်ခင်ခင်ဆွေ[၁၂/သကတ(နိုင်)၀၁၄၄၄၁]၊ ၄။ ဒေါ်ဝင်းဝင်းအေး]၁၂/သကတ(နိုင်)၁၇၆၉၈၂]တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## မိုးပွင့်အဆင့်(၇)စီမံချက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ဆောက်ရွက်

**ဝန်းသို၊ ဒီဇင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ် တောင်ဘို့လှကျေးရွာအုပ်စုနှင့် ကြိမ်ဖူးကုန်းကျေးရွာအုပ်စုတို့မှ ကျေးရွာပြည်သူ ၂၀၃ ဦးတို့အား မိုးပွင့်အဆင့်(၇) စီမံချက်ဖြင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းထိန်နှင့် အလှူရှင်များက နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အခမဲ့ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို တောင်ဘို့လှကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဒီဇင်ဘာ ၁၉ ရက်က ပြုလုပ်ခဲ့ရာ အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထိန်မင်း၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိုက်ဝေဖြိုး၊ မြို့နယ်လ. ဝ. က ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ အလှူရှင်များဖြစ်ကြသော မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် ဦးမြင့်ဇော်၊ တောင်ဘို့လှကျေးရွာအုပ်စုနှင့် ကြိမ်ဖူးကုန်းကျေးရွာအုပ်စုတို့မှ ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထိန်မင်းက အမှာစကားပြောကြားပြီး ခရိုင် လ. ဝ. က ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းနိုင်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးရသည့်အကြောင်းအရာများကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပေးခဲ့သည်။

ယင်းနောက် မြို့နယ်လ. ဝ. က ဦးစီးမှူး ဦးဝင်းထိန်က နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျေးရွာအုပ်ချုပ်ရေးမှူးများထံ လက်ရောက်ပေးအပ်ခဲ့ကြောင်းသိရသည်။ **လှမျိုးထွန်း(ပြန်/ဆက်)**

## သရက်ခရိုင် မင်းတုန်းမြို့နယ်ကျေးရွာနှစ်ရွာသို့ ဆိုလာတစ်ယူနစ်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်

**မင်းတုန်း၊ ဒီဇင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် တမာကုန်းကျေးရွာနှင့် ညောင်ပင်သာကျေးရွာများ၌ ဆိုလာနှင့်မီးလင်းရေးဆောင်ရွက်ရန် တင်ဒါစနစ်ဖြင့် အေးချစ်ပိုင်ကုမ္ပဏီမှလုပ်ကိုင်လျက်ရှိရာ ဒီဇင်ဘာ ၉ ရက်မှစတင်ကာ တစ်အိမ်ထောင် ဆိုလာတစ်ယူနစ် တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရန်မြို့နယ် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်မီးလင်းရေးကော်မတီထံသို့ ဆိုလာပြားနှင့်ဆက်စပ်ပစ္စည်းများ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

သရက်ခရိုင်အတွင်း၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ခွင့်ပြုငွေကျပ် ၁၉၁ ဒသမ ၈၂၂၄ သန်း အသုံးပြုကာ ဆိုလာမီးလင်းရေးဆောင်ရွက်နေသည်။

မင်းတုန်းမြို့နယ်တွင် ညောင်ပင်သာကျေးရွာနှင့် တမာကုန်းကျေးရွာများ၌ ခွင့်ပြုငွေ ၂၇ ဒသမ ၁၆၅၆ သန်းဖြင့် ၁၄၇ ဆိုလာယူနစ် အသုံးပြုနိုင်ရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးတို့ကကြပ်မတ်ဆောင်ရွက်ခဲ့သည်။ **ဓေယျာတု(မကွေး)**

# ကျွန်းစုဒေသမှထွက်ရှိသော အုန်းသီးများ ထိုင်းနိုင်ငံသို့တင်ပို့နေရ၍ စျေးကောင်းရ



**မြိတ်၊ ဒီဇင်ဘာ ၂၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်အတွင်းရှိ ပင်လယ်ပိုင်းဒေသများမှ ထွက်ရှိသော အုန်းသီးများ ယခုနှစ်တွင် မြိတ်စျေးကွက်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ တင်ပို့နေခြင်းကြောင့် စျေးကောင်းရလျက်ရှိကြောင်း အုန်းသီးအရောင်းအဝယ်ပြုလုပ်သူများထံမှ သိရသည်။

မြိတ်စျေးကွက်အတွင်းသို့ ဝင်ရောက်လျက်ရှိသည့် အုန်းသီးများသည် ကျွန်းဒေသများဖြစ်သည့် ညောင်ဘီးကျွန်း၊ ကျွန်းမဲနှင့် ဆလုံလူမျိုးများနေထိုင်သော ကျွန်းများမှ ထွက်ရှိသော အုန်းသီးများဖြစ်ကြောင်း၊ အထက်ပါကျွန်းများထွက်ရှိသော အုန်းသီးများသည် မြိတ်မြို့ပေါ်ရှိ စျေးကွက်အပြင် မောတောင် နယ်စပ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း နောက်လယ်ရပ် ကမ်းနားလမ်းရှိ အုန်းသီးအရောင်းအဝယ်သမားများထံမှ သိရသည်။

"မြိတ်ခရိုင်အတွင်းကထွက်ရှိတဲ့ အုန်းသီးတွေထဲမှာ ကျွန်းစုဒေသကထွက်တဲ့ အုန်းသီးတွေပဲ အရောင်းအဝယ်ရှိပါတယ်။ မြိတ်မြို့ပေါ်ကထွက်တဲ့ အုန်းသီးတွေက ရောင်းတန်းမဝင်ပါဘူး။ အသားကပါးတော့မုန့်လုပ်သမားတွေ မကြိုက်ကြဘူး" ဟု မြို့သစ်ရပ်နေအုန်းသီးအရောင်းအဝယ်လုပ်ကိုင်သူ ဦးအုန်းမြင့်က ပြောသည်။

ကျွန်းစုဒေသထွက် အုန်းသီးများကို တစ်လုံးလျှင် ၈၅ ကျပ်ဖြင့် မြိတ်သို့တင်ပို့ပြီး မြိတ်အဝယ်ဒိုင်များက တစ်လုံးလျှင်ကျပ် ၁၅၀မှ ကျပ် ၂၀၀ အထိ အကြီးအသေး သောင်းပြောင်းစျေးဖြင့် အလုံးရေ ၁၀၀၀၀ ပါ စက်လှေတစ်စင်းလုံးပြတ်ရောင်းချကြောင်း သိရသည်။

အုန်းသီးများကို မြို့ပေါ်တွင်ရှိသည့် ဒေသမုန့်များဖြစ်သော ဟာလဝါ၊ မုန့်ကုလားမဲနှင့် ထိုးမုန့်စသည့်မုန့်လုပ်သည့် သူတွေသာ ဝယ်ယူမှုများပြီး နယ်စပ်မြို့တစ်ခုဖြစ်သည့် မောတောင်ဘက်မှလည်း ထိုင်းနိုင်ငံဘက်သို့ တင်သွင်းရန် လာရောက်ဝယ်ယူသည့်သူများရှိကြောင်း အုန်းသီးအရောင်းအဝယ်ဒိုင်များထံမှ သိရသည်။

ကျွန်းစုဒေသထွက် အုန်းသီးများသည် တစ်လုံး ကျပ် ၁၅၀ မှ ကျပ် ၂၀၀ အထိ သောင်းပြောင်းစျေး ဝယ်ယူပြီး တစ်ဆင့်ပြန်လည်ရောင်းချသူများမှ အကြီးအငယ်လိုက်ခွဲ၍ တစ်လုံးကို ကျပ် ၄၀၀၊ ကျပ် ၄၅၀ နှင့်ကျပ် ၅၀၀ အထိ ပြန်လည်ရောင်းချကြကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**



# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆေးကုသခွင့် လိုင်စင်မရှိဘဲ ဆေးကုသ နေသူများဖော်ထုတ်

**မုံရွာ၊ ဒီဇင်ဘာ ၂၁**

အနာနှင့်ဆေးကုထုံး လွဲမှားမှုများကြောင့် ကျေးလက်နေပြည်သူအချို့ သေဆုံးခဲ့ရသည့်ဖြစ်စဉ်များရှိခဲ့ရာ ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို ဥပဒေနှင့်အညီ စောင့်ရှောက်မှုများပေးနိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းဆေးကုသခွင့် လိုင်စင်မရှိဘဲ ဆေးကုသနေသူများကို တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားချက်ဖြင့်ဖော်ထုတ်အရေးယူနေကြောင်းသိရသည်။

ဆေးဝါးကုသခွင့်လိုင်စင် မရှိဘဲဆေးဝါးများကုသနေခြင်းသည် ပြည်သူ့ကျန်းမာရေးအတွက် အသက်အန္တရာယ်စိုးရိမ်ဖွယ်ရှိသောကြောင့် ဥပဒေအရ တားမြစ်ကာကွယ်ရခြင်းဖြစ်ကြောင်း သိရသည်။

ဆေးဝါးကုသခွင့် လိုင်စင်မရှိသော ဆေးဝါးကုသနေသူများကို ရဲတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်၍ ဆေးကောင်စီဥပဒေပုဒ်မ ၄၁ အရအမှုဖွင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# သနပ်ခါးစိုက်ပျိုးရေး ကျယ်ပြန့်လာမှုနှင့်အတူ မြေဈေးမြင့်တက်

**ရေစကြို၊ ဒီဇင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် သနပ်ခါးစိုက်ပျိုးရေးလုပ်ငန်းကို သမားရိုးကျမဟုတ်ဘဲ စနစ်တကျ ခေတ်မီစိုက်ပျိုးမှုပုံစံဖြင့် စိုက်ပျိုးကြသဖြင့် ဒေသအတွင်း အောင်မြင်သော စီးပွားရေးလုပ်ငန်းအသွင်ဖြစ်လာကြောင်းသိရသည်။

သို့အတွက် ယခုအခါ သနပ်ခါးစိုက်ပျိုးရေးလုပ်ငန်းကို ယခင်ကထက် ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့စိုက်ပျိုးလာကြသည့်အတွက် မြေဈေးများလည်း အဆမတန် မြင့်တက်လျက်ရှိကြောင်း သိရသည်။

"လွန်ခဲ့တဲ့ နှစ် ၂၀ ဝန်းကျင်လောက်က သနပ်ခါးခြံတွေ အခုလောက် မများသေးဘူး။ သနပ်ခါးစိုက်ပျိုးရေးလုပ်ငန်းက နှစ်ရှည်အကျိုးခံစားခွင့်ရှိပြီး စုဘူးလိုပဲလေ။ ဒါကြောင့် အခုလေးငါးနှစ်အတွင်း သနပ်ခါးစိုက်ပျိုးသူတွေ များလာတယ်။ ဒေသခံတွေအပြင် အခြားဒေသတွေကပါ လာရောက်စိုက်ပျိုးနေကြတဲ့အတွက် ရေစကြို-မုံရွာ၊ ရေစကြို-ပခုက္ကူ၊ ရေစကြို-လင်းကလောသွား ကားလမ်းဘေးဝဲ/ယာမှာရှိတဲ့ ကျောက်စရစ်ကုန်းမြေတွေကို ဈေးကောင်းပေးဝယ်နေကြတဲ့အတွက် ယခင်က တစ်ဧက တစ်သိန်း မပြောနဲ့ ငါးသောင်းတောင် ဝယ်မယ့်သူမရှိတဲ့မြေတွေက အခုဆို နေရာလိုက်လို့ ၁၀ သိန်း၊ ၁၅ သိန်း၊ ၂၀၊ ၂၅ သိန်း ဖြစ်နေတယ်။ တချို့မြေတွေဆိုရင် သိန်း ၅၀ တောင်ကျော်ပြီး သနပ်ခါးဆိုတဲ့ အပင်ကလည်း ကျောက်စရစ်ကုန်းမြေမှာ ရှင်သန်သလို အပွေးလည်းလှ မာလည်းမာ မွှေးလည်းမွှေးတယ်။ ဒါကြောင့် တစ်ချိန်က ဘာသီးနှံမှစိုက်ပျိုးလို့မရတဲ့ မြေတွေက သနပ်ခါးပင်တွေ စိုက်ပျိုးလို့ အောင်မြင်နေတဲ့အတွက် မြေဈေးတွေလည်း အဆမတန်တက်နေတယ်" ဟု ဒေသခံသနပ်ခါးခြံပိုင်ရှင်တစ်ဦးက ပြောသည်။

ယခုအခါ သနပ်ခါးစိုက်ပျိုးရေးလုပ်ငန်းသည် ရေစကြိုမြို့နယ်၏ စီးပွားရေး လုပ်ငန်းကြီးတစ်ခုဖြစ်လာသည်။

**ဖေထွေးဇော်(ရေစကြို)**



# စပါး စတင်စိုက်ပျိုးချိန် ကောက်စိုက်သမများအား တက်ဈေး ပေး၍ခေါ်ယူ



**မြင်းမူ၊ ဒီဇင်ဘာ ၂၁**

မနောသုခစပါးမျိုးကို ပြီးခဲ့သည့် တန်ဆောင်မုန်းလဆန်း ၁၃ ရက်တွင် ပျိုးစတင်ထောင်ပြီး နတ်တော်လပြည့်ကျော် ၁၃ ရက်၌ စတင်စိုက်ပျိုးကြရာ ကောက်စိုက်သူများ ရှားပါးလာ၍ ကောက်စိုက်သမများအား တက်ဈေးပေး၍ ခေါ်ယူနေရကြောင်း ဒေသခံများ၏ ပြောကြားချက်အရသိရသည်။

"မနှစ်က ကောက်စိုက်သမတစ်ဦးကိုကျပ် ၂၅၀၀ နှုန်း ပေးခေါ်ရတယ်။ ဒီနှစ်မှာကျပ် ၃၀၀၀ နှုန်း ပေးခေါ်ရတယ်။ မနှစ်ကပျိုးနုတ်ခ တစ်စည်းကို ၁၀ ကျပ်နှုန်း ပေးခေါ်ရပြီး ဒီနှစ် ၁၅ ကျပ်နှုန်းပေးပြီးခေါ်ရပါတယ်။

မနက် ထမင်းအဆာပြေ ညနေမုန့်ပဲသရေစာနှင့် ရေနွေးကြမ်းများလည်းကျွေးမွေးရပါသေးတယ်" ဟု တောင်သူဦးတင်လင်းက ယင်း၏လုပ်ငန်းခွင်အခြေအနေကိုပြောပြသည်။

တစ်ဧကလျှင်ပျိုးစည်းရေ ၁၂၀၀ စိုက်ပျိုးရပြီး ယမန်နှစ်က စပါးအထွက်နှုန်းမှာ တစ်ဧကလျှင် တင်း ၁၀၀ မှ တင်း ၁၂၀ ထိ ထွက်ရှိခဲ့ကြောင်းသိရသည်။

ယခုနှစ်တွင်လည်း ယခင်နှစ်ကကဲ့သို့ မြေသြဇာ၊ ဆေး၊ ရေ ပံ့ပိုးပေးနိုင်လျှင် ယခင်နှစ်ကကဲ့သို့ ထွက်ရှိနိုင်ကြောင်း၊ ရာသီဥတုဖောက်ပြန်ခဲ့လျှင် ခန့်မှန်းလျာထားချက်လျော့နည်းသွားနိုင်ကြောင်း၊ ယမန်နှစ်က စပါးတစ်တောင်းကို ကျပ် ၄၅၀၀ ရောင်းရကြောင်း ယင်းဒေသရှိ လယ်သမားတစ်ဦးက ပြောသည်။

**(၆၂၄)**

# ဖျာပုံမြို့ပြည်သူ့ဆေးရုံတွင် ဝက်သက်နှင့် ဂျိုက်သိုး ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းအသိပေး

**ဖျာပုံ၊ ဒီဇင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့တွင် ၂၀၁၅ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် ပြုလုပ်မည့် နိုင်ငံတစ်ဝန်း ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း အသိပေးရှင်းလင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက် နံနက်က ဖျာပုံမြို့ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဆေးရုံအုပ်ကြီး ဒေါက်တာစိန်စိန်က နိုင်ငံတစ်ဝန်း ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်း ၂၀၁၅ နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၉ ရက် မှ ၂၅ ရက်အထိ ကျောင်းအခြေပြု ကာကွယ်ဆေးထိုးလုပ်ငန်းနှင့် ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၅ ရက် အထိ ပြည်သူလူထုအခြေပြု ကာကွယ်ဆေးထိုးလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းအပြင်အသက် ၉ လမှ ၁၅ နှစ်အတွင်း ကလေးငယ်များအား ကာကွယ်ဆေးထိုးမည်ဖြစ်ပြီး ကျောင်းများပါဝင်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပြည်သူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊ အမျိုးသမီးရေးရာနှင့် NGO များ ပူးပေါင်းပါဝင် ဆောင်ရွက်မည့်လုပ်ငန်းများကို ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးက အသေးစိတ် ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

**ချမ်းသာ**




## ကျေးဇူးတင်မှတ်တမ်းလွှာ

အထက(၅)ဗိုလ်တထောင် ကျောင်းသူ၊ ကျောင်းသားဟောင်းများ (၁၉၈၅ batch မှ ၁၉၉၄ bach အထိ)၏ ၂၁-၁၂-၂၀၁၄ ရက် M3 Food Centre တွင် ကျင်းပခဲ့သော မြတ်ဆရာပူဇော်ပွဲသို့ ကိုယ်တိုင်ကိုယ်ကျ ကြွရောက်လာကြသော ကန်တော့ခံ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ ဟောင်းများ၊ ပွဲဖြစ်မြောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့ကြသော သူငယ်ချင်းများ၊ အလှူငွေထည့်ဝင် လှူဒါန်းပေးခဲ့ကြသော အလှူရှင်များ၊ လိုအပ်သည်များကို အစွမ်းကုန်ကူညီပံ့ပိုးပေးခဲ့ကြသော သူငယ်ချင်း များနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ

## မြေကွက်ရောင်းမည်

ရပ်ကွက်
၁၄၆/(၄၀'×၆၀')-၁၆၅(ကေတုမတီလမ်းအနီး)
၈၃/(၄၀'×၆၀')-၂၈၅(ပန်းဝါကျောကပ်)
ဖုန်း-၀၉-၄၂၃၆၈၇၂၈၅

## တိုက်ခန်းရောင်းမည်

၁၅၉လမ်း(၂၀'×၅၅') ၁၂၅၀(Hall Type)
၁၁၀လမ်း(၁၅'×၄၀') ၄၀၀(Hall Type)
ဖုန်း-၀၉-၅၀၆၈၆၉၉
(မြေညီတိုက်ခန်း)



# မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေး

**ပေါက်၊ ဒီဇင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး အတွင်းရှိ အလှူရှင်များ၊ တိုင်းဒေသကြီးဖွံ့ဖြိုးရေး ဖောင်ဒေးရှင်းတို့နှင့် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်၍ ပေါက်မြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့မျက်စိခွဲစိတ်ကုသပေးခြင်း အခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက ပေါက်မြို့ပြည်သူ့ဆေးရုံဝင်းတွင် ပြုလုပ်ခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါက်မြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးရန်အတွက် လူနာများရှာဖွေခဲ့ရမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေးလုပ်ငန်းစဉ်မှ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသော ကျန်းမာရေးစောင့်ရှောက်မှုများကို တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်ပေးနေမှု၊ ပေါက်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပေးနေမှုများကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး မင်းဘူးခရိုင်ပြည်သူ့ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာအောင်ဆန်းဝင်းက ပေါက်မြို့နယ်ရှိ မျက်စိဝေဒနာရှင်များအား မျက်စိခွဲစိတ်ကုသရန်အတွက် ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က မျက်စိခွဲစိတ်ကုသပေးသော မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာအောင်ဆန်းဝင်းနှင့် ဆရာဝန်၊ ဆရာမများအား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ခဲ့ပြီး ပေါက်မြို့နယ်ဖွံ့ဖြိုးရေးအထောက် အကူပြုကော်မတီဥက္ကဋ္ဌ ဦးနေဝင်းက ဂုဏ်ပြုကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ခွဲစိတ်ပြီးဝေဒနာရှင်များအား နေကာမျက်မှန်များ တပ်ဆင်ပေးခဲ့ပြီး မျက်စိခွဲစိတ်ကုသသော ဝေဒနာရှင်များ၊ လူနာစောင့်များ၊ တက်ရောက်လာသော ဧည့်သည်တော်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ ဒေသဖွံ့ဖြိုးရေးအတွက် တင်ပြချက်များမှ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ပေါက်မြို့တွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ စီစဉ်မှုဖြင့် အလှူရှင်များ၊ တိုင်းဒေသကြီး ဖောင်ဒေးရှင်းနှင့် တိုင်းဒေသကြီး ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော မျက်စိဝေဒနာရှင်များအား အခမဲ့ကုသဆောင်ရွက်ပေးခြင်းတွင် အကြီးစားခွဲစိတ်ကုသမှု ၇၅ ဦး၊ အသေးစားခွဲစိတ်ကုသမှု ၃၇ ဦး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပေါက်မြို့နယ်တွင် အထူးစီမံကိန်းကြီး အဖွဲ့(၃)မှ ဆောင်ရွက်လျက်ရှိသော အရှည်ပေ ၃၅၄၀ အရှည်ရှိ အုန်းတောတံတားသို့ ရောက်ရှိ၍ အထူးစီမံကိန်းကြီးအဖွဲ့(၃) တာဝန်ခံ အင်ဂျင်နီယာမှူးကြီးက အုန်းတောတံတားနှင့်ပတ်သက်၍ တည်ဆောက်နေမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တံတားတည်ဆောက်ရေးအတွက် လုံခြုံရေးဘေးအန္တရာယ်ကင်းရှင်းရေး၊ ပစ္စည်းများအလေအလွင့်မရှိရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးပြောကြားခဲ့ပြီးလုပ်ငန်းခွင်အတွင်း လှည့်လည် ကြည့်ရှုခဲ့သည်။ **သန်းနိုင်ဦး(ငဖဲ)**



# တနင်္သာရီမြို့ ချောင်းကြီးရပ်၊ စက်မှုဇုန်နယ်မြေတွင် မီးသတ်စခန်းတည်ဆောက်မှု ၇၅ ရာခိုင်နှုန်းပြီးစီး

**မြိတ်၊ ဒီဇင်ဘာ ၂၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့ ချောင်းကြီးရပ် စက်မှုဇုန်နယ်မြေတွင် RC နှစ်ထပ်၊ ငါးယူနစ် မီးသတ်စခန်းတည်ဆောက်မှုမှာ ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

တနင်္သာရီမြို့၌ မီးသတ်စခန်းတည်ဆောက်ရန်အတွက် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ခွင့်ပြုငွေ ကျပ်သိန်း ၈၀၀၀ ခန့်ဖြင့် ၂၀၁၄ ခုနှစ် မေလမှစတင်၍ ထူးထက်ရှိန် ကုမ္ပဏီလီမိတက်မှ တာဝန်ယူတည်ဆောက်ခဲ့ရာတွင် ယခုအခါ ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း အဆိုပါကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

အဆိုပါမီးသတ်စခန်းတည်ဆောက်မှုတွင် RC နှစ်ထပ်၊ ငါးယူနစ်မီးသတ်စခန်း ၆၅ ပေ × ၅၂ ပေ × ၂၅ ပေ သံကူကွန်ကရစ်အဆောက်အအုံတစ်လုံး၊ ၁၀၀ ပေ × ၄၀ ပေ × ၂၂ ပေရှိ လေးခန်းတွဲ နှစ်ထပ် ဝန်ထမ်းနေအိမ်သုံးလုံး၊ ၅၀ ပေ × ၁၄ ပေ × ၁၂ ပေ အရွယ်အစားရှိ RC နှစ်ခန်းတွဲ သံကူကွန်ကရစ် အမျိုးအစား အရာရှိနေအိမ် တစ်လုံးနှင့် ၆၀ ပေ × ၃၀ ပေ × ၂၀ ပေ ရှိ RC သံကူကွန်ကရစ်အမျိုးအစား လူပျိုဆောင်တစ်လုံး စုစုပေါင်း အဆောက်အအုံ ခြောက်လုံး တည်ဆောက်လျက်ရှိရာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားခဲ့သည်။

အဆိုပါမီးသတ်စခန်းတွင် ရေဂါလန် ၈၀၀ ဆံ့ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ ရေဂါလန် ၁၂၀၀ ဆံ့ ရေသယ်ယာဉ်နှစ်စီးရှိပြီး ယခုအချိန်တွင် အဆိုပါမီးသတ်ယာဉ်သုံးစီးတို့အား ချောင်းကြီးရပ်ကွက် သုခလမ်းရှိ မီးသတ်စခန်းတွင် ယာယီထားရှိကြောင်းနှင့် တနင်္သာရီမြို့တွင် အိမ်ခြေ ၁၀၀၀ ကျော်ခန့်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## တစ်ပိုင်တစ်နိုင် ငါးဖမ်းသူများ ပုံမှန်ဝင်ငွေရနေ

**ဟောင်ပါး၊ ဒီဇင်ဘာ ၂၁**

ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ဟောင်ပါးကျေးရွာအုပ်စု၊ ဆယ်ဇင်းကျေးရွာတွင် ဥရုချောင်းကိုအမှီပြု၍ တစ်ပိုင်တစ်နိုင် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများ ပုံမှန်ဝင်ငွေရရှိနေကြောင်း သိရသည်။

"အခုလိုပွင့်လင်းရာသီမှာ ဥရုချောင်းမှာ ကွန်ပစ်၊ ပိုက်တန်းပြီးတော့ ငါးဖမ်းတဲ့အခါ ငါးမြင်း၊ ငါးကြင်း၊ ငါးဖတ်၊ ငါးဖယ်၊ ငါးခုံးမကြီး စတဲ့ငါးတွေ ရရှိပါတယ်။ တစ်ရက်ကို အနည်းဆုံး သုံးပိဿာမှ ငါးပိဿာအထိ ရပါတယ်။ ငါးတစ်ပိဿာကို ဆယ်ဇင်းဈေးမှာကျပ် ၈၀၀၀ နှုန်းရောင်းရလို့ တစ်ရက်ကို ငါးဖမ်းတဲ့သူတစ်ဦးဟာကျပ် ၃၅၀၀၀ ကနေကျပ် ၅၀၀၀၀ အထိ ရတတ်ပါတယ်။ ပုံမှန်တော့ မရှိဘူး။ ငါးရရင် ရသလိုပါပဲ။ ငါးဖမ်းတဲ့အခါမှာလည်း လေးလက်မ ငါးဖမ်းပိုက်ကိုသာ အငယ်ဆုံးထားပြီး အသုံးပြုရပါတယ်" ဟု အဆိုပါဒေသတွင် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

ငါးဖမ်းရာတွင် ငါးဖမ်းရာသီဖြစ်သည့် နတ်တော်လမှ နယုန်လပြည့်ကျော် ၁၀ ရက်အထိသာ ငါးဖမ်းသည့်လုပ်ငန်းကို လုပ်ကိုင်ခွင့်ရပြီး ငါးဥကျချိန်ဖြစ်သည့် နယုန်လပြည့်ကျော် ၁၀ ရက်မှ ဝါခေါင်လပြည့်ကျော် ၁၀ ရက်အထိ ငါးဖမ်းခြင်းလုပ်ငန်းကို ရပ်နားထားရကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။ **(ဝ၅၈)**




ရခိုင်ပြည်နယ်အစိုးရအဖွဲ့ မဂ္ဂဇင်းထုတ်ဝေရန်
စာမူများဖိတ်ခေါ်ခြင်း

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ရခိုင်ပြည်နယ်နှစ်လည်မဂ္ဂဇင်း(၂၀၁၅)ကို ထုတ်ဝေရန် မဂ္ဂဇင်းကော်မတီနှင့် စာတည်းအဖွဲ့ကိုဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ ပေးစာ၊ ကာတွန်း(မြန်မာ-ရခိုင်၊ အင်္ဂလိပ်)စာမူများကို (၂၈-၂-၂၀၁၅)ရက်အရောက် အောက်ပါလိပ်စာအတိုင်း ပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

စာမူပေးပို့ရန် လိပ်စာ
ဦးလှသိန်း(စာတည်းမှူးချုပ်)
မဂ္ဂဇင်းထုတ်ဝေရေးကော်မတီ
ရခိုင်ပြည်နယ်ဥပဒေချုပ်ရုံး
စစ်တွေမြို့။
ဖုန်း-၀၄၃-၂၂၇၅၇





SCANIA TOURING

# Congratulations

# အထူးကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်ခြင်း

မြရွှေမန္တလာ အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးမှ

ခရီးစဉ်တစ်လျှောက် ငြိမ့်ညောင်းသက်သာ လုံခြုံစိတ်ချမှုကိုဦးစားပေးပြီး

ဥရောပစံချိန်စံညွှန်းများဖြင့် အာရှတွင် ပထမဦးဆုံးစနစ် **Alcohol Interlock**

(ယာဉ်မောင်းသူမှ အရက်သုံးစွဲထားမှု ရှိ မရှိ စစ်ဆေးပြီးမှ အင်ဂျင်စက်နှိုး၍ရသော စနစ်)

တပ်ဆင်ထုတ်လုပ်ထားသော ဆွီဒင်နိုင်ငံထုတ် **Scania Touring Premium Bus**

အဆင့်မြင့်ကားသစ်ကြီးများဖြင့် (**Business Class and Executive Class** ထိုင်ခုံ ၂ မျိုးလုံး ပါဝင်သည်)

စတင်ပြေးဆွဲခြင်းအတွက် Octagon Automobile And Machinery Services (Scania Exclusive Dealer)မှ

အထူးပင် လှိုက်လှဲစွာဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ...














## ယနေ့မာတိကာ


စားကြွင်းအမှိုက် သင့်ကို"ခိုက်" မမိုက်သင့်တော့ပြီ

စာမျက်နှာ - ၅

ဆေးပညာ သတင်းဆန်းများ(၇၃)

စာမျက်နှာ - ၆

ကျောင်းကျန်းမာရေး လုပ်ငန်းများ အလေးထား အကောင်အထည်ဖော် ဆောင်ရွက်ပေး

စာမျက်နှာ - ၁၀


# ပြည်ထောင်စုတိုင်းရင်းသားကျေးရွာမှ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်

စစည်းရေးသားသူ-သီသီမင်း
ဓာတ်ပုံ-စိမ်းခက်



မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ အတူတကွစုစည်းနေထိုင်သည့် နိုင်ငံဖြစ်ပြီး တိုင်းရင်းသားအသီးသီး၏ ရိုးရာယဉ်ကျေးမှုအလိုက်ကွဲပြားခြားနားသော နှစ်သစ်ကူးပွဲတော်များကို ကျင်းပလေ့ရှိသည်။ ဆင်ယင်ကျင်းပပုံ ကွဲပြားခြားနားသော်လည်း အနှစ်သာရအားဖြင့် နှစ်ဟောင်းမှ အညစ်အကြေးများကို ဆေးကြောပြီး နှစ်သစ်တွင် ပိုမိုကောင်းမွန်သည့် အနာဂတ်ရရှိရန် မျှော်မှန်းချက်များထားရှိကာ ကောင်းမွန်သည့်စိတ်နှလုံးဖြင့် ကျင်းပကြခြင်းဖြစ်သည်။

ကရင်တိုင်းရင်းသားလူမျိုးတို့၏ ပြာသိုလဆန်း ၁ ရက်နေ့တွင် ကျရောက်သော ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကို ကရင်ပြည်နယ်တွင်သာမက ကရင်တိုင်းရင်းသားများ နေထိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတွင်လည်း ကျင်းပကြရာ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် တိုင်းရင်းသားကျေးရွာတွင်လည်း ရန်ကုန်အရှေ့ခြမ်း ကရင်

စာမျက်နှာ ၉ ကော်လံ ၁ သို့

## ATM ငွေထုတ်စက်များမှ ငွေလိမ်လည်ထုတ်ယူသူ နိုင်ငံခြားသားငါးဦးအား ဖမ်းဆီးအရေးယူ

စာမျက်နှာ - ၁၂

# ပို့ကုန်၊သွင်းကုန်ယာဉ်စီးရေ များပြားလာမှုကြောင့် ယာဉ်စစ်ဆေးရေးကွင်း တိုးချဲ့ဆောင်ရွက်

မူဆယ် ဒီဇင်ဘာ ၂၁

မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်တွင် ပို့ကုန်၊သွင်းကုန်ယာဉ်စီးရေများပြားလာမှုကြောင့် ယာဉ်စစ်ဆေးရေးကွင်း ဧရိယာလုံလောက်မှုမရှိတော့သဖြင့် ပို့ကုန်နှင့်သွင်းကုန်ယာဉ်စစ်ဆေးရေးကွင်းတိုးချဲ့ဆောင်ရွက်ပေးသင့်ကြောင်း မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန် ညွှန်ကြားရေးမှူး ဦးတင်ရဲဝင်းက ပြောသည်။

လက်ရှိ ပို့ကုန်၊သွင်းကုန်ယာဉ်စစ်ကွင်းကို ပို့ကုန်ယာဉ်စစ်ဆေးရေးကွင်းထားရှိပြီး သွင်းကုန်စစ်ဆေးရေးကွင်းတစ်ခုကို ကုန်သွယ်ရေးဇုန်အနီးတွင် ဆောင်ရွက်သင့်ကြောင်း ၎င်းက ပြောသည်။

ထို့ပြင် မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်နှင့် မူဆယ်မြို့ကြား ပြည်ထောင်စုလမ်းမကြီးတွင် နေ့စဉ် ယာဉ်ကြောပိတ်ဆို့မှုများကြုံတွေ့နေရခြင်းကြောင့် မြို့ရှောင်လမ်းအသစ်ဖောက်လုပ်ရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကုန်သွယ်မှုပမာဏတိုးတက်လာသည့်အတွက် ကုန်တင်ယာဉ်များ ငါးဆခန့်ပိုမိုများပြားလာသဖြင့် လက်ရှိကုန်စစ်ကွင်း ၄၈ ဒသမ ၅၆ ဧကမှာ ဧရိယာများစွာကျဉ်းကျပ်ခြင်း၊ မူဆယ်ကုန်သွယ်ရေးဇုန်၊ ပြည်ထောင်စုလမ်းမကြီးနှင့် မန်ဝိန်းဂိတ်အထိ မြို့တွင်းယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း ၎င်းကပြောသည်။

"မူဆယ်ကနေ မန်ဝိန်းဂိတ်အထိ လမ်းက ယာဉ်သွားလာမှုများခြင်း၊ မြို့တွင်းယာဉ်ကြောပိတ်ဆို့မှုများခြင်း၊ မြို့အဝင်မှာရှိတဲ့ Asia World ကတ္တားမှာလည်း အချိန်စောင့်ဆိုင်းရတဲ့အတွက် ပိုမိုကြန့်ကြာခြင်း၊ အကွေ့အကောက်ပေါများတဲ့လမ်းဖြစ်ခြင်းနဲ့ ကုန်တင်ယာဉ်တွေ မူဆယ်မြို့အတွင်း ဖြတ်သန်းနေရတဲ့ လမ်းကြောင်းဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။



## ART အကူအညီရရန် လုပ်ဆောင်ပေးမှုကို မြို့နယ်အဆင့်ထိပါဆင်း၍ စီစဉ်ပေးလာ

ရန်ကုန် ဒီဇင်ဘာ ၂၁

HIV ပိုးရှိပြီး ဆေးသောက်သုံးရန်လိုအပ်နေသော လူနာများအတွက် ART ဆေးကုသပေးမှုကို လူနာနှင့် လက်လှမ်းမီစေရန် မြို့နယ်များအထိဆင်း၍ တိုးချဲ့စီစဉ်ပေးထားကြောင်း အမျိုးသားခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့မှ ဆရာဝန်ကြီးတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် ART အကူအညီပေးမှုကို အစိုးရပိုင်းနှင့် INGO အပိုင်းတို့မှ လုပ်ဆောင်လျက်ရှိပြီး ယခင်က ကျန်းမာရေးဝန်ကြီးဌာနအောက်တွင်ရှိသော ဆေးရုံအချို့မှသာ ART ကို ဝန်ဆောင်မှုပေးနေသော်လည်း ထိုမှတစ်ဆင့် ရန်ကုန်အရှေ့ပိုင်းဆေးရုံ၊ ရန်ကုန်အနောက်ပိုင်းဆေးရုံ၊ အင်းစိန်ဆေးရုံ၊ သန်လျင်ဆေးရုံတို့အထိ တိုးချဲ့ဝန်ဆောင်လာခဲ့ရာမှ ခရိုင်ဆေးရုံနှင့်မြို့နယ်အဆင့်များအထိ လုပ်ဆောင်ခဲ့ကြောင်းသိရသည်။

"လူနာက ဆေးရုံတွေဆီကိုလာဖို့ အဆင်မပြေဘူး။ အလှမ်းဝေးတယ်ဆိုရင် မြို့နယ်ကျန်းမာရေးဌာနတွေမှာ ဆေးသွားထုတ်ယူနိုင်ဖို့ စီစဉ်နေတာဖြစ်ပါတယ်"ဟု ၎င်းက ပြောကြားသည်။ ယခင်ကာလက အဆိုပါဆေးဝါးရရှိမှု အခက်အခဲကြောင့် ရောဂါကူးစက်ခံလူနာများအားလုံးကို ဆေးမပေးနိုင်ခဲ့သော အခြေအနေမျိုးမှာ ယခုအခါ လွှမ်းခြုံလုပ်ဆောင်ပေးနိုင်သည့်အပြင် လူနာနေထိုင်ရာအနီးစပ်ဆုံးနေရာမှ အခမဲ့ထုတ်ယူရရှိနိုင်ရန် စီစဉ်ပေးနိုင်ခဲ့သည်။

"အခုဆိုရင် သူတို့လက်လှမ်းမီအောင် မြို့နယ်ကျန်းမာရေးဌာနတွေအထိ ဖြန့်ကြက်နေတယ်။ ဆေးပေးခါနီးမှာ ဆေးမှန်မှန်သောက်ဖို့ ကျန်းမာရေးနဲ့ဆိုင်တဲ့အသိတွေကို

စာမျက်နှာ ၇ ကော်လံ ၃ သို့




## ကျောက်တန်းမြို့၊ ရေလယ်ကျောင်းသမိုင်းဝင် ကျိုက်ခေမ့်ဝန်းရေလယ်စေတီတော်မြတ် (၁၀၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပူဇော်ပွဲတော်

ကျောက်တန်းမြို့၊ ရေလယ်ကျောင်းသမိုင်းဝင် ကျိုက်ခေမ့်ဝန်းရေလယ်စေတီတော်မြတ် (၁၀၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း (၅)ရက်မှ လပြည့်နေ့အထိ၊ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၂)ရက်မှ မတ်လ (၄)ရက်နေ့အထိ (၁၁)ရက်ကျင်းပပါမည်။

[illegible]

## ရေလယ်ကျောင်းသမိုင်းဝင် ကျိုက်ခေမ့်ဝန်းရေလယ်စေတီတော်ဂေါပကအဖွဲ့၏ မေတ္တာရပ်ခံပန်ကြားချက်

[illegible]

### လှူဒါန်းရေး သံဃာ့ အလှူရှင်များ

[illegible]

---

## ရခိုင်ဖွံ့ဖြိုးရေးကော်ပိုရေးရှင်းအများပိုင်ကုမ္ပဏီလီမိတက်

RAKHINE DEVELOPMENT CORPORATION LIMITED (PUBLIC COMPANY)

[illegible]

ရခိုင်ဖွံ့ဖြိုးရေးကော်ပိုရေးရှင်း အများပိုင်ကုမ္ပဏီလီမိတက် (RAKHINE DEVELOPMENT CORPORATION LIMITED) သည် "[illegible] 2nd Annual General Meeting" ကို [illegible]

[illegible]

နေ့ရက် - ၃၀-၁၂-၂၀၁၄ ([illegible])
အချိန် - နေ့လည် (၁)နာရီ
နေရာ - MICT Park Conference Hall [illegible]

ရခိုင်ဖွံ့ဖြိုးရေးကော်ပိုရေးရှင်းအများပိုင်ကုမ္ပဏီလီမိတက် [illegible]

Ph: 01-578237, 09-420090856 Fax: 01-578237

---

## ဦးဝင်းကို

LCCI LEVEL 1&2,3

စာရင်းကိုင်သင်တန်းများ

[illegible]

Tel: 09 550 7139, 09 511 8648

---

## ASIA GREAT LAND Co.,LTD

ငွေလွှင်ချို (အိမ်ခြံမြေအကျိုးဆောင်)

09-421109000,09-421109000,09-450011166,01-566675

[illegible]

---



---

## အမည်ပြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ရွှေပြည်သာရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်းနေ အဖ ဦးအောင်ကြည်၏ သားဖြစ်သူ မောင်လင်းလင်းထွန်းအား မောင်ဥက္ကာမင်းဟု ပြောင်းလဲခေါ်ပါရန်

---

## (N.G.E.S)

[illegible]

- English For Speaking, Listening, Reading & Grammar (Essay, Letter & Story Writing)
- Foundation Course For IELTS
- Starters, Movers & Flyers, KET, PET & FCE - Cambridge ESOL (UK)

[illegible]

09-5079896, 09-5003219, 09-79987610

---

[illegible]

## ကားကွန်ပျူတာစနစ်စစ်ဆေးပြုပြင်သင်တန်း

[illegible]

Call: EDE Engine Doctor
09421144495
09421144496
09421144497

**Engine Doctor Engineering**
No. 102, ground floor, 52nd st., Yangon

[illegible]

---

## Certificate Courses in 2015

**Human Resource Management** [illegible]

**Financial Management** [illegible]

**Warehousing Management** [illegible]

**Marketing Management** [illegible]

VALUESTAR



[illegible]

09-5043080, 09-5260547, 09-450001145, 01-526534, 513326.

# မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ (၂/ခ)ရပ်ကွက်၊ သခင်ဖိုးလှကြီးလမ်း၊ ခြံအမှတ်(၄၃၂)နေ
ဗိုလ်ကြီးစိုးသိန်း(ငြိမ်း)-ဒေါ်စိုးရီတို့၏သား

**မောင်အောင်မျိုးသိန်း**

**B.C.Sc(UCSY)**

**MCSA,IDCS(NCC-UK)**

နှင့်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ ခြံအမှတ်(၄၂)နေ
ဦးဝင်းအောင်(ဒု-အင်ဂျင်နီယာမှူးကြီး-မြို့ပြ-ငြိမ်း)-(ဒေါ်ကြည်လေး)
(အထပြ-ငြိမ်း)တို့၏သမီးလတ်

**မချိုကြည်ကြည်ဇင်**

**B.Com(YIE)**

**DA, DMP(LCCI-UK), CAT(UK), ACCA (Affiliate-UK)**

တို့၏ ၇-၁၂-၂၀၁၄ ရက်တွင် CHATRIUM HOTEL Royal Lake ၌ ကျင်းပသော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ဒေါ်သန်းသန်းလွင်(ဒုတိယညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်)အားလည်းကောင်း၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဦးကျော်စန်း(ပြည်သူ့လွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်၊ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး-ငြိမ်း)နှင့်ဇနီး ဒေါ်ရီအောင်၊ ဗိုလ်ကြီးစိုးရွှေ(ငြိမ်း)နှင့်ဇနီး ဒေါ်သန်းသန်းနုအားလည်းကောင်း၊ ၁၄-၁၂-၂၀၁၄ရက်တွင် မင်းကွန်းတောရကျောင်းတိုက်၌ ပြုလုပ်ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကိုထွန်းလင်း(The Picture Man Studio)အားလည်းကောင်း၊ ၂၁-၁၂-၂၀၁၄ ရက်တွင် CHATRIUM HOTEL Royal Lake (Grand Ballroom)၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းပေးပါသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဝဏ္ဏကျော်ထင် ဦးတင်ငွေနှင့်ဇနီး ဒေါ်ခင်မြချစ်အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်များ ဆင်မြန်းပေးပါသော Myanmar Power Spectrum Co.,Ltd မှ Managing Director ဦးညီညီလွင်နှင့်ဇနီး ဒေါ်သက်သက်မာအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော် တေးသီဆိုပေးပါသော တေးသံရှင် ဒေါ်ရီရီသန့်၊ မင်္ဂလာတေးသံသာများဖြင့် ချီးမြှင့်ပေးပါသော ဒေါ်ရီရီသန့်(မြန်မာမှု တေးဂီတအဖွဲ့)၊ မင်္ဂလာပန်းကြဲပေးပါသော မယဉ်မေဖူး၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးပါသော မအိပွင့်ဖြူစိုး၊ မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးပါသော မသီရိဆု၊ မင်္ဂလာသတို့သားအရံများဖြစ်သော မောင်အောင်မြင်သူနှင့် မောင်ဇွဲပိုင်ထက်၊ မင်္ဂလာသတို့သမီးအရံများဖြစ်သော မယဉ်မင်းဖြိုးနှင့် မခိုင်ဇာသွယ်၊ မင်္ဂလာလက်ဝတ်ရတနာများကို မေတ္တာဖြင့် ဆင်မြန်းပေးပါသော မြမြရတနာမှ အန်တီမြနှင့် မနှင်းပွင့်ဟန်၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသော ဦးမြင့်စိုး(ဗိုလ်ချုပ်ဈေး)၊ မိတ်ကပ်ဆံပင်အလှဆင်ပေးသော မိတ်ကပ်ညီညီမောင်(စမ်းချောင်း)၊ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးပါသော ကိုအေးဇော်မိုး(စက်မှု)နှင့်ဖြိုးမိုးသိခ်စတူဒီယိုအဖွဲ့၊ ပန်းအလှဆင်မြန်းပေးပါသောနီနီ(ပွိုင့်)နှင့် CHATRIUM HOTEL Royal Lakeမှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ တက်ရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများနှင့် မင်္ဂလာပွဲများအား အောင်မြင်စွာ ကျင်းပနိုင်ရန် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲစွာ အထူးကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်အောင်မျိုးသိန်း-မချိုကြည်ကြည်ဇင်**


**Certificate in Advanced Social Research Skills**
**@ WISE College**

ISW IEP

1. Field Research
2. Report Writing
3. Quantitative Research at a glance
4. Qualitative & Quantitative Research
5. Quantitative Research Methodologies
6. Research Design
7. Practicum
8. Program Evaluation

(1) Junction ... Ph:571545, 09-5126882
(2) ... Ph:300917,09-43122884
(3) ... Ph:566592,09-421008133


# သားများအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏ သားများဖြစ်သော ကိုကျင်ငွေ၊ ကိုကြည်မြင့်၊ ကိုမြင့်ငွေတို့(၃)ဦးသည် ဖခင်ဖြစ်သူ၏ဆိုဆုံးမမှုကို မလိုက်နာခြင်း၊ ဖခင်ဖြစ်သူအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ခြင်း၊ ဖခင်ပစ္စည်းကိုပင် အဖေ့ဝေစုမရှိတော့ကြောင်း ပြောဆိုခြင်း၊ ဖခင်ကိုတရားစွဲဆိုမည်ဟု ကြိမ်းမောင်းပြောဆိုခြင်းတို့ကြောင့် ၎င်းသား(၃)ဦးစလုံးအား သားများအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးမောင်ပု[၁၄/ရသယ(နိုင်)၀၁၄၃၈၁]**
**အမှတ်(၆/၁၅၁)၊ ချယ်ရီလမ်း၊**
**အမှတ်(၇)ရပ်ကွက်၊ ချောင်းသာကျေးရွာ၊ ရွှေသောင်ယံမြို့နယ်**

# ရောင်းမည်

မြေနီကုန်း၊ ရှမ်းကုန်းလမ်း၊ (17'x 70')၊ ပထမထပ်၊ 1MBR, 1BR, 4Air-Con အဆင့်မြင့်ပြင်ဆင်ပြီး အဆင့်မြင့်(ကြွေပြား၊ ကျောက်ပြား၊ တံခါး)

**Ph:09-5085889**

(၁၂-၁၂-၂၀၁၄)[illegible]

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

[illegible]

# ရမည်းသင်းမြို့၊ အထက(၁) အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

အမှတ်(၁)၊ အခြေခံပညာအထက်တန်းကျောင်း၊ ရမည်းသင်းမြို့တွင် ၁၉၉၄-၉၅ ပညာသင်နှစ်မှ ၂၀၀၁-၀၂ပညာသင်နှစ်များအတွင်း ဒသမတန်း တက်ရောက်ဖြေဆိုခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများသည် မိမိတို့သူငယ်တန်းမှ ဒသမတန်းအထိ ပညာသင်ကြားခဲ့သော ဆရာ၊ ဆရာမများအားလုံးကို ပထမအကြိမ်မြောက် ပူဇော်ကန်တော့ကြမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါပညာသင်နှစ်များတွင် သင်ကြားပေးခဲ့သော အထက(၁)ရမည်းသင်းမှ ဆရာ၊ ဆရာမကြီးများအား အာစရိယပူဇော်ပွဲသို့ ကြွရောက်၍တပည့်များ၏ ကြည်ညိုလေးမြတ်စွာ ပူဇော်ကန်တော့ခြင်းကို ခံယူပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ ပူဇော်ကန်တော့မည့် ကျောင်းသား၊ ကျောင်းသူဟောင်းများကိုလည်း အာစရိယပူဇော်ပွဲတွင် အတူတကွ ကန်တော့နိုင်ရန်အတွက် တညီတညွတ်တည်း တက်ရောက်ပေးပါရန် ခင်မင်စွာဖိတ်ကြားအပ်ပါသည်။ ရပ်ဝေး၊ ရပ်နီးမှ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသူ၊ ကျောင်းသားဟောင်းများအားလုံးအနေဖြင့် ဖိတ်စာရရှိသည်ဖြစ်စေ၊ ဖိတ်စာမရရှိသည်ဖြစ်စေ ဆရာကန်တော့ပွဲသို့ ကြွရောက်ပေးပါရန်လည်း လေးစားစွာ ပန်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်**

| | | | |
|---|---|---|---|
| ၁။ ကိုကျော်မင်းနိုင် | ၂။ မမြင့်မြင့်ခိုင် | ၃။ မခင်သူဇာ | ၄။ ကိုကျော်နိုင်စိုး |
| ဖုန်း-၀၉-၂၁၇၃၇၄၉ | ဖုန်း-၀၉-၂၁၇၃၈၇၅ | ဖုန်း-၀၉-၄၀၂၅၄၃၂၈၆ | ဖုန်း-၀၉-၂၁၇၃၆၉၂ |
| ၅။ကိုညီညီလွင် | ၆။ မနှင်းစန္ဒာအောင် | ၇။ ကိုဥက္ကါကျော် | |
| ဖုန်း-၀၉-၂၁၇၄၁၁၃ | ဖုန်း-၀၉-၂၅၄၂၂၂၈၈၀ | ဖုန်း-၀၉-၉၇၃၁၂၆၃၈၈ | |

ငွေစာရင်းအမှတ် 0711220003152 ကမ္ဘောဇဘဏ်၊ ရမည်းသင်းသို့လည်း တိုက်ရိုက်လှူဒါန်းနိုင်ပါသည်။

ပူဇော်ပွဲနေ့ရက် - ၂၅-၁-၂၀၁၅ရက် (တနင်္ဂနွေနေ့)
ပူဇော်ပွဲနေရာ - အထက(၁)၊ ရမည်းသင်း

**အထက(၁)၊ ရမည်းသင်း အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**


**အရှိ SEVEN စံ**

**မြေကွက်ရောင်းဝယ်ရေး**

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား? SEVEN စံနဲ့ ဆက်သွယ်လိုက်ပါ။ အိမ်အရောက်ငွေပေးချေသည်။

* ပွဲခလုံးဝမယူပါ *

**ဖုန်း-၀၁-၂၀၅၇၄၈၊**
**၀၉-၃၃၃၃၃၅၁၄၊ ၀၉-၃၁၉၅၈၉၅၈**

Ph- 0973151672, 0973434343, 0973054542


# ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအေးကို[၁/မကန(နိုင်)၀၅၁၈၁၀]ကိုင်ဆောင်သူပိုင်ဆိုင်သော ကားဓာတ်ပုံ စာရွက်စာတမ်း (၄)ရွက်မူရင်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၃၀၀၆၇၃၃**

**စာအုပ်စာပေလှူမှိတ်ဆွေ**

## ဖြူးဆရာတော်တပည့် မြိုင်ဆရာတော်
## ဂျပန်နိုင်ငံ ပြည်ပခရီးကြွရောက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ(၁)လမ်း၊ မြိုင်မဟာစည်သာသနာ့ရိပ်သာ ပဓာနနာယက၊ မြိုင်ဆရာတော် အရှင်ပညာဇောတ (ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ နယ်လှည့်ဓမ္မကထိက)အရှင်သူမြတ်သည် ဂျပန်နိုင်ငံ GUNMA KEN မြို့နေ MR, SUDA YOSHI TOSHI (AC Company)၏ ပင့်လျှောက်ချက်အရ ဒီဇင်ဘာလ ၂၀ ရက်မှ ၃၁ ရက်ထိ ဂျပန်နိုင်ငံသို့ ပြည်ပခရီး ကြွရောက်တော်မူမည် ဖြစ်ပါသည်။

**ဖြူးဆရာတော်တပည့် မြိုင်ဆရာတော်တရားပွဲ**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၅ ရပ်ကွက်၊ မြင်သာ(၁)လမ်း၊ မြိုင်မဟာစည်သာသနာ့ရိပ်သာ ပဓာနနာယက၊ မြိုင်ဆရာတော် အရှင်ပညာဇောတ (ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ နယ်လှည့်ဓမ္မကထိက)အရှင်သူမြတ်သည် ဒီဇင်ဘာ ၁၇ရက်တွင် မြောက်ဥက္ကလာပမြို့နယ်၊ ပြည့်စုံအေး မဟာစည်ရိပ်သာ၊ ဓမ္မသဘင်၊ ၁၈ရက်တွင် သာကေတမြို့နယ်၊ ဇမ္ဗူသီရိအရှေ့(၁)လမ်း၊ ဓမ္မသဘင်၊ ဒီဇင်ဘာ ၂၀ရက်မှ ၃၁ရက်အထိ ဂျပန်နိုင်ငံ ပြည်ပခရီးစဉ် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁ရက်တွင် မန္တလေးမြို့၊ မြောက်ပြင်ရပ်၊ သန္တိသုခဓမ္မာရုံဓမ္မသဘင်၊ ၃ ရက်တွင် သန်လျင်မြို့၊ ဗိုလ်ချုပ်ရွာသစ်၊ ဓမ္မသဘင်နှင့် ၅ရက်တွင် ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့၊ ဝိနည်းစာပြန်ပွဲ ဓမ္မသဘင်တို့၌ ညစဉ်(၇)နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည် ဖြစ်ပါသည်။

## (၃၀)ကြိမ်မြောက် ယခင်အစိုးရအထက်တန်းကျောင်း အထက(၁)မော်လမြိုင်ကျွန်းမြို့ မြတ်ဆရာပူဇော်ပွဲ

အထက(၁) မော်လမြိုင်ကျွန်း ကျောင်းသား/သူဟောင်းများ၏ (၃၀)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ ၂၇ရက် (စနေနေ့) ညနေ ၅နာရီ မော်လမြိုင်ကျွန်းမြို့၊ အထက(၁) ကျောင်းရင်ပြင်တွင် ကျင်းပမည်ဖြစ်သောကြောင့် အသက်(၆၀)ပြည့် ပူဇော်ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများ ကြွရောက်ချီးမြှင့်ကြပါရန်နှင့် ကျောင်းသား/ကျောင်းသူဟောင်းများလည်း တက်ရောက်ပူဇော်ကြပါရန် ကျင်းပရေးကော်မတီမှ လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**အလှူငွေထည့်ဝင်လိုသူများ**

၁။ ဦးစံသိန်း(နာယက) ဖုန်း-၀၉-၂၅၂၆၃၀၅၂၅ (မော်ကျွန်းမြို့)
၂။ ဦးချိုဝင်း ဖုန်း-၀၉-၇၃၀၉၆၅၆၆ (ရန်ကုန်)
၃။ ဦးသောင်းဦး(ဥက္ကဋ္ဌ) ဖုန်း-၀၉-၃၁၀၉၈၅၈၆ (မော်ကျွန်း)
၄။ ဦးထွန်းလွင်(ဒုဥက္ကဋ္ဌ) ဖုန်း-၀၉-၄၂၂၄၈၉၂၀၈ (မော်ကျွန်း)

**မော်ကျွန်းကမ္ဘောဇဘဏ် ငွေစာရင်းအမှတ်-၁၄၉၁၂၂၀၀၀၁၂၆၈ သို့လည်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။**

## မင်္ဂလာဗျူဟာအသင်းချုပ်
## (၃၇)ကြိမ်မြောက် ဝိပဿနာတရားစခန်း

မင်္ဂလာဗျူဟာအသင်းချုပ်၏ (၃၇)ကြိမ်မြောက် ဝိပဿနာတရားစခန်းကို အနာဂါမ်ဆရာသက်ကြီး ဝိပဿနာတရား ရှုမှတ်နည်းဖြင့် ၃၁-၁၂-၂၀၁၄ ရက် ညနေ ၆ နာရီမှ ၈-၁-၂၀၁၅ ရက် နံနက် ၆နာရီအထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ကြိုတင်စာရင်းပေးသွင်းနိုင်ကြပါသည်။ ဆွမ်း၊ အချိုပွဲ၊ နဝကမ္မအလှူငွေများ အချိန်မနှောင်းမီ လှူဒါန်းနိုင်ပါသည်။

**ဝိပဿနာတရားစခန်းကျင်းပရေးအဖွဲ့**
**အာဇာနည်လမ်း၊ ဗဟန်း**
**ဖုန်း-၀၁-၃၇၀၉၅၈၊ ၀၉-၂၅၄၁၈၉၃၄၇**

## (၂၅)နှစ်ပြည့် ငွေရတုအာစရိယဂုဏပူဇာသဘင် ဖိတ်ကြားလွှာ

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြစေတီပရိယတ္တိစာသင်တိုက်ကြီး၌ နှစ်စဉ် အစဉ်အလာမပျက် ပြုလုပ်ကျင်းပလာခဲ့သော အာစရိယဂုဏပူဇာသဘင်သည် (၂၅)နှစ်ပြည့် ငွေရတုအခါသမယသို့ ရောက်ရှိလာခဲ့ပြီဖြစ်ပါ၍ (၁၃၇၆ခုနှစ်၊ ပြာသိုလပြည့်) ၄-၁-၂၀၁၅ရက် (တနင်္ဂနွေနေ့)၌ ဂုဏပူဇာသဘင်ကို စည်ကားသိုက်မြိုက်စွာ ပြုလုပ်ကျင်းပကြမည် ဖြစ်ပါသည်။

မြစေတီစာသင်တိုက်၌ စာဝါပို့ချပေးခဲ့ဖူးသော စာချဆရာတော်များ ငွေရတုအာစရိယပူဇော်ပွဲသို့ အပူဇော်ခံ ကြွရောက်တော်မူကြပါရန်နှင့် ရပ်နီးရပ်ဝေးမှ မြစေတီနွယ်ဖွားတပည့် သံဃာတော်များ၊ သီလရှင် ဆရာကြီး ဆရာလေးများ၊ ဒါယကာ-ဒါယိကာမများသည်လည်း ငွေရတုအာစရိယပူဇော်ပွဲသို့ တက်ရောက်ကြည်ညိုကုသိုလ်ယူကြပါရန် လေးမြတ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ငွေရတုအာစရိယဂုဏပူဇာသဘင်ဖြစ်မြောက်ရေးကော်မတီ**
**မြစေတီစာသင်တိုက်၊ မော်လမြိုင်မြို့**

**ဆက်သွယ်ရန်**

| | |
|---|---|
| **မြစေတီတိုက်အုပ်ဆရာတော်** | ဖုန်း-၀၅၇-၂၆၇၃၉၊ ၀၉-၄၂၅၂၉၂၁၁၅ |
| **ဦးသဒ္ဒမ္မ(မြ-နန်းဆရာတော်)** | ဖုန်း-၀၉-၈၇၂၀၄၈၇ |
| **ဦးဝိဇ္ဇာနန္ဒ(စာချ-မြစေတီ)** | ဖုန်း-၀၉-၄၂၂၅၂၇၀၂၃ |

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၆)၊ အင်ဂျန်ဒို၊ နဝမတန်း(B)မှ မရှင်းဘူ၏ ဖခင်အမည်မှန်မှာ ဦးဇာမဲခင်ဖြစ်ပါသည်။


GL
Dec 24,31
Dec 24,31
Dec 31
Dec 24,26

Car Rental

Travel Palace
3N4D 95000
4N5D 140000
3N4D 120000
Dec 24th, 31th

အမြန်ရောင်းမည်

SILICON TECHNOLOGIES MYANMAR LIMITED
Part-time
Internet
Basic Computer